# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၉ ခုနှစ်၊ တပေါင်းလကွယ်နေ့ ၂၀၁၈ ခုနှစ်၊ မတ် ၁၆ ရက်၊ သောကြာနေ့ အတွဲ (၅၇)၊ အမှတ် (၁၆၇)


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

**ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၈)**

# ဒုတိယသမ္မတ ဦးမြင့်ဆွေ ရာဘတ်မြို့ရှိ ဒုတိယမြောက်ဘုရင် ဟာစန်၏ပြတိုက် ကြည့်ရှုလေ့လာ

**ဒတ်ခါလ် မတ် ၁၅**

မော်ရိုကိုနိုင်ငံ၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် မော်တော်ယာဉ်များဖြင့် ကာဆာဘလန်ကာမြို့မှ မော်ရိုကိုနိုင်ငံ၏ မြို့တော် ရာဘတ်မြို့သို့ သွားရောက်ကာ ဒုတိယမြောက်ဘုရင် ဟာစန်၏ ပြတိုက်အား ကြည့်ရှုလေ့လာသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ညပိုင်းတွင် ကာဆာဘလန်ကာမြို့မှ တစ်ဆင့် လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ကြရာ Dakhla မြို့သို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတအား Dakhla ပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Lamine Benomar နှင့် တာဝန်ရှိသူများက Dakhla အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် Dakhla အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး Crans Montana Forum on Africa and South-South Cooperation အစည်းအဝေး ဒုတိယပိုင်း ကျင်းပမည့် Rhapsody သင်္ဘောပေါ်ရှိ Bateau ဟိုတယ်၌ ညအိပ်ရပ်နားကြသည်။ **သတင်းစဉ်**



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်အဖွဲ့ မော်ရိုကိုနိုင်ငံ၏မြို့တော် ရာဘတ်မြို့ရှိ ဒုတိယမြောက်ဘုရင် ဟာစန်၏ပြတိုက်အား သွားရောက်ကြည့်ရှုလေ့လာစဉ်။ သတင်းစဉ်

# ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရေထွက်ပစ္စည်းတန်ချိန် ငါးသိန်းကျော်တင်ပို့ခဲ့ရာ နှစ်ပေါင်း ၂၀ အတွင်း အများဆုံးတင်ပို့နိုင်ခြင်းဖြစ်ပြီး တန်ဖိုး ဒေါ်လာ သန်း ၇၀၀ ရရှိမည်

**နေပြည်တော် မတ် ၁၅**

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မကုန်မီ မတ် ၁၁ ရက်အထိ ပြည်ပနိုင်ငံများသို့ ရေထွက်ပစ္စည်းတင်ပို့နိုင်ခဲ့မှုမှာ ၅၂၂၃၀၀ ဒသမ ၂၆၁ တန် ဖြစ်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သန်းပေါင်း ၆၆၂ ဒသမ ၉၇၃ ရရှိကြောင်း၊ ဘဏ္ဍာရေးနှစ် ကုန်တွင် ရေထွက်ပစ္စည်း ပြည်ပတင်ပို့နိုင်မှုမှ အမေရိကန်ဒေါ်လာ သန်းပေါင်း ၇၀၀ ရရှိနိုင်မည်ဟု ခန့်မှန်းပြီး နှစ်ပေါင်း ၂၀ အတွင်း ရေထွက်ပစ္စည်းတင်ပို့နိုင်မှု အများဆုံးတန်ချိန်နှင့် တန်ဖိုးဖြစ်လာမည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ပြည်ပနိုင်ငံများသို့ ရေထွက်ပစ္စည်းများ တင်ပို့ဆောင်ရွက်ခဲ့ရာတွင် စာရင်းမှတ်တမ်းများအရ ၁၉၉၇-၁၉၉၈ ဘဏ္ဍာရေးနှစ်တွင် တင်ပို့သည့်တန်ချိန် ၇၄၁၇၉ ဒသမ ၉ မက်ထရစ်တန်မှ အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၆၇ ဒသမ ၀၉ ရရှိခဲ့ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် တန်ချိန်အားဖြင့်

*စာမျက်နှာ ၃ ကော်လံ ၅* ◆



## အပူချိန်များမြင့်တက်၍ မိုးတိမ်တောင်များဖြစ်ပေါ် လေပြင်းတိုက်၊ မိုးကြိုးပစ်၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းဖြစ်ပေါ်နိုင်

**နေပြည်တော် မတ် ၁၅**

မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကာလဖြစ်သည့် မတ်လနှင့် ဧပြီလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပုံ့တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ၊ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်နိုင်ပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်၊ ရေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်ပါသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် နွေကာလဖြစ်သည့် မတ်လနှင့် ဧပြီလများအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များအား အထူးဂရုပြုနေထိုင်သွားကြပါရန် ကြိုတင်သတိပေး နှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**




မြန်မာ့အလင်း

## ငြိမ်းချမ်းသော လုပ်ငန်းစဉ်တို့၏ အသီးအပွင့်

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်စိစစ်လက်ခံနိုင်ရေးအတွက် မြန်မာနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အကျေအလည်ညှိနှိုင်းဆွေးနွေး သဘောတူညီချက် ရရှိပြီးဖြစ်ပါသည်။ နှစ်နိုင်ငံကြားသဘောတူထားသည့် စိစစ်ရေးပုံစံ Form နှင့်အညီ မြန်မာနိုင်ငံသည် ဟိန္ဒူဘာသာဝင် ၅၀၈ ဦး နှင့် အစ္စလာမ်ဘာသာဝင် ၇၅၀ အပါအဝင် အမည်စာရင်း ၁၂၅၀ ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပေးပို့ပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံမှ ပြန်လည်စိစစ်လက်ခံနိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လူပေါင်း၈၀၃၂ ဦး၏ အမည်စာရင်းကို ပေးပို့ခဲ့သော်လည်း နှစ်နိုင်ငံကြားသဘောတူထားသည့် စိစစ်ရေးပုံစံ **Form** နှင့်အညီ ပေးပို့ခြင်းမဟုတ်သည်ကို တွေ့ရှိရပါသည်။ ဤကိစ္စရပ်၌ နှစ်နိုင်ငံကြား သဘောတူထားသည့် စိစစ်ရေးပုံစံ **Form** နှင့်အညီ ဆောင်ရွက်ရန်မှာ ရှင်းလင်းရန်မလိုသော မဖြစ်မနေလိုက်နာရမည့် လုပ်ထုံးလုပ်နည်း ဖြစ်ပါသည်။ နှစ်နိုင်ငံသဘောတူညီချက်နှင့်အညီ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်စိစစ်လက်ခံနိုင်ရေးအတွက် မြန်မာနိုင်ငံသည် လိုအပ်ချက်အရပ်ရပ်ကို ပြင်ဆင်ဆောင်ရွက်ပြီးဖြစ်၍ ပြန်လည်လက်ခံရန် အဆင်သင့်ဖြစ်နေပြီ ဖြစ်ပါသည်။

မြန်မာနိုင်ငံသည်ရခိုင်ပြည်နယ်မှနေရပ်စွန့်ခွာသူများအား ပြန်လည်စိစစ်လက်ခံမည်သာမက ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း **(UEHRD)** ကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ရန်လည်း စီစဉ်ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။ ရခိုင်ပြည်နယ်ရှိ လူ့အဖွဲ့အစည်းအားလုံး၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် **UNHCR** နှင့် **UNDP** တို့၏ ကမ်းလှမ်းချက်တို့ကို သုံးသပ်လျက်ရှိသကဲ့သို့ **WFP** ၏ လုပ်ငန်းများကို ခွင့်ပြုပေးလျက်ရှိပါသည်။ လက်ရှိ၌လည်း **Red Cross Movement , AHA Centre , Philippiness Red Cross, Thai Red Cross Societies** နှင့် ဒေသခံလုပ်အားပေးများမှတစ်ဆင့် လူသားချင်းစာနာထောက်ထားမှု အကူအညီတို့ကို ပေးအပ်လျက်ရှိပါသည်။ မောင်တောမြို့နယ်အတွင်း၌ မိုးစပါးစိုက်ကေ တစ်သောင်းအား သက်ဆိုင်ရာဌာနတို့က ထယ်တစ်လှ၊ ထွန်နှစ်လှနှုန်း ထွန်ယက်ပေးသွားမည်ဖြစ်ပါသည်။

ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သော ကိစ္စရပ်တို့နှင့်စပ်လျဉ်း၍ စစ်တွေ၊ ပေါက်တော၊ ကျောက်တော်၊ မြေပုံ၊ ကျောက်ဖြူ စုစုပေါင်း **IDP** စခန်း ၁၉ ခုဖွင့်လှစ်ခဲ့သည့်အနက် နှစ်အလိုက် **IDP** စခန်းများ ဖျက်သိမ်းလျက် မူလအနေအထားမျိုးသို့ ပြောင်းရွှေ့ပေးနိုင်ခဲ့သည့်အတွက် စစ်တွေမြို့နယ်နှင့် ကျောက်ဖြူမြို့နယ် နှစ်နေရာ၌သာ **IDP** စခန်းတို့ ကျန်ရှိပါတော့သည်။ လက်ရှိ ရခိုင်ပြည်နယ်၏ ပြဿနာသည် **ARSA** အစွန်းရောက်အကြမ်းဖက်အဖွဲ့က လုံခြုံရေးစခန်း ၃၀ အား တစ်ပြိုင်တည်းဝင်ရောက်တိုက်ခိုက်ရာမှ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပါသည်။ ဤအချက်က **ARSA** အစွန်းရောက်အကြမ်းဖက်အဖွဲ့သည် စနစ်တကျစစ်ရေးလေ့ကျင့်သင်ကြားမှု ရရှိထားသော အဖွဲ့ဖြစ်သည်ကို ညွှန်ပြနေပါသည်။ သွေးထိုးလှုံ့ဆော်မှုခံထားရသည့် ကိုးကွယ်ယုံကြည်ရာ ဘာသာမတူညီသော လူ့အသိုင်းအဝန်းအတွင်း ဆောင်ရွက်ရသော စစ်ဆင်ရေး၏သိမ်မွေ့ခက်ခဲမှုကို မှန်းဆကြည့်နိုင်ပါ သည်။ သို့သော် နိုင်ငံ၏တာဝန်ရှိပုဂ္ဂိုလ်တို့က နိုင်ငံတကာစံချိန်စံညွှန်းများအပါအဝင် ဥပဒေနှင့်အညီ ဆောင်ရွက်သည်မှာ တပ်မတော်မှ တိုင်းမှူးတစ်ဦး၊ အရာရှိလေးဦး၊ ရဲတပ်ဖွဲ့မှ ရဲမှူးချုပ်တစ်ဦးနှင့် တပ်ဖွဲ့ဝင်နှစ်ဦးတို့အား အရေးယူထားသည်ကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်ပါသည်။

နိုင်ငံတော်၏ရပ်တည်ချက်သည် ရခိုင်ပြည်နယ်၌ လူမျိုးသုဉ်းသတ်ဖြတ်မှုမရှိ၊ ပြန်လည်ရောက်ရှိလာမည့် နေရပ်စွန့်ခွာသူတို့၏ လုံခြုံရေးကို အာမခံချက် မပေးနိုင်သော အနေအထားမရှိ၊ နိုင်ငံတကာအသိုင်းအဝိုင်းက မတူကွဲပြားသော လူ့အသိုင်းအဝိုင်းနှစ်ရပ်အကြား ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်နိုင်ရေးနှင့် **ARSA** အစွန်းရောက်အကြမ်းဖက်အဖွဲ့၏ ဘေးအန္တရာယ်တို့မှ ကာကွယ်နိုင်ရေးတို့ကိုသာ ပံ့ပိုးကူညီဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိသော ဝါဒဖြန့်မှိုင်းတိုက်မှုကြောင့် ရခိုင်ပြည်နယ်၌ ဆိုးရွားသောကိစ္စရပ်တို့ ဖြစ်ပွားခဲ့သည်ဟု ကုလသမဂ္ဂမှ ထင်မှတ်မှားခြင်းဖြစ်ခဲ့လျှင်တောင်မှ **R2P** ကဲ့သို့သော စစ်ရေးအရ အရေးယူရမည်။ (လက်တွေ့၌လည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံအပေါ် **R2P** ကို ဆောင်ရွက်နိုင်သော အနေအထားမရှိ )ဟူသော ပြောဆိုမှုတို့ကို ယတိပြတ်ငြင်းပယ်ရမည် ဖြစ်ပါသည်။ လစ်ဗျားနှင့် အီရတ်ကဲ့သို့သော နိုင်ငံတို့၏အနေအထားကို သုံးသပ်ပါက စစ်ရေးအရ ဖြေရှင်းမှုသည် မတူကွဲပြားသော လူ့အသိုင်းအဝိုင်းနှစ်ရပ်၏ ပဋိပက္ခတို့ကို မဖြေရှင်းနိုင်သည်သာမက ပို၍ပို၍ ဆိုးရွားစေသည့်အပြင် ပြည်သူတို့အား ကြေကွဲဖွယ်ရာ ဆင်းရဲဒုက္ခတို့ကိုသာ ဖြစ်ပေါ်စေခဲ့ပါသည်။ သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်အရေး ကိုင်တွယ်ဖြေရှင်းနိုင်ရေးသည် လူ့အခွင့်အရေးရရှိခံစားရေးနှင့်အတူ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်လုံခြုံရေးတို့ပါ ဖြစ်ပေါ်နိုင်ရေးအတွက် တစ်ဆင့်ပြီးတစ်ဆင့် ညှိနှိုင်းလက်တွဲဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း လေးနက်စွာတင်ပြအပ်ပါသည်။ ။

## ၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ Website ၌ ကြည့်ရှုနိုင်

**နေပြည်တော် မတ် ၁၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ မဏ္ဍပ်ဆောက်လုပ်ခွင့် လျှောက်ထားသူများအနေဖြင့် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများနှင့် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးများတွင် လျှောက်လွှာပုံစံများအား မတ် ၁၆ ရက်မှ စတင်၍ အခမဲ့ရယူပြီး စတင်လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကာလတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ ကျင်းပမည့် သင်္ကြန်ရေပက်ခံမဏ္ဍပ်များ၊ စတုဒိသာမဏ္ဍပ်များ၊ မဏ္ဍပ်ခွင့်ပြုမည့် လမ်းကြောင်းများနှင့် သင်္ကြန်ပွဲတော်အတွင်း စည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၏ Website www.yangon.gov.mm နှင့် Facebook Page Yangon Region Government တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မတ် ၁၅**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်တို့မှ ပြည်တွင်း ပုဂ္ဂလိကဘဏ်ဥက္ကဋ္ဌများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဇမ္ဗူသီရိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အဆိုပါ အစည်းအဝေး၌ မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားသော စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်ပတ်သက်၍ ဆောင်ရွက်ရန် ကိစ္စရပ်များ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပုဂ္ဂလိကဘဏ်များ ဆက်လက်ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သင်္ကြန်ကာလ မန္တလေးမှထွက်ခွာမည့် ယာဉ်လိုင်းများ ပုံမှန်လက်မှတ်နှုန်းထားထက် ပိုမိုတောင်းခံပါက ဒဏ်ငွေဆောင်ရမည်

**မန္တလေး မတ် ၁၅**

၂၀၁၈ ခုနှစ် သင်္ကြန်ပွဲတော်ရုံးပိတ်ရက်ကာလအတွင်း မန္တလေးမြို့မှ ပြေးဆွဲကြမည့် ယာဉ်လိုင်းများအနေဖြင့် ပုံမှန်လက်မှတ်နှုန်းထားထက် ပိုမိုတောင်းခံပါက ဒဏ်ငွေကျပ်ငါးသောင်းပေးဆောင်ရမည်ဖြစ်ကြောင်းနှင့် ထွက်ခွာပြေးဆွဲမည့် ယာဉ်လိုင်းအသီးသီးမှ ထိုင်ခုံ ငါးနေရာစီ ကြိုတင်စီစဉ်ထားရှိရမည် ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ယာဉ်လုပ်ငန်းများ ကြီးကြပ်မှုကော်မတီ(ယကက-အဝေးပြေး)ဥက္ကဋ္ဌ ဦးအောင်ကျော်လင်းက ပြောသည်။

"သင်္ကြန်တွင်းမှာ နားကြတဲ့ ယာဉ်လိုင်းတွေရှိသလို ပြေးဆွဲကြတဲ့ ယာဉ်လိုင်းတွေလည်း ရှိတယ်၊ ဘယ်အသင်းနားမလဲဆိုတာနဲ့ ကားလက်မှတ် ပုံမှန်ထက်ပိုမယူဖို့ အသိပေးထားပြီး မဖြစ်မနေ ခရီးသွားရမယ့်သူတွေအတွက် ထိုင်ခုံတွေ ချန်ထားခိုင်းတယ်၊ ဒါကလည်း မေတ္တာရပ်ခံတာဖြစ်လို့ အသင်းတွေက လိုက်နာကြပါတယ်"ဟု ၎င်းက ပြောသည်။

၂၀၁၈ ခုနှစ် ဧပြီ ၁၂ ရက်မှ ၁၈ ရက်နေ့အတွင်း မန္တလေးမှ ရန်ကုန်၊ နေပြည်တော်၊ ပြည်၊ တောင်ကြီး၊ ပုဂံ ညောင်ဦးစသည့် ခရီးစဉ်များအပြင် အခြားခရီးစဉ်များသို့ ပြေးဆွဲမည့် ယာဉ်လိုင်းများသည် ယာဉ်စီးခနှုန်းထား ပိုမိုတောင်းခံခြင်းမပြုရန်နှင့် စည်းကမ်းနှင့်အညီ ပြေးဆွဲကြရန် ယာဉ်လုပ်ငန်းများ ကြီးကြပ်မှုကော်မတီ (အဝေးပြေး)မှ အကြောင်းကြားစာပို့ထားကြောင်း သိရသည်။

ယာဉ်လိုင်းအသင်းများမှ ယာဉ်ထွက်ခွာချိန်မတိုင်မီ ၃ နာရီအထိသာ ထိုင်ခုံ ငါးနေရာ ချန်ထားရမည်ဖြစ်ပြီး ၎င်းအချိန်ထက်ကျော်လွန်ပါက သက်ဆိုင်ရာယာဉ်အသင်းအစီအစဉ်ဖြင့် ရောင်းချပေးနိုင်ကြောင်း၊ ပုံမှန်ယာဉ်စီးခနှုန်းထားထက် ပိုမိုတောင်းခံသည်ဟု ခရီးသည်များတိုင်ကြားမှုရှိလာပါက စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၅-၃-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၃၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၉၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၇၉၅/၈၀၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၆၅/၇၇၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၁၅/၈၂၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၁၀/၈၃၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၇ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၅၅ ·၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၂၁ ·၀ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၆၂ ·၇ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၉၃၅ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၆၂ |
| တရုတ် | တစ်ယွမ် | ၂၁၁ ·၆၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၂ ·၁၆ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁၅**

၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်၊ နိုင်ငံတကာစီးပွားရေးပညာရှင်များဖြစ်သည့် Dr.Robert Conrad နှင့် Dr. Sean Turnell၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီမှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဝင်များ၊ ယင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ် ၂၃ ဦးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် မတ် ၁၅**

၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဝဲပုံ)**

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီမှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဝင်များ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ယင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များမှ ခုနစ်ဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ လုပ်ငန်းရှင်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# နှစ်နိုင်ငံဆက်ဆံရေး၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် ဥပဒေရေးရာကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာဆွေးနွေး

**နေပြည်တော် မတ် ၁၅**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E. Mr. Scot Marciel အား ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**အမြင်ချင်းဖလှယ် ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် ဥပဒေရေးရာကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မူးယစ်ဆေးဝါးပြဿနာ လျော့ကျစေရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် မတ် ၁၅**

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ မတ် ၁၂ ရက်မှ ၁၆ ရက်အထိ ကျင်းပလျက်ရှိသော မူးယစ်ဆေးဝါးကော်မရှင်အစည်းအဝေးသို့တက်ရောက် အမှာစကားပြောကြားသည်။



ဒုတိယဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးပြဿနာအား ထိန်းချုပ်နိုင်ရေး အခြားနိုင်ငံများနည်းတူ တက်ကြွစွာ ပူးပေါင်းပါဝင်လျက်ရှိပါကြောင်း၊ ၂၀၁၆ ခုနှစ်၌ ကျင်းပခဲ့သော ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ အစည်းအဝေး၏ လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒတစ်ခုကို ရေးဆွဲအတည်ပြုခဲ့ကြပြီး ဖြစ်ပါကြောင်း၊ အလားတူ မူဝါဒအကောင်အထည်ဖော်ဆောင်ရာ၌ ထိရောက်သော လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန်အတွက် မူးယစ်ဆေးဝါးဥပဒေကိုလည်း ပြင်ဆင်ပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း၊ မူဝါဒနှင့် ဥပဒေဆိုင်ရာ ပြောင်းလဲတိုးတက်မှုသာမက လုပ်ငန်းစဉ်များ ဆောင်ရွက်မှုအပိုင်း၌လည်းတိုးတက်အောင်မြင်မှုများ ရှိခဲ့ပါကြောင်း။

၂၀၁၇ ခုနှစ်တွင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုမှာ သိသိသာသာ ကျဆင်းခဲ့ပါကြောင်း၊ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများကိုလည်း တိုးမြှင့်ဖမ်းဆီးနိုင်ခဲ့ပါကြောင်း၊ သို့သော်လည်း စိန်ခေါ်မှုများ ရှိနေသေးပါကြောင်း၊ ယင်းစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းများ၏ ပံ့ပိုးမှုတို့သည် အရေးကြီးသော ကဏ္ဍတစ်ခုဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးပြဿနာ လျော့ကျစေရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ယင်းကော်မရှင် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မတ် ၁၆ ရက်အထိ တက်ရောက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

◆ ***ရှေ့ဖုံးမှ***

၃၈၆၉၈၁ ဒသမ ၃၂၄ မက်ထရစ်တန်နှင့် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာသန်းပေါင်း ၆၅၃ ဒသမ ၈၅ ရှိခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများအား ပြည်ပနိုင်ငံများသို့ ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေးအတွက် သက်ဆိုင်ရာ ကုန်ပစ္စည်းဝယ်ယူသည့် နိုင်ငံများ၏ လိုအပ်ချက်၊ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လွန်ခဲ့သည့် ၁၀ နှစ်ကျော်ကာလဖြစ်သည့် ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံမှ ရေထွက်ပစ္စည်းတင်ပို့သည့် နိုင်ငံပေါင်း ၃၀ ခန့်သာရှိခဲ့ပြီး ယခုအခါ အီးယူနိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၄၀ ကျော်သို့ တိုးချဲ့တင်ပို့လျက်ရှိကြောင်း သိရသည်။

ဈေးကွက်ကျယ်ပြန့်ပြီး ဈေးနှုန်းပိုမိုရရှိသော အီးယူဈေးကွက်သို့ မြန်မာနိုင်ငံမှ မွေးမြူရေးရေထွက်ပစ္စည်းများ တိုးချဲ့တင်ပို့နိုင်ရေးအတွက် ၂၀၁၄ ခုနှစ်မှစ၍ မွေးမြူရေးငါးများတွင် ဓာတုဓာတ်ကြွင်းများ ကင်းစင်စေရန် ငါးများအား နမူနာကောက်ယူ၍ ဓာတ်ခွဲစစ်ဆေးခြင်းများ လစဉ်ဆောင်ရွက်ပေးပြီး အီးယူ၏ ကျန်းမာရေးနှင့် အစားအသောက် ဘေးကင်းလုံခြုံမှုဌာနသို့ ဆောင်ရွက်မည့် အစီအမံများနှင့် တိုးတက်မှုများအား နှစ်စဉ်ပေးပို့ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ငါးလုပ်ငန်းဦးစီးဌာနသည် ရေထွက်ပစ္စည်းတင်ပို့နေသော ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ ပြုပြင်ထုတ်လုပ်သည့် အအေးခန်း စက်ရုံလုပ်ငန်းရှင်များ၊ ငါး/ပုစွန် မွေးမြူရေးလုပ်ငန်းရှင်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြန်မာ့အလင်း**

✻ ကျော်ဖုံးမှ

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် အင်းလေးဟိုတယ်ဇုန် ရှင်းလင်းဆောင်၌ ကျင်းပသည့် ရှမ်းပြည်နယ် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးမှုအခြေအနေနှင့် အင်းလေးဟိုတယ်ဇုန်အကြောင်း ရှင်းလင်းပွဲအခမ်းအနားသို့ ရောက်ရှိရာ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်က ရှမ်းပြည်နယ်အတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် ကဏ္ဍအလိုက် ဆောင်ရွက်နေမှုအခြေအနေ၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာနရုံးများ ဖွင့်လှစ်ထားရှိမှု အခြေအနေ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း လိုင်စင်ဆောင်ရွက်ပေးခဲ့မှု အခြေအနေ၊ နှစ်အလိုက် တိုးတက်လာသော ဟိုတယ်များ အခြေအနေ၊ ပြည်တွင်း၊ ပြည်ပ ခရီးသွား ဧည့်သည်ဝင်ရောက်မှု အခြေအနေများနှင့် အင်းလေးဟိုတယ်ဇုန် လက်ရှိဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အင်းလေးဟိုတယ်ဇုန် လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းကြရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရည်မွန်၊ ပြည်နယ်ဝန်ကြီး ဦးစိုးညွှန့်လွင်နှင့် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်တို့က ဖြည့်စွက်ဆွေးနွေးဖြေကြားကြသည်။

**နိုင်ငံ့အကျိုး၊ ဒေသအကျိုး**

ရှင်းလင်းဆွေးနွေးချက်များအပေါ် ဒုတိယသမ္မတက အချိန်တိုကာလအတွင်း နိုင်ငံခြားဝင်ငွေ အများဆုံးရှာဖွေပေးနိုင်သည့် လုပ်ငန်းမှာ ခရီးသွားလုပ်ငန်းဖြစ်သည့်အတွက် နိုင်ငံအတွက် များစွာ အရေးကြီးပါကြောင်း၊ ဟဲဟိုးလေဆိပ်ကို နိုင်ငံတကာ စင်းလုံးငှားလေယာဉ်များ ဆင်းသက်နိုင်သည့် လေဆိပ်အဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ ပြည်ပခရီးသွားများ ပိုမိုဝင်ရောက်လာပါက ဟိုတယ်နှင့်အခန်းများ ပိုမိုလိုအပ်လာမည်ဖြစ်ပါကြောင်း၊ ဟိုတယ်ဇုန် တည်ဆောက်ရာတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ သက်ဆိုင်ရာ ဟိုတယ်လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူလူထု ပူးပေါင်း၍ စိတ်ရင်းစေတနာကောင်းဖြင့် နိုင်ငံ့အကျိုး၊ ဒေသအကျိုးအတွက် ညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်ပါက အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် SOFITEL ဟိုတယ်အတွင်း ပြည်တွင်း၊ ပြည်ပ ခရီးသွားများအတွက် ပြင်ဆင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် Red Mountain စပျစ်ခြံနှင့် ဝိုင်စက်ရုံတို့အား ကြည့်ရှုကြရာ စက်ရုံတာဝန်ခံ ဦးယုနိုင်က စပျစ်ခြံစိုက်ပျိုးရေးနှင့် ဝိုင်ထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့သည် တာချီလိတ်မြို့သို့ ရောက်ရှိပြီး အောင်မြတ်ခန်းမ၌ ကျင်းပသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်အပ်နှံသော မြေဧရိယာ ၁၀၈၁ ဒသမ ၂၉ ဧကအား သက်ဆိုင်ရာ မူလပိုင်ရှင် တောင်သူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

**ဝမ်းမြောက်ပီတိဖြစ်**

အခမ်းအနားတွင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ယနေ့အခမ်းအနားတွင် တာချီလိတ်ခရိုင်အတွင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်သည့် မြေဧရိယာ ၁၀၈၁ ဒသမ ၂၉ ဧကအနက် မြေဧရိယာ ၃၈၅ ဒသမ ၀၅ ဧကကို မူလပိုင်ရှင် တောင်သူဦးရေ ၈၂ ဦးသို့ ပြန်လည်လွှဲပြောင်းပေးအပ်မည်ဖြစ်ပြီး မြေဧရိယာ ၆၉၆ ဒသမ ၂၄ ဧကကို ရှမ်းပြည်နယ် အစိုးရအဖွဲ့သို့ ပြန်လည်လွှဲပြောင်းပေးအပ်မည်ဖြစ်သည့်အတွက် မိမိအနေဖြင့် ဝမ်းမြောက်ပီတိဖြစ်ရပါကြောင်း။

ယခုကဲ့သို့ တောင်သူများ လက်ဝယ်သို့ စိုက်ပျိုးမြေများ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ပေးခြင်းအားဖြင့် စိုက်ပျိုးရေးကို အခြေခံသည့် မိမိတို့နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများအတွက် အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် လယ်ယာလုပ်ငန်း ပိုမိုဖွံ့ဖြိုးလာပြီး လူမှုစီးပွားဘဝ တိုးတက်အောင် ပံ့ပိုးပေးနိုင်မည်ဟု ယုံကြည်သည့်အတွက် တိုင်းပြည်အကျိုး၊ ပြည်သူလူထုအကျိုးအတွက် စွန့်လွှတ်ရန်ကျန်မြေများကိုလည်း သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် စွန့်လွှတ်နိုင်ရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

**ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်**

နိုင်ငံတော်အနေဖြင့် လယ်ယာစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးထွက်ကုန်များ ဈေးကောင်းရရှိရေးနှင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရရှိနိုင်ရန်၊ နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့ ရောင်းချနိုင်ရန်အတွက် ခေတ်မီအဆင့်မြင့် ဆန်စက်နှင့် ဆီစက်များ၊ သစ်သီးဝလံ အဆင့်မြင့် သန့်စင်စက်နှင့် ခေတ်မီထုပ်ပိုးစက်များနှင့် ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေး လုပ်ငန်းစဉ်ကိုလည်း အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စိုက်ပျိုးထုတ်လုပ်သူများ ခေါင်းပုံဖြတ်မခံရစေရေးအတွက် ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်အောင် လက်ကားဈေးကွက်များ Contract Farming များ ဒေသအလိုက် ပေါ်ပေါက်လာစေရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုအခြေအနေကို ကြည့်လျှင် ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံသည်သာမက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ၁၁ လတာကာလအတွင်း ပြည်ပသို့ ဆန်တန်ချိန် ၃ ဒသမ ၂ သန်းကျော်အထိ တင်ပို့ရောင်းချနိုင်ခဲ့သည့်အတွက် နှစ်ပေါင်း ၇၃ နှစ်အတွင်း အများဆုံး စံချိန်တင် တင်ပို့ရောင်းချနိုင်မှု ဖြစ်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ စံချိန်တင် ထုတ်လုပ်တင်ပို့ရောင်းချနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် တောင်သူလယ်သမားကြီးများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ဆန်စပါးဆိုင်ရာ ပုဂ္ဂလိကအသင်းအဖွဲ့တို့၏ အားထုတ်မှုကိုလည်း တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဦးဆောင်အဖွဲ့ ခေါင်းဆောင်အနေဖြင့် ကျေးဇူးတင် အသိအမှတ်ပြုပါကြောင်း။

နိုင်ငံတော် အနေဖြင့်လည်း တောင်သူလယ်သမားများ အကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေး၊ တောင်သူလယ်သမားများ၏ လူနေမှုဘဝ မြှင့်တင်ရေးနှင့် စားနပ်ရိက္ခာ ဖူလုံပိုလျှံသည်သာမက ပြည်ပသို့ ဈေးကွက်ရှာထိုးဖောက် မြှင့်တင်ပို့နိုင်ရေးအတွက် တောင်သူလယ်သမား ဦးကြီးများနှင့် အတူ ပူးပေါင်းပြီး တစ်တပ်တစ်အား ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**စွန့်လွှတ်မြေများလွှဲပြောင်းပေးအပ်**

ထို့နောက် ရှမ်းပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ရှမ်းပြည်နယ်အတွင်း မြေယာကိစ္စ တိုင်ကြားစာများအပေါ် ဖြေရှင်းဆောင်ရွက်မှု အခြေအနေနှင့် စွန့်လွှတ်မြေများကို မူလတောင်သူများထံသို့ ပြန်လည်လွှဲပြောင်း ပေးအပ်မှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

*စာမျက်နှာ ၅ သို့*



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ Red Mountain ဝိုင်စက်ရုံအတွင်း ကြည့်ရှုစဉ်။ သတင်းစဉ်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တာချီလိတ်ခရိုင်အတွင်း ပြန်လည်စွန့်လွှတ်သည့် မြေဧရိယာများအား မူလပိုင်ရှင် တောင်သူများထံ လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်သည့် တောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တောင်ကြီးမြို့ရှိ သူငယ်တော်ယေဇူး မသန်စွမ်းနှင့် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာမှ ကလေးငယ်များအား စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။ သတင်းစဉ်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အင်းလေးဟိုတယ်ဇုန်လုပ်ငန်းရှင်များအား တွေ့ဆုံမှာကြားစဉ်။ သတင်းစဉ်

# ၂၀၁၇-၂၀၁၈ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲဆုချီးမြှင့်



**နေပြည်တော်  မတ်  ၁၅**

နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သား ဂေါက်သီးရိုက် အားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် တပ်မတော်သားများ၏ ဂေါက်သီးရိုက်အားကစားအဆင့်အတန်း မြင့်မားလာစေရန် ရည်ရွယ်ချက်ဖြင့် နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိသည့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့တွင် နေပြည်တော် ဂေါက်ကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ဖွင့်လှစ်၍ ဆုများချီးမြှင့်သည်။

**ပါဝင်ယှဉ်ပြိုင်**

ထို့နောက် တီခုံအမှတ် (၁)၌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ စစ်ရေးချုပ်နှင့် စစ်ထောက်ချုပ်တို့က Smoke Ball အား ရိုက်၍ ဖွင့်လှစ်ပေးကြပြီး ပြိုင်ပွဲဝင်အားကစားသမားများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။ ထို့နောက် ပါဝင်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများက သတ်မှတ်တီခုံအသီးသီးတွင် ပါဝင်ယှဉ်ပြိုင်ကစားကြသည်။

**တံခွန်စိုက်ဆုများ ပေးအပ်ချီးမြှင့်**

ယင်းနောက် ယနေ့ညနေပိုင်းတွင် ဆုချီးမြှင့်ပွဲ ကျင်းပရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အသင်းလိုက်(အကျော့ပေး)ပြိုင်ပွဲတွင် ပထမဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်းနှင့် အသင်းလိုက်(အကျော့မဲ့)ပြိုင်ပွဲတွင် ပထမဆုရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းတို့အား တံခွန်စိုက်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)**

**သတင်းစဉ်**

---

*စာမျက်နှာ ၄ မှ*

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ မြေစွန့်လွှတ်လွှဲပြောင်းပေးသည့် တပ်ကိုယ်စားလှယ်များက မူလတောင်သူများနှင့် တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူးတို့ထံ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်များ လွှဲပြောင်းပေးအပ်ကြသည်။

ထို့နောက် မူလတောင်သူများကိုယ်စား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်က ကျေးဇူးတင်စကား ပြောကြားသည်။ အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် တောင်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဝင်းထက်မြန်မာ ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူတည်ဆောက်နေသည့် တာချီလိတ်မြို့စုပေါင်းရုံး အဆောက်အအုံတည်ဆောက်ခြင်း စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် တာချီလိတ်(ရှမ်းအရှေ့) ရေပေးဝေရေး ကုမ္ပဏီလီမိတက်မှ တာဝန်ယူ ဆောင်ရွက်နေသည့် ရေပေးဝေဖြန့်ဖြူးရေးစီမံကိန်းသို့ ရောက်ရှိကြရာ ရေပေးဝေရေးကုမ္ပဏီဥက္ကဋ္ဌ ဦးလောတာက တာချီလိတ်မြို့ ရေပေးဝေရေးလုပ်ငန်းနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဒုတိယသမ္မတက ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ရေပေးဝေရေးစီမံကိန်းသည် တာချီလိတ်မြို့၏ အနောက်တောင်ဘက် ၉ မိုင်ခန့်အကွာ မယ်ဆိုင်နွဲ့ချောင်းတွင် တည်ရှိပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် တာချီလိတ်(ရှမ်းအရှေ့) ရေပေးဝေရေး ကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိပြီး ရင်းနှီးမြှုပ်နှံမှု ငွေကြေးပမာဏ ကျပ်သန်း ၁၆၇၃ နှင့် လုပ်ငန်းလုပ်ကိုင်ခွင့်အား B.O.T စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

❑ *ကျောဖုံးမှ*

အင်းလျားလမ်းကြား)နှင့် (ကမ္ဘာအေးဘုရားလမ်းမှ ဆရာစံလမ်းကြား)တို့တွင် ဖျော်ဖြေရေးနှင့်ရေကစားမဏ္ဍပ် လေးခု၊ စက်မှု ၁ လမ်း(ကမ္ဘာအေးဘုရားလမ်းမှ ဆရာစံလမ်းကြား)ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်နှစ်ခု၊ ဗိုလ်ချုပ်လမ်း(ပြည်လမ်းမှ ဗိုလ်တထောင်ဘုရားလမ်းကြား)ဖျော်ဖြေရေးမဏ္ဍပ်နှစ်ခု၊ ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်နှစ်ခုတို့ကို ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အနော်ရထာလမ်း(ဗိုလ်တထောင်ဘုရားလမ်းမှ ဘုန်းကြီးလမ်းကြား) ဖျော်ဖြေရေးမဏ္ဍပ်နှစ်ခု၊ ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်လေးခု၊ မဟာဗန္ဓုလလမ်း (ဘုန်းကြီးလမ်းမှ ဗိုလ်တထောင်ဘုရားလမ်းကြား)ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်လေးခု၊ ကုန်သည်လမ်း (ဗိုလ်တထောင်ဘုရားလမ်းမှ ဆူးလေဘုရားလမ်းကြား) ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်သုံးခု၊ ပုဇွန်တောင်လမ်းမကြီး အထက်၊ အောက် (ဗန္ဓုလတံတားမှ ကြက်ဘဲဈေးကြား) ဖျော်ဖြေရေးမဏ္ဍပ်နှစ်ခု၊ ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ် လေးခု၊ သံသုမာလမ်း (ကြက်ဘဲဈေးမှ ဝေဇယန္တာလမ်းကြား) ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ် တစ်ခု၊ ကြည့်မြင်တိုင် ကမ်းနားလမ်း(ပြည်လမ်းမှ ကမ်းနားလမ်းကြား) ဖျော်ဖြေရေး မဏ္ဍပ် ၁၀ ခု စုစုပေါင်းဖျော်ဖြေရေးမဏ္ဍပ် ၃၅ ခုနှင့် ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ် ၆၀ ခုတို့ကို ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရေကစားမဏ္ဍပ် ဆောက်လုပ်ခွင့်မပြုသောလမ်းများမှာ ကမ္ဘာအေးဘုရားလမ်း၊ ကန်တော်ကြီးပတ်လမ်း၊ တက္ကသိုလ်ရိပ်သာလမ်း(ကမ္ဘာအေးဘုရားလမ်းနှင့် အင်းလျားလမ်းကြား)တို့ဖြစ်ကြောင်း သိရသည်။ ယခုနှစ် မဏ္ဍပ်ဆောက်လုပ်ခွင့်ရရှိသူများအနေဖြင့် မဏ္ဍပ်ကြီး ဆောက်လုပ်ပါက ပေ ၁၅၀ ၊ အကျယ် ပေ ၄၀၊ အမြင့်ပေ ၂၀ ဆောက်လုပ်ခွင့်ရှိပြီး အာမခံစပေါ်ငွေ ကျပ်သိန်း ၂၀၀ တင်ရမည်ဖြစ်ပြီး မဏ္ဍပ်အလတ်ဆောက်လုပ်ပါက အလျားပေ ၅၀ မှ ၁၁၀၊ အကျယ်ပေ ၃၀ အမြင့်ပေ ၁၈ ပေအထိ ဆောက်လုပ်ခွင့်ရှိကာ အာမခံစပေါ်ငွေ ကျပ်သိန်း ၁၀၀ တင်ရမည်ဖြစ်သည်။ မဏ္ဍပ်များကို မီးပွိုင့်လမ်းဆုံမှ ပေ ၃၀၀ အကွာတွင် ဆောက်လုပ်ရမည်ဖြစ်ပြီး မဏ္ဍပ် တစ်ခုနှင့် တစ်ခု ပေ ၂၀၀ အကွာတွင် ဆောက်လုပ်ရမည်ဖြစ်ကာ စုစုပေါင်း စည်းကမ်းချက် ၄၅ ချက် ထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါမဏ္ဍပ်များ လျှောက်ထားလိုပါက သက်ဆိုင်ရာ ခရိုင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ စိစစ်ထောက်ခံချက်များနှင့်အတူ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)တို့တွင် လျှောက်ထား၍ မဏ္ဍပ်နေရာချထားရေးနှင့်ကြံခိုင်မှု ဆောင်ရွက်ရမည်ဖြစ်ပြီး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ စိစစ်ခွင့်ပြုနိုင်ရေးအတွက် မတ် ၂၅ ရက် နောက်ဆုံးထား၍ လျှောက်ထားဆောင်ရွက်သွားရမည်ဖြစ်ရာ မဏ္ဍပ်လျှောက်လွှာပုံစံများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့် တံတား)တွင် အခမဲ့ရယူနိုင်ကြောင်းနှင့် သတ်မှတ်ရက်ထက် နောက်ကျလျှောက်ထားသော လျှောက်လွှာများကို လက်ခံစိစစ်ပေးမည်မဟုတ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

---

# အများအတွက် စိတ်အနှောင့်အယှက်ဖြစ်စေမည့် အချက်အလက်များ၊ တင်ပြမှုများကို ရှောင်ရှား ဝေဖန်ထောက်ပြရေးသားရာတွင်လည်း အပြုသဘောဆောင်ကာ မျှတစွာရေးသားတင်ဆက်

**နေပြည်တော်  မတ်  ၁၅**

နိုင်ငံပိုင်သတင်းစာများ အနေဖြင့် စာဖတ်ပရိသတ်များအတွက် အသိပညာ၊ ဗဟုသုတများရရှိစေပြီး အများပြည်သူနှင့် တစ်သားတည်းရှိသည့် ပြည်သူ့ကြားမှ သတင်းစာများ ဖြစ်လာစေရေး ကြိုးပမ်းကြရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မှာကြားသည်။




ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန နေပြည်တော်ပုံနှိပ်စက်ရုံရှိ ဝန်ထမ်းများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော် သတင်းစာတိုက်ရှိ ဝန်ထမ်းများ တွေ့ဆုံပွဲကို ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ ကြေးမုံသတင်းစာတိုက် ဘိုးဝဇီရခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ **(အပေါ်ယာပုံ)**

**ပင်မသတင်းဌာန**

ပြည်ထောင်စုဝန်ကြီးက အများအတွက် စိတ်အနှောင့်အယှက် ဖြစ်စေမည့်၊ ရတက်မအေးဖြစ်စေမည့် အချက်အလက်များ၊ တင်ပြမှုများကို ရှောင်ရှားရန်၊ နိုင်ငံတကာ ဆက်ဆံရေး၊ ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအချင်းချင်း ဆက်ဆံရေးစသည်တို့ကို ထိန်းသိမ်းရေးသားကြရမည်ဖြစ်ပြီး ဝေဖန်ထောက်ပြရေးသားရာတွင်လည်း အပြုသဘောဆောင်ကာ မျှတစွာ ရေးသားတင်ဆက်ကြရမည်ဖြစ်ကြောင်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ဆောင်ရွက်နေသည့် ဒီဂျစ်တယ်သတင်းစာ (Myanmar Digital News) ကို စတင်မိတ်ဆက်ထားပြီးဖြစ်ရာ ပင်မ သတင်းဌာနတစ်ခုအဖြစ် အချိန်ယူ၍ ပြုပြင်ပြောင်းလဲသွားရန်လိုကြောင်း။

**ပုံနှိပ်အရည်အသွေးမြင့်မားရေး**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနသည် ပြည်သူကို အသိပညာပေးသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိပြီး ပညာရေးဝန်ကြီးဌာန၏ ကျောင်းသုံးဖတ်စာအုပ်များကိုလည်း နှစ်စဉ် ရိုက်နှိပ်ပေးလျက်ရှိကြောင်း၊ လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ ကျော်က ထုတ်ဝေခဲ့သည့် မြန်မာ့စွယ်စုံကျမ်းကို ပိုမိုပြီးပြည့်စုံသည့် ပြင်ဆင်တည်းဖြတ်၊ ဖြည့်စွက်မှုများဖြင့် အသစ်ထုတ်ဝေနိုင်ရန် ပြင်ဆင်လျက်ရှိကြောင်း၊ မြန်မာစာပေတွင် အထင်ရှားဆုံး၊ တန်ဖိုးအရှိဆုံးစာပေများကို စုစည်းပြီး ထုတ်ဝေမည့် မြန်မာစာစဉ် စာအုပ် ၁၀၀ ကို ထုတ်ဝေသွားရန် ပြင်ဆင်နေခြင်းသည်လည်း မြန်မာစာပေသမိုင်းအတွက် ဂုဏ်ယူဖွယ်ရာ လုပ်ဆောင်ချက်ပင်ဖြစ်ကြောင်း၊ ပုံနှိပ်သည့်အပိုင်းတွင် အရည်အသွေးမြင့်မားရေးသည် အဓိကကျကြောင်း ၊ ကောင်းမွန်သည်ဆိုသည်နှင့် ရပ်တန့်မနေကြဘဲ ပိုမိုကောင်းမွန်သည့် အရည်အသွေး ရရှိရေးအတွက် အားလုံးဝိုင်းဝန်း ကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ကမ္ဘာတွင် နည်းပညာများ တိုးတက်လာနေခြင်းကြောင့် ဒစ်ဂျစ်တယ်မီဒီယာများ၊ အွန်လိုင်းမီဒီယာများ မတည်ထောင်၍ မရကြောင်း၊ အနေးနှင့်အမြန် ဒစ်ဂျစ်တယ်ပြုပြင်ပြောင်းလဲမှု၊ ကျင့်သုံးမှုများ ပြုလုပ်ရန် လိုအပ်ကြောင်း၊ သို့သော် ပုံနှိပ်မီဒီယာသည်လည်း ယနေ့တိုင် တည်ရှိနေဆဲဖြစ်ကြောင်း၊ ဆက်လက်ပြီးလည်း ကာလတစ်ခုအထိ ဆက်လက်တည်ရှိ သွားနိုင်ကြောင်း၊ နိုင်ငံပိုင်သတင်းစာများသည် ပြည်သူ့သတင်းစာများအဖြစ် ရပ်တည်ကြရမည်ဖြစ်ပြီး အစိုးရက အသိပေးလိုသည့်၊ ပြည်သူသိစေလိုသည့် အချက်များကို ထည့်သွင်းဖော်ပြသကဲ့သို့ ပြည်သူက အစိုးရထံ တင်ပြလိုသည်များကိုလည်း ဖော်ပြပေးရန် တာဝန်ရှိကြောင်း၊ သတင်းအချက်အလက်များ ပိုမိုကောင်းမွန်စွာ ဖြန့်ချိနိုင်ရေးအတွက် နည်းပညာကို အသုံးပြုကာ ကြိုးပမ်းကြစေလိုကြောင်း၊ ထို့ပြင် သတင်းခန်းတွင် လုပ်ကိုင်ကြသူများသည် သတင်း၏ အတိမ်အနက်၊ သတင်းခေါင်းစဉ် အသုံးအနှုန်း၊ ကာလာအရောင်များနှင့် ပတ်သက်၍ ဆောင်ရန် ရှောင်ရန်များ၊ စာမျက်နှာ အနေအထားများကို သိရှိရန် လိုအပ်ကြောင်း ပြောကြားသည်။

**ပြန်လည်ရှင်းလင်း**

ထို့နောက် ဌာနအကြီးအကဲများက ယခင်အပတ် ဝန်ထမ်းတွေ့ဆုံပွဲများတွင် ဝန်ထမ်းများမှ တင်ပြဆွေးနွေးသည့် အချက်များနှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပြီးစီးမှုများကို တင်ပြကြပြီး ဝန်ထမ်းများက လုပ်ငန်းများ ပိုမိုအောင်မြင်နိုင်ရေးအတွက် အကြံပြုချက်များ၊ ဆွေးနွေးမှုများနှင့် ဝန်ထမ်းများ၏ သဘောထားဆန္ဒများ၊ သတင်းဆု ချီးမြှင့်ရန် ၊ အချိန်ပိုကြေးများနှင့် အခြားလိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲသို့ နေပြည်တော် ပုံနှိပ်စက်ရုံရှိ ဝန်ထမ်းများ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ကြေးမုံသတင်းစာတိုက်၊ မြန်မာ့သတင်းစဉ်နှင့် နေပြည်တော် သတင်းစာတိုက်မှ ဝန်ထမ်းများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

**ပိုမိုတိုးတက်အောင်မြင်ရေး**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက သတင်းများ အချိန်မီထုတ်ပြန်နိုင်ရေးဆောင်ရွက်သွားရန်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ Myanmar Digital News တွင် စာသားများ သာမက အရုပ်၊ အသံများနှင့်ပါ ထည့်သွင်း ထုတ်လွှင့်သွားရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့်နှစ်အတွင်း ငြိမ်းချမ်းရေးဂီတပွဲတော်နှင့် ဒီမိုကရေစီ ရုပ်ရှင်ပွဲတော်တို့ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း၊ တိုင်းပြည်၏ သက်တမ်းရင့် ရုပ်သံလုပ်ငန်းကြီးဖြစ်သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပိုမိုတိုးတက်အောင်မြင်ရေးအတွက် ရုပ်သံလုပ်ငန်းဆိုင်ရာ အနုပညာ ဖန်တီးမှုနှင့် အတတ်ပညာ ကျွမ်းကျင်မှုတိုးမြှင့်သွားရန်၊ ဝန်ထမ်းအားလုံး စုပေါင်း၍ တိုးတက်အောင် ဆောင်ရွက်သွားကြရန် ပြောကြားပြီး ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် လူထု၏အသံကို ထင်ဟပ်ဖော်ပြရာဖြစ်သည့်အပြင် ဒစ်ဂျစ်တယ်ခေတ်ဖြစ်သဖြင့် ပိုမိုပျံ့နှံ့အောင် ဆောင်ရွက်သွားရန် တာဝန်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က ယခင်ဝန်ထမ်းတွေ့ဆုံပွဲများတွင် ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဝန်ထမ်းများက ရုပ်မြင်သံကြား လုပ်ငန်း တိုးတက်ရေးအတွက် အကြံပြုချက်များ၊ ဆွေးနွေးမှုများနှင့် လုပ်ငန်းလိုအပ်ချက်များကိုတင်ပြကြရာ ညွှန်ကြားရေးမှူးချုပ်က ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

**သတင်းစဉ်**

# မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး

မြင့်ဆွေ(ကြေး/မြေ)

မြန်မာနိုင်ငံ၏ ဆန်စပါးကဏ္ဍသည် သမိုင်းစဉ်လာအားဖြင့် တစ်ခေတ်တစ်ခါက ကမ္ဘာပေါ်တွင် ဆန်တင်ပို့မှုအများဆုံးနိုင်ငံ ဖြစ်ခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် ဆန်တင်ပို့မှု ပမာဏလျော့နည်းကျဆင်းခဲ့ရာမှ ယခုနှစ်ပေါင်း ၇၀ ကာလ ၂၀၁၇ - ၂၀၁၈ ခုနှစ်တွင် ဖေဖော်ဝါရီလကုန်အထိ ဆန်တန်ချိန် ၃ ဒသမ ၂ သန်းကျော် တင်ပို့နိုင်ခဲ့ပြီး ပြည်ပသို့ဆန်တင်ပို့ရောင်းချမှုမှ အမေရိကန် ဒေါ်လာသန်း ၁၀၀၀ ခန့် နိုင်ငံခြား ဝင်ငွေရရှိပြီဖြစ်သည်။ ယင်းသို့ တိုးတက်လာသည့် မြန်မာ့ဆန်စပါး လုပ်ငန်း၏ အခြေအနေကောင်းများကို ဆက်လက်တိုးမြှင့်ပြီး ရေရှည်တည်တံ့ ဖွံ့ဖြိုးရေးအတွက် ဦးတည်ဆောင်ရွက်ကြရမည် ဖြစ်သည်။

**၂၀၂၀-၂၀၂၁ ခုနှစ်တွင် ဆန်တန်ချိန် ၄ သန်း တင်ပို့နိုင်ရေး**


နေပြည်တော်တွင် မတ်လ ၆ ရက်နေ့က ကျင်းပခဲ့သည့် မြန်မာ့ဆန်စပါး ကဏ္ဍ ဖွံ့ဖြိုးရေးနှီးနှောဖလှယ်ပွဲမှ ဆွေးနွေးချက်များအရ ကာလတိုရည်မှန်းချက်အဖြစ် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် လေးသန်းတင်ပို့နိုင်ရန်နှင့် ဆန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်း ၁၅၀၀ ဝင်ငွေရရှိရန် ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ရည်မှန်းချက်ပြည့်မီစေရန် အထောက်အပံ့ဖြစ်စေမည့် အချက်များကို ဖော်ထုတ်ဆောင်ရွက်ရန်နှင့် အတားအဆီးဖြစ်စေမည့် အချက်များကို ဟန့်တားဆောင်ရွက်ရန် သက်ဆိုင်သည့် အစိုးရဌာန အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အပါအဝင် ပုဂ္ဂလိကအသင်းအဖွဲ့များမှ အမှုဆောင်များနှင့် တောင်သူလယ်သမားကိုယ်စားလှယ်များ၊ ဆန်စပါးကဏ္ဍ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ ဆန်စပါး ကဏ္ဍဖွံ့ဖြိုးရေး၊ ပြည်ပသို့ဆန်တန်ချိန် တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အဓိက အခြေခံ အကျဆုံး အချက်မှာ ပင်မထုတ်လုပ်သူ တောင်သူလယ်သမားများက စပါး ထုတ်လုပ်မှု မြှင့်တင်ရေး (Paddy Product Promotion) ဖြစ်သည်။ ယခုနှစ် ဆန်တန်ချိန် သုံးသန်းကျော် တင်ပို့သည်မှ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ဆန်တန်ချိန် လေးသန်းအထိ တင်ပို့နိုင်ရေးအတွက် ဆန်တန်ချိန် တစ်သန်း ပိုမိုထုတ်လုပ်နိုင်ရန်မှာ အကြမ်းအားဖြင့် စပါး တင်းသန်း ၈၀ ခန့် ပိုမိုတိုးတက် ထွက်ရှိရန်လိုအပ်သည်။

ထို့ကြောင့် ၂၀၂၀-၂၀၂၁ခုနှစ်တွင် ယခုထက် ဆန်တန်ချိန်တစ်သန်းပိုမို၍ ပြည်ပသို့ ဆန်တန်ချိန် လေးသန်းအထိ တိုးမြှင့်တင်ပို့နိုင်ရန် လက်ရှိစပါးစိုက်ပျိုးထုတ်လုပ်ထွက်ရှိသည်ထက် စပါးတင်း သန်း ၈၀ ခန့် ပိုမိုတိုးတက်ထွက်ရှိရေးနှင့် ဈေးကွက်နှင့် ဈေးကောင်းရရှိနိုင်သည့် အရည်အသွေးကောင်း စပါးမျိုးများ တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေးတို့ကို ဘက်စုံထောင့်စုံမှ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် လွန်စွာ အရေးကြီးသည်။

**မြန်မာ့ဆန်စပါး လက်ရှိစိုက်ပျိုးထုတ်လုပ်မှု အခြေအနေ**


မြန်မာနိုင်ငံ၏ လက်ရှိစပါးစိုက်ပျိုးထွက်ရှိမှုမှာ ယခင်နှစ် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် မိုးစပါး စိုက်ဧရိယာ ၁၅ ဒသမ ၂၄ ဧကသန်းမှ အထွက်တင်းပေါင်း ၁၀၉၉ ဒသမ ၉၅ တင်းသန်းထွက်ရှိပြီး နွေစပါးစိုက်ဧရိယာ ၂ ဒသမ ၄၆ ဧကသန်းမှ အထွက်တင်းပေါင်း ၂၂၇ ဒသမ ၂၈ တင်းသန်း စုစုပေါင်း စပါးစိုက်ဧရိယာ ၁၇ ဒသမ ၇၀ ဧကသန်းမှ စုစုပေါင်းစပါးအထွက်တင်းပေါင်း ၁၃၂၇ ဒသမ ၂၃ တင်းသန်း ထွက်ရှိခဲ့သည်။ ယခု ၂၀၁၇-၂၀၁၈ ခုနှစ်တွင် မိုးစပါးစိုက်ဧရိယာ ၁၅ ဒသမ ၂၂ ဧကသန်းမှ အထွက် တင်းပေါင်း ၁၀၉၂ ဒသမ ၅၈ တင်းသန်း ထွက်ရှိခဲ့ပြီး နွေစပါးမှာ စိုက်ပျိုးဆဲကာလဖြစ်၍ ဖေဖော်ဝါရီလကုန်အထိ ၂ ဒသမ ၀၆ ဧက သန်းစိုက်ပျိုးပြီး ဧကတစ်သိန်းကျော်သာ ရိတ်သိမ်းပြီး ဖြစ်၍ ယခုနှစ် နွေစပါးရာသီကုန်တွင် ယခင်နှစ်ကထက် ပိုမိုစိုက်ပျိုးထွက်ရှိနိုင်မည်ဟု ခန့်မှန်းရသည်။ မြန်မာနိုင်ငံ၏ စပါးစိုက်ပျိုးထွက်ရှိမှုတွင် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက တစ်ဧက စပါးအထွက်နှုန်းမှာ ကမ္ဘောဒီးယားနိုင်ငံမှအပ ကျန်နိုင်ငံများထက် နိမ့်ကျလျက်ရှိနေသည်။ စပါးအထွက်နှုန်း နိမ့်ကျနေသကဲ့သို့ ထုတ်လုပ်ထွက်ရှိသည့် ဆန်ကို ပြည်ပသို့ တင်ပို့ရာတွင်လည်း မြန်မာ့ဆန်ဈေးနှုန်းသည် အခြားနိုင်ငံများထက် လျော့နည်းလျက်ရှိကြောင်း အောက်ပါအတိုင်း တွေ့ရှိရသည်-

**Yield (tons/ha)**




(ရင်းမြစ် MRF Stakeholder Forum -2018)

**Rice Price (FOB) – 25% Broken (2017) (US$/ton)**




(ရင်းမြစ် MRF Stakeholder Forum -2018)

ထို့ကြောင့် တောင်သူလယ်သမားများ စပါးစိုက်ပျိုး၍ တွက်ခြေကိုက်စေရန်မှာ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ် လျော့နည်းစေရန်နှင့် တစ်ဧကအထွက်နှုန်းတိုးရန် မဖြစ်မနေ လုပ်ဆောင်ရပါမည်။ ထို့အပြင် ထုတ်လုပ်သည့် ဆန်စပါးကို ဈေးကွက်နှင့် ဈေးကောင်းရရှိရေးအတွက် အရည်အသွေးမီစပါးမျိုးများ တိုးချဲ့ပြောင်းလဲစိုက်ပျိုးရန်နှင့် ရိတ်သိမ်းခြွေလှေ့ကြိတ်ခွဲရောင်းချရာတွင် လေလွင့်ဆုံးရှုံးမှုများ လျော့နည်းစေ၍ အဆင့်မီစေရန် စီမံဆောင်ရွက်ကြရပါမည်။

မျက်မှောက်ကာလ မြန်မာနိုင်ငံတောင်သူလယ်သမားများ၏ စပါးစိုက်ပျိုးထုတ်လုပ်မှုတွင် အဟန့်အတားများစွာရှိသည်။ အဓိကအချက်မှာ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်ကြီးမြင့်နေခြင်း ဖြစ်သည်။

စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်တွင် မျိုး၊ မြေဩဇာ၊ ပိုးသတ်ဆေး စသည့်သွင်းအားစုပစ္စည်းများအတွက် ကုန်ကျစရိတ်နှင့် ထွန်ယက်၊ စိုက်ပျိုး၊ ရိတ်သိမ်း၊ ခြွေလှေ့ စသည့် လုပ်ငန်းများတွင် ကျွဲ၊ နွားနှင့် စက်ကိရိယာ ငှားရမ်းခများ၊ လယ်ယာလုပ်သား လုပ်အားခကုန်ကျစရိတ်များ ပါဝင်သည်။

**ဓာတ်မြေဩဇာဈေးနှုန်းကြီးမြင့်နေမှု**


စပါးတစ်ဧကအထွက်နှုန်းတိုးရေးအတွက် မြေပြုပြင်သည်မှ မျိုးကောင်းမျိုးသန့်သုံးစွဲရေး၊ စိုက်နည်းစနစ် မှန်ကန်ရေး၊ စိုက်ပျိုးရေရရှိရေး စသည့် လိုအပ်ချက်များအနက် ဓာတ်မြေဩဇာကို အချိန်မီအချိန်ကိုက် စနစ်တကျအချိုးကျ အသုံးပြုရေးသည်အရေးကြီးသည့် အချက်ဖြစ်သည်။

မြန်မာနိုင်ငံ၏ စပါးစိုက်ပျိုးရေးတွင် ဓာတ်မြေဩဇာ သုံးစွဲမှုနှုန်းထားမှာ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့နှင့် နှိုင်းယှဉ်ပါက များစွာနိမ့်ကျလျက်ရှိသည်။ စပါးအတွက် လိုအပ်သည့် ဓာတ်မြေဩဇာကို အချိုးကျထည့်သွင်း မသုံးစွဲနိုင်ခြင်းမှာ ဓာတ်မြေဩဇာ ဈေးနှုန်းများ ကြီးမြင့်နေခြင်းကြောင့် ဖြစ်သည်။

မြန်မာနိုင်ငံ၏ ယူရီးယားဓာတ်မြေဩဇာ ဈေးနှုန်းမှာ ဗီယက်နမ်ထက် ၁ ဒသမ ၁၇ ဆ၊ ထိုင်းနိုင်ငံထက် ၁ ဒသမ ၁၂ ဆ နှင့် ကမ္ဘောဒီးယားထက် ၁ ဒသမ ၀၈ ဆ ကြီးမြင့်လျက်ရှိပြီး NPK ကွန်ပေါင်းဓာတ်မြေဩဇာဈေးနှုန်းမှာလည်း အလားတူ ယင်းနိုင်ငံများထက် ကြီးမြင့်လျက်ရှိသည်။


ယင်းသို့ ဓာတ်မြေဩဇာကိုအခြားနိုင်ငံများထက် ဈေးနှုန်းကြီးမြင့်ဝယ်ယူသုံးစွဲရသော်လည်း တောင်သူလယ်သမားများ၏ တလင်းတက်စပါးဈေးနှုန်းမှာ နိမ့်ကျလျက်ရှိသည်ကို အောက်ပါအတိုင်း နှိုင်းယှဉ်တွေ့ရှိရသည်-

**Urea Fertilizer Prices (Average Prices at Farm Level)**




(ရင်းမြစ် MRF Stakeholder Forum -2018)

**Farm-gate Paddy Prices**




(ရင်းမြစ် MRF Stakeholder Forum -2018)

ထို့ကြောင့် စပါးတစ်ဧကအထွက်နှုန်းတိုးရေးအတွက် တောင်သူလယ်သမားများ မဖြစ်မနေ အသုံးပြုရသည့် ဓာတ်မြေဩဇာဈေးနှုန်းကြီးမြင့်နေခြင်းကို အဖြေရှာရန် လိုအပ်သည်။

ဓာတ်မြေဩဇာကို တောင်သူလယ်သမားများ ဈေးနှုန်းသက်သာစွာဖြင့် အချိန်မီ အချိန်ကိုက် အချိုးကျထည့်သွင်းသုံးစွဲနိုင်ရေးအတွက် တာဝန်ရှိသည့်ဌာန၊ အဖွဲ့အစည်းများက ပြည်တွင်းဓာတ်မြေဩဇာ ထုတ်လုပ်ခြင်းနှင့်ပြည်ပမှတင်သွင်း ရောင်းချလျက်ရှိသည့် ပုဂ္ဂလိကကုမ္ပဏီအဖွဲ့အစည်းများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်သည်။

တစ်ဖက်တွင်လည်း ဆန်စပါးအရည်အသွေး မြင့်မားရေးအတွက် သဘာဝမြေဩဇာများ တိုးချဲ့ပြုလုပ်သုံးစွဲဆောင်ရွက်ကြရပါမည်။

**လယ်ယာလုပ်သားနှင့် ကျွဲ၊ နွား ရှားပါးမှု**

လက်ရှိအချိန်တွင် စပါးတစ်ဧက စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်မှာ မိုးစပါးတစ်ဧက ပျမ်းမျှကုန်ကျစရိတ် နှစ်သိန်းခွဲခန့်နှင့် နွေစပါးတစ်ဧက ပျမ်းမျှကုန်ကျစရိတ် သုံးသိန်းခန့်ရှိကြောင်း လေ့လာသိရှိရသည်။ တောင်သူလယ်သမားများသည် မျိုး၊ မြေဩဇာ၊ ပိုးသတ်ဆေးစသည့် သွင်းအားစုများ ဈေးနှုန်းကြီးမြင့်မှုအပြင် ကျွဲ၊ နွား ရှားပါးမှုနှင့်လယ်ယာလုပ်သား ရှားပါးမှုပြဿနာ၊ စက်ကိရိယာငှားရမ်းခနှင့် လုပ်အားခဈေးကြီးမှုများကိုလည်း ရင်ဆိုင်ကြုံတွေ့ရလျက်ရှိသည်။

ကျေးလက်ဒေသတွင် လယ်ယာလုပ်သားရှားပါး၍ လုပ်အားခကြီးမြင့်လာမှု၊ ခိုင်းကျွဲ၊ ခိုင်းနွား ရှားပါးလာမှု ပြဿနာများကို ဖြေရှင်းနိုင်ရန်နှင့် ရာသီချိန်မီ ထွန်ယက်စိုက်ပျိုးရိတ်သိမ်းခြွေလှေ့နိုင်ရန်အတွက် လယ်ယာလုပ်ငန်းခွင်တွင် စက်ကိရိယာ တိုးမြှင့်အသုံးပြုရန် လိုအပ်လာသည်။

လုပ်ကွက်ငယ်တောင်သူလယ်သမားများအနေဖြင့် ကိုယ်ပိုင်စက်ကိရိယာ ဝယ်ယူသုံးစွဲရန် မတတ်နိုင်သဖြင့် မြေပြုပြင်ထွန်ယက်ခြင်းမှ ရိတ်သိမ်းခြွေလှေ့သည်အထိ လိုအပ်သည့် စက်ကိရိယာများကို လွယ်ကူသက်သာစွာ ငှားရမ်းအသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရပါမည်။

တစ်ဖက်မှလည်း တောင်သူလယ်သမားများ လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျဝယ်ယူသုံးစွဲနိုင်ရန်၊ ကိုယ်တိုင်ကိုင်တွယ်အသုံးပြုနိုင်ရန်နှင့် လိုအပ်ပါက ပြင်ဆင်ပေးနိုင်ရန် ကူညီပံ့ပိုးဆောင်ရွက်ပေးရပါမည်။

**ငွေကြေးအရင်းအနှီး လိုအပ်ချက်**

တောင်သူလယ်သမားများအတွက် စပါးသီးနှံအပါအဝင် လယ်ယာစိုက်ပျိုးထုတ်လုပ်ရေးတွင် ငွေကြေးအရင်းအနှီးရရှိရေးမှာ အခြေခံအကျဆုံး အဓိကလိုအပ်ချက်ဖြစ်ပါသည်။ နိုင်ငံတော် အစိုးရက တောင်သူလယ်သမားများအား နှစ်စဉ်ရာသီအလိုက် စိုက်ပျိုးထုတ်လုပ်မှု ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာတွင် လုံလောက်သော ချေးငွေကို အချိန်မီထုတ်ယူရရှိရန် လိုအပ်ချက်များစွာရှိနေသေးသည်။

တောင်သူလယ်သမားအများစုမှာ စိုက်ပျိုးစရိတ် လုံလောက်မှုမရှိသဖြင့် ပြင်ပမှ အတိုးနှုန်းကြီးစွာ ချေးယူလုပ်ကိုင်ရလျက်ရှိရာ စပါးထွက်ရှိလာသည့် အချိန်တွင် ဈေးကောင်းမရဘဲ ချေးငွေပြန်လည်ပေးဆပ်ရသည့်အတွက် အခက်အခဲများစွာ ရင်ဆိုင်ရလျက်ရှိသည်။

တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေအရ တောင်သူလယ်သမားများအား အရင်းအနှီးရရှိရေးအတွက် ချေးငွေနှင့် အကူအညီများပေးရေး၊ နည်းပညာ၊ သွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာတို့ကို လွယ်ကူအဆင်ပြေစွာ ပံ့ပိုးပေးနိုင်ရေး၊ လယ်ယာထုတ်ကုန်များကို သင့်တင့်မျှတသည့် ဈေးနှုန်းနှင့်ဈေးကွက်ရရှိရေးတို့အတွက် ကူညီဆောင်ရွက်ရန် အဓိကရည်ရွယ်ချက်များအဖြစ် သတ်မှတ်ပြဋ္ဌာန်းထားသည်။

ယင်းဥပဒေ ပြဋ္ဌာန်းချက်များအရ တောင်သူလယ်သမားများ အဓိကအားထားစိုက်ပျိုးလုပ်ကိုင်လျက်ရှိပြီး နိုင်ငံတော်၏ အရေးကြီးဆုံးသီးနှံဖြစ်သည့် စပါးစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးအတွက် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့၏ ဦးဆောင်မှုဖြင့် နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လုပ်ငန်းအဖွဲ့များ၊ စိုက်ပျိုးရေးနည်းပညာ၊ သွင်းအားစုနှင့် ထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းကော်မတီနှင့် တာဝန်ရှိဌာန၊ အဖွဲ့အစည်းများက အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

**စပါးတိုးတက်ထွက်ရှိမှ ဆန်တိုးမြှင့်တင်ပို့နိုင်မည်**

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင် ဆွေးနွေးညှိနှိုင်းအဖြေရှာ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့်လည်း စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ တွက်ခြေကိုက်အကျိုးရှိစေရေးအတွက် ၂၀၁၈ ခုနှစ် စပါးပေါ်ချိန်တွင် ဝယ်ယူရန်အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို ထုတ်ပြန်အသိပေးထားသည်။

မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးရေးတွင် မြေပြုပြင်ထွန်ယက်စိုက်ပျိုးသည်မှ ပြည်တွင်း၊ ပြည်ပ ဆန်ဈေးကွက်နှင့် စားသုံးသူများ လက်ဝယ်ရောက်သည်အထိ ထုတ်လုပ်မှုကွင်းဆက်တစ်ခုလုံးကို လစ်ဟာချက်မရှိအောင် ဘက်စုံထောင့်စုံမှ ဟန်ချက်ညီဆောင်ရွက်ကြရန်လိုသည်။

ဆန်စပါးကဏ္ဍတွင် အရည်အသွေးကောင်း စပါးသီးနှံများ တိုးတက်ထွက်ရှိရေးသည် အရင်းခံပဓာနအကျဆုံး ဖြစ်သည်။ ထွက်ရှိလာသည့်စပါးကို ဝယ်ယူသိုလှောင် ကြိတ်ခွဲဖြန့်ဖြူးထုပ်ပိုးပြီး ဈေးကွက်သို့ တင်ပို့ရောင်းချသည့်အပိုင်းမှာလည်း အရေးကြီးသည့် နောက်ဆက်တွဲလုပ်ငန်းများ ဖြစ်သည်။

သို့ဖြစ်၍ မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ကာလတိုရည်မှန်းချက်ဖြစ်သည့် ၂၀၂၀ - ၂၀၂၁ ခုနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် လေးသန်း တင်ပို့ရောင်းချနိုင်ရေးနှင့် စပ်လျဉ်းပြီး အထက်ဖော်ပြပါ စပါးတစ်ဧက အထွက်နှုန်းတိုးရေး၊ အရည်အသွေးကောင်းစပါးများတိုးချဲ့ပြောင်းလဲစိုက်ပျိုးရေး၊ ဓာတ်မြေဩဇာအပါအဝင် သွင်းအားစုများ ဈေးနှုန်းလျော့နည်းစေရေး၊ တစ်ဧက စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်လျော့ကျရေး၊ လယ်ယာလုပ်သားနှင့် ကျွဲ၊ နွား ရှားပါးမှုတွင် လယ်ယာသုံးစက်ကိရိယာများ ပြောင်းလဲတိုးချဲ့အသုံးပြုရေး၊ ငွေကြေးအရင်းအနှီးလိုအပ်ချက်များ တိုးမြှင့်ကူညီပေးရေး စသည့်အချက်များကို လေ့လာသုံးသပ်ဆောင်ရွက်သင့်ပါသည်။

ယင်းသို့ဆောင်ရွက်ခြင်းဖြင့် တောင်သူလယ်သမားများဝင်ငွေတိုး၍ နိုင်ငံတော်၏ စီးပွားရေးမြင့်မားလာနိုင်မည်ဖြစ်သည့်အတွက် တောင်သူလယ်သမားများအပါအဝင် သက်ဆိုင်သူများအားလုံးက ဘက်စုံထောင့်စုံမှ ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။ ။

# စီမံကိန်းများဆောင်ရွက်ရန် ဂျပန်ယန်း ၈၇ ဒသမ ၀၉၁ ဘီလီယံ ချေးယူရန်ကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဖွဲ့အစည်းဝင်များ ရှင်းလင်း

နေပြည်တော် မတ် ၁၅

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးအေးသာအောင် ဦးဆောင်၍ အဖွဲ့ဝင်များပါဝင်သည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များသည် ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့တို့နှင့် ပူးပေါင်း၍ ဗီယက်နမ်နိုင်ငံသို့ လေ့လာရေးသွားရောက်ခဲ့သည့် ခရီးစဉ်ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့သော စီမံကိန်းများ ဆောင်ရွက်ရန်အတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီထံမှ ဂျပန်ယန်း ၈၇ ဒသမ ၀၉၁ ဘီလီယံ ချေးယူရန်ကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဖွဲ့အစည်းဝင်များက ရှင်းလင်းတင်ပြကြသည်။

စိုက်ပျိုးရေးဝင်ငွေကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအတွက် ဂျပန်ယန်း ၃၀ ဒသမ ၄၆၉ ဘီလီယံ ချေးငွေနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့က ရှင်းလင်းတင်ပြကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က အဆိုပါစီမံကိန်းသည် စစ်ကိုင်းတိုင်းဒေသကြီး အတွင်း သဖန်းဆိပ်ဆည်ရေသောက်စနစ် ဧရိယာ ဧက ၅ သိန်းခန့်အပေါ် အမှီသဟဲပြုပြီး လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြု လုပ်ကိုင်နေကြသော အိမ်ထောင်စု ခုနစ်သောင်းခန့် လူဦးရေ စုစုပေါင်း သုံးသိန်းခန့်ကို အကျိုးပြုရန် ရည်ရွယ်ထားသည့် စီမံကိန်းဖြစ်ပါကြောင်း၊ စီမံကိန်းစတင်သည်မှ ခြောက်နှစ်အတွင်း ရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပညာရှင်များ ပူးပေါင်း၍ စီမံကိန်းဖြစ်မြောက်နိုင်စွမ်း ရှိ၊ မရှိကိုလည်း စီမံဆောင်ရွက်ခဲ့ပြီးဖြစ်သည့်အလျောက် သဖန်းဆိပ်ဆည်ရေသောက်စနစ် ပြုပြင်မွမ်းမံခြင်းနှင့် အဆင့်မြှင့်တင်ခြင်းဖြင့် ငွေကြေးပြန်လည်ရရှိမှုနှုန်း (အရင်းအနှီး၏ အကျိုးအမြတ်ပြန်ပေါ်နှုန်း)မှာ ၂၄ ဒသမ ၉ ရာခိုင်နှုန်းထိ ရရှိမည်ဖြစ်ပါကြောင်း၊ အဆင့်မြှင့် လယ်ယာ မြေဧက ၁၀၀၀၀ ဖော်ဆောင်မည်ဖြစ်၍ စီမံကိန်းဒေသရှိ တောင်သူများသည် တစ်နှစ်လျှင် သုံးသီးစား စိုက်ပျိုးနိုင်မည်ဖြစ်ပြီး ငွေကြေးပြန်လည်ရရှိမှုနှုန်း (IRR)သည် ၁၂ ဒသမ ၃ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ကျေးလက် လမ်းတံတားများ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးထွက်ကုန်များ ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ ဖြန့်ချိရေးမှ ငွေကြေးပြန်လည် ရရှိမှုနှုန်း(IRR) သည် ၁၈ ဒသမ ၄ ရာခိုင်နှုန်းထိရှိမည် ဖြစ်ပါကြောင်း၊ စီမံကိန်းတစ်ခုလုံး၏ ငွေကြေးပြန်လည်ရရှိမှုနှုန်း(IRR)မှာ ၁၈ ဒသမ ၆ ရာခိုင်နှုန်းထိရရှိလာနိုင်ပါကြောင်း။

ထို့ကြောင့် ဂျပန်နိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးမှုအကူအညီ (ODA) ချေးငွေ ဂျပန်ယန်း ၃၀ ဒသမ ၄၆၉ ဘီလီယံကို ရယူ၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သဖန်းဆိပ်ရေလှောင်တမံ ဆည်ရေသောက်စနစ်ဧရိယာအတွင်း စိုက်ပျိုးရေးဝင်ငွေ တိုးတက်ရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြု ခွင့်ပြုပေးနိုင်ရန် ရှင်းလင်းပြောကြားသည်။

> **“ချေးငွေ ချေးယူရသည့် ရည်ရွယ်ချက်မှာ ကျေးလက်ဒေသများတွင် စိုက်ပျိုးရေးလုပ်ငန်းများနှင့် ဆည်မြောင်းလုပ်ငန်းများ တိုးမြှင့်လုပ်ကိုင်၍ အဆိုပါစီမံကိန်းများမှ ဖြစ်ပေါ်လာမည့် လယ်ယာမြေများမှတစ်ဆင့် ဈေးကွက်သို့ သွားလာဆက်သွယ်နိုင်သည့်လမ်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ဆိပ်ခံတံတားများ ဖွံ့ဖြိုးတိုးတက်စေရေးမှတစ်ဆင့် ကျေးလက်နေပြည်သူများ၏ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် လူနေမှုဘဝ အဆင့်အတန်း မြင့်မားလာစေရေးတို့ကို ရည်ရွယ်၍ ယခုစီမံကိန်းကို ဆောင်ရွက်ရခြင်းဖြစ် ”**

အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ဂျပန်နိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးမှုအကူအညီ (ODA) ဖြင့် ဆောင်ရွက်မည့် စီမံကိန်း၏ ချေးငွေပမာဏမှာ ဂျပန်ယန်း ၃၀ ဒသမ ၄၆၉ ဘီလီယံ (အမေရိကန်ဒေါ်လာ သန်း ၂၇၀ ခန့် ထက်မပိုသော ချေးငွေဖြစ်ပါကြောင်း၊ အတိုးနှုန်း အနေဖြင့် တစ်နှစ်လျှင် (၀ ဒသမ ၀၁ ရာခိုင်နှုန်း) ဖြစ်ပါကြောင်း၊ ပြန်လည်ပေးဆပ်ရမည့် ကာလမှာ ဆိုင်းငံ့ကာလ ၁၀ နှစ် အပါအဝင် စုစုပေါင်း နှစ် ၄၀ ဖြစ်ပါကြောင်း၊ ချေးငွေများကို တစ်နှစ်လျှင် နှစ်ကြိမ်(ဇွန်လနှင့် ဒီဇင်ဘာလ)ဖြင့် စုစုပေါင်း အကြိမ် ၈၀ ပြန်လည်ပေးဆပ်ရမည်ဖြစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ နိုင်ငံတော်ဘတ်ဂျက်ဖြင့် အရစ်ကျတောင်းခံ ပေးချေသွားမည် ဖြစ်ပါကြောင်း။

ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)နှင့် စီမံကိန်းကျွမ်းကျင်မှုအတိုင်ပင်ခံအဖွဲ့အစည်းနှင့် စိုက်ပျိုး

### ဆင်းရဲနွမ်းပါးမှု လျှော့ချရေး

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ချေးငွေ ချေးယူရသည့် ရည်ရွယ်ချက်မှာ ကျေးလက်ဒေသများတွင် စိုက်ပျိုးရေးလုပ်ငန်းများနှင့် ဆည်မြောင်းလုပ်ငန်းများ တိုးမြှင့်လုပ်ကိုင်၍ အဆိုပါစီမံကိန်းများမှ ဖြစ်ပေါ်လာမည့် လယ်ယာမြေများမှ တစ်ဆင့် ဈေးကွက်သို့ သွားလာဆက်သွယ်နိုင်သည့်လမ်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ဆိပ်ခံတံတားများ ဖွံ့ဖြိုးတိုးတက်စေရေးမှတစ်ဆင့် ကျေးလက်နေ ပြည်သူများ၏ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် လူနေမှုဘဝ အဆင့်အတန်း မြင့်မားလာစေရေးတို့ကို ရည်ရွယ်၍ ယခုစီမံကိန်းကို ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း။

ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားလာပြီး လယ်ယာမြေထွက်ကုန်ပစ္စည်းများ ဈေးကွက်သို့ အချိန်တိုအတွင်း အမြန်ဆုံးရောက်ရှိစေနိုင်ရေးအတွက် ကျေးလက်လမ်း၊ တံတားများကို အဆင့်မြှင့်တင် ဆောင်ရွက်



ဒုတိယဝန်ကြီး ဦးလှကျော်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန



ဒုတိယဝန်ကြီး ဦးကျော်လင်း
ဆောက်လုပ်ရေးဝန်ကြီးဌာန



ဒုတိယဝန်ကြီး ဦးသာဦး
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ရာတွင် အထောက်အကူဖြစ်စေရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သုံးစွဲလိုသော ဂျပန်နိုင်ငံ JICA ODA Loan ဂျပန်ယန်း ၄ ဒသမ ၈၃၄ ဘီလီယံအပါအဝင် စီမံကိန်းအတွက် ဆက်စပ်ဆောင်ရွက်သွားမည့် ဝန်ကြီးဌာန သုံးခုမှ စုပေါင်းချေးယူလိုသော ဂျပန်ယန်း ၈၇ ဒသမ ၀၉၁ ဘီလီယံ ချေးငွေရယူရေးကိစ္စအား ပြည်ထောင်စုလွှတ်တော်မှ ခွင့်ပြုပေးနိုင်ရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်-မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း အဆင့်(၂)နှင့် အပိုင်း(၁)အတွက် ဂျပန်ယန်း ၅၆ ဒသမ ၆၂၂ ဘီလီယံချေးယူရန်ကိစ္စနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးက ရှင်းလင်းတင်ပြသည်။

အဆိုပါ စီမံကိန်းများဆောင်ရွက်ရန်အတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီထံမှ ဂျပန်ယန်း ၈၇ ဒသမ ၀၉၁ ဘီလီယံ ချေးယူရန်ကိစ္စနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဆက်လက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ချေးငွေများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ အထွေထွေမွမ်းမံပြင်ဆင်ရန်နှင့် စွမ်းအင်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီထံမှ ယူရို ၂၂ သန်းနှင့် ထောက်ပံ့ငွေ ယူရို ၅ သန်း ရယူလိုခြင်းကိစ္စနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကိုယ်စား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ ယင်းချေးငွေနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဆက်လက်ရှင်းလင်းတင်ပြသည်။

အဆိုပါ ချေးငွေနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သော ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့်စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ရှင်းလင်းတင်ပြသည်။

ထို့နောက် အဆိုပါအစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ(၅/၂၀၁၈)ကို ဥပဒေကြမ်း ကော်မတီဝင် ဦးဘိုကြီးက ဖတ်ကြားတင်ပြပြီး လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို တင်သွင်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် (၁၃၇)ကြိမ်မြောက် နိုင်ငံတကာ ပါလီမန်များညီလာခံ(137th IPU Assembly) သို့ တက်ရောက်ခဲ့သည့် မြန်မာလွှတ်တော် ကိုယ်စားလှယ်အဖွဲ့၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ် ၂၇ ဦးက ဆွေးနွေးကြသည်။

### လွှတ်တော်များ၏ အခန်းကဏ္ဍကို မြှင့်တင်ရန်

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး သန့်ဇင်က နိုင်ငံတကာပါလီမန်များအဖွဲ့(IPU)ကို ဒီမိုကရေစီစနစ်ခိုင်မာစွာ ဖြစ်ထွန်းရေး၊ ငြိမ်းချမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်ရေးအတွက် ကမ္ဘာ့ပါလီမန်များအကြားတွင် ဆွေးနွေးဆောင်ရွက်ကြရန် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း၊ IPU၏ ရည်ရွယ်ချက်များ အကောင်အထည်ဖော်နိုင်ရေးအတွက် ပါလီမန်များအကြားတွင် ထိတွေ့ညှိနှိုင်း၍ အတွေ့အကြုံချင်း ဖလှယ်ကြရန်၊ လူ့အခွင့်အရေးကို ကာကွယ်ရန်နှင့် တိုးတက်ဖော်ဆောင်ရန်၊ ကမ္ဘာ့နိုင်ငံများနှင့် ပတ်သက်သောကိစ္စရပ်များနှင့် စပ်လျဉ်း၍ သင့်တော်သည့် အဖြေရရှိနိုင်ရေး နိုင်ငံအသီးသီး၏အမြင်ကို ဖော်ပြရန်နှင့် လွှတ်တော်များ၏ အခန်းကဏ္ဍကို မြှင့်တင်ရန် စသည့် မူဝါဒလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

(၁၃၇)ကြိမ်မြောက် နိုင်ငံတကာ ပါလီမန်များညီလာခံနှင့် ဆက်စပ်အစည်းအဝေးများ (137th Assembly of Inter-Parliamentary Union and related meetings) တွင် ဆုံးဖြတ်ချက် နှစ်ခုနှင့် ကြေညာချက် တစ်ခုကို အတည်ပြုခဲ့ပါကြောင်း၊ ဆုံးဖြတ်ချက် အမှတ်(၂)သည် “နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိပါးခြိမ်းခြောက်မှုတစ်ခုဖြစ်သည့် ရိုဟင်ဂျာများအပေါ်တွင် ပြင်းထန်စွာတိုက်ခိုက်မှုများနှင့် နှိပ်စက်ညှဉ်းပန်းမှုများ စိုးရိမ်ဖွယ်လူသားပဋိပက္ခကို အဆုံးသတ်၍ ၎င်းတို့အနေဖြင့် ဘေးကင်းလုံခြုံစွာ မြန်မာနိုင်ငံအတွင်းရှိ မူလနေရာပြန်နိုင်ရေး” ဆုံးဖြတ်ချက်ဖြစ်ပြီး မိမိတို့နိုင်ငံနှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက်ဖြစ်ပါကြောင်း၊ ထိုဆုံးဖြတ်ချက်များတွင် အချက်ပေါင်း ၂၃ ချက် ပါဝင်သည်ကို တွေ့ရှိရပါကြောင်း။

ညီလာခံတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များ၏ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ စွမ်းစွမ်းတမံ ပူးပေါင်းဆောင်ရွက်ခဲ့မှုဖြင့် Emergency Item ကို တင်ပြနိုင်ခဲ့မှု၊ မိမိတို့နိုင်ငံပေါ် တစ်ဖက်သတ် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်ကို ကန့်ကွက်နိုင်ခဲ့မှု စသည့် နိုင်ငံတော်နှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စား ကြိုးပမ်းဆောင်ရွက်ချက်များအား လွှတ်တော်ကြီးမှ မှတ်တမ်းတင်ဂုဏ်ပြုသင့်ပါကြောင်း၊ နောင်တွင်လည်း မြန်မာ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ နိုင်ငံတကာပါလီမန်ညီလာခံ အစည်းအဝေးများသို့ တက်ရောက်ပြီးသည်နှင့် ယခုကဲ့သို့ အစီရင်ခံစာအား ယခုထက် ပိုမိုဆောလျင်စွာ လွှတ်တော်သို့တင်ပြသင့်ပါကြောင်း ဆွေးနွေးသည်။

### ပြတ်ပြတ်သားသား ငြင်းဆိုချေပ

ကရင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါ်နော်ခရစ္စထွန်း(ခေါ်)ဒေါက်တာအားကာမိုး က (၁၃၇) ကြိမ်မြောက် IPU ပါလီမန်များ ညီလာခံတွင် ရခိုင်အရေးနှင့်ပတ်သက်သည့် Emergency Item ကိုတင်သွင်းခဲ့ပြီး ကြိုတင်ကြံစည်ချောက်ချထားသကဲ့သို့ ဖြစ်ပါကြောင်း၊ ထိုအခက်အခဲကို ကြိုးစားကျော်ဖြတ်ခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့၏ ဆောင်ရွက်ချက်ကိုလည်း ဂုဏ်ပြုချီးကျူးပါကြောင်း၊ အခြေအနေများကို ရှင်းလင်းချေပနိုင်သည့် Conceptual Note အဆို မူကြမ်းတစ်ခုနှင့် ရှင်းလင်းချက် Memorandum ကို ညီလာခံတွင် တင်သွင်းနိုင်ခဲ့သည့်အပြင် ပြတ်ပြတ်သားသား ငြင်းဆိုချေပနိုင်ခဲ့သည့်အတွက် တစ်ဖက်သတ် စွပ်စွဲမှုများကို မှန်ကန်စွာ တုံ့ပြန်နိုင်ရန် အခြေအနေမှန်များ သိရှိစေရန် ပြောဆိုခွင့် အချိန်ပိုမိုရရှိရန် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ကျေးဇူးတင်ဂုဏ်ယူမိပါကြောင်း။

၂၀၁၈ ခုနှစ် မတ်လတွင် ဂျီနီဗာ၌ ပြုလုပ်မည့် (၁၃၈)ကြိမ်မြောက် နိုင်ငံတကာပါလီမန်ညီလာခံတွင် မြန်မာလွှတ်တော်အနေဖြင့် ရခိုင်ပြည်နယ် အခြေအနေကို ပြန်လည်တင်ပြသွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့ လွှတ်တော်၊ အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး ဖြစ်ပေါ်လာမည့်အရေးကို စည်းလုံးညီညွတ်စွာ ရင်ဆိုင်ရမည့်အချိန် ဖြစ်ပါကြောင်း၊ ဘာသာအမျိုးမျိုး၊ မျိုးနွယ်စုအမျိုးမျိုး မည်သို့ကွဲပြားနေသော်လည်း ပဝေသဏီက အတူယှဉ်တွဲနေထိုင်ခဲ့သည့် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံကို ကောင်းမွန်စွာ တည်ဆောက်ရန် လိုအပ်နေပြီဖြစ်ပြီး အပြန်အလှန်တိုက်ခိုက် ရန်စောင်နေမည့်အစား ငြိမ်းချမ်းရေးမှတ်ကျောက်တင်ပြီး ကမ္ဘာကြီးကို ရင်ဆိုင်ပြရန် လိုအပ်နေပြီဖြစ်ပါကြောင်း၊ ပညာရေး၊ ကျန်းမာရေးနိမ့်ကျခြင်း၊ တရားဥပဒေမဲ့ခြင်း၊ ဆင်းရဲမွဲတေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းစသည့် နိမ့်ကျခြင်းများစွာထဲမှ နိုင်ငံ့အရေးကို စည်းလုံးခြင်းအင်အားဖြင့် ကျော်ဖြတ်ရမည်ဖြစ်ပါကြောင်း၊ ဒုတိယပင်လုံ တတိယအစည်းအဝေးကို အမြန်ဆုံးကျင်းပနိုင်ရန် လိုအပ်နေပါကြောင်း၊ *စာမျက်နှာ ၈ သို့*

## ရခိုင်ပြည်နယ်ဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၄/ ၂၀၁၈**
၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်
(၂၀၁၈ ခုနှစ်၊ မတ်လ ၁၅ ရက်)
**ရခိုင်ပြည်နယ်ဝန်ကြီးခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(စ)၊ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က)တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးဝင်းမြင့်ကို ရခိုင်ပြည်နယ် စည်ပင်သာယာရေး ဝန်ကြီးဌာနဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## နေပြည်တော်ကောင်စီဝင် တာဝန်မှ ရပ်စဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၅/ ၂၀၁၈**
၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ရက်
(၂၀၁၈ ခုနှစ်၊ မတ်လ ၁၅ ရက်)
**နေပြည်တော်ကောင်စီဝင်တာဝန်မှ ရပ်စဲခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၃) (ကက)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၃ ၊ပုဒ်မခွဲ(က)နှင့်နေပြည်တော်ကောင်စီဥပဒေပုဒ်မ ၂၀၊ပုဒ်မခွဲ (က)တို့ပါ ပြဋ္ဌာန်းချက်များအရ နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ် ကို တာဝန်မှ ရပ်စဲလိုက်သည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## အကြားအာရုံချို့ယွင်းသူများအတွက် သတင်းအချက်အလက်များရပိုင်ခွင့် သေချာစေရေး စီမံကိန်းနှင့်ပတ်သက်သည့် အသိပညာပေးဆွေးနွေး

**နေပြည်တော် မတ် ၁၅**

နိုင်ငံလူဦးရေ၏ ၁ ဒသမ ၃ ရာခိုင်နှုန်းသော မြန်မာနိုင်ငံအတွင်းရှိ အကြားအာရုံ ချို့ယွင်းသူများအတွက် သတင်းအချက်အလက်များ ရပိုင်ခွင့်သေချာစေရေး စီမံကိန်းနှင့်ပတ်သက်သည့် အသိပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပသည်။ **(ယာပုံ)**



**အခွင့်အရေးတစ်ရပ်ဖြစ်**

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က မသန်စွမ်းသူများအတွက် အခြားသူများနည်းတူ အခွင့်အရေးတန်းတူ ရရှိရေးသည် အရေးပါပါကြောင်း၊ မသန်စွမ်းသူများ ဘဝရပ်တည်ရှင်သန်နိုင်ရေးအတွက် အထောက်အကူဖြစ်စေမည့် အခြေခံစားဝတ်နေရေး ရပိုင်ခွင့်များအပြင် သတင်းအချက်အလက်များ လက်လှမ်းမီရရှိပိုင်ခွင့်အများနည်းတူ ရရှိနိုင်ရေးအတွက် အရေးကြီးမည့် အခွင့်အရေးတစ်ရပ်ဖြစ်ကြောင်း။

အဆိုပါ အခွင့်အရေးများ ရရှိခံစားနိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများဖြစ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ပြီး ရုပ်သံလိုင်းများတွင် အကြားအာရုံ မသန်စွမ်းသူများအတွက် သတင်းများကို လက်သင်္ကေတပြ ကျွမ်းကျင်သူများ၏ သရုပ်ဖော်ပြသမှုများနှင့် တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့ကစ၍ မြန်မာ့ရုပ်မြင်သံကြား၏ ည ၈ နာရီ ပြည်တွင်းသတင်းကို လက်သင်္ကေတပြဘာသာစကားဖြင့် ထုတ်လွှင့်လာခဲ့သည်မှာ ယနေ့ထိ ဖြစ်ကြောင်း၊ အထူးဆောင်ရွက်ချက်အဖြစ် ၂၀၁၅ ခုနှစ် နိုဝင်ဘာလက ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် အကြားအာရုံ ချို့ယွင်းသူများအနေဖြင့် မိမိတို့၏ နိုင်ငံသားအခွင့်အရေးဖြစ်သည့် ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးရစေရန် ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များကို လက်သင်္ကေတဘာသာစကားဖြင့် ကြေညာချက်များ၊ အသိပညာပေးအစီအစဉ်များကို ထုတ်လွှင့်ပေးနိုင်ခဲ့ကြောင်း။

**တိုးချဲ့ထုတ်လွှင့်သွားရန် ကြိုးပမ်း**

ယနေ့ခေတ်ကာလတွင် ရုပ်သံမီဒီယာသည် လူအများအပေါ်လွှမ်းမိုးနိုင်သည့် မီဒီယာတစ်ရပ်ဖြစ်သဖြင့် သတင်းအစီအစဉ်များတွင်သာမက မိုးလေဝသ သတင်းနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး အစီအစဉ်များကိုလည်း ထပ်မံထုတ်လွှင့်သွားရန် စီစဉ်နေသကဲ့သို့ အနာဂတ်တွင် မြန်မာနိုင်ငံအတွင်းရှိ မသန်စွမ်းသူများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည့် ရုပ်သံအစီအစဉ်များကိုလည်း တိုးချဲ့ထုတ်လွှင့်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုကဲ့သို့ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မသန်စွမ်းသူများ၏ ရပိုင်ခွင့်များ ခံစားနိုင်ရေးအတွက် စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဆတက်ထမ်းပိုး အောင်မြင်မှုများ ရရှိမည်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံအတွင်းရှိ အကြားအာရုံချို့ယွင်းသူများအတွက် သတင်းအချက်အလက်များ လက်လှမ်းမီရပိုင်ခွင့် သေချာစေရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို မြန်မာ့အသံနှင့် ရုပ်မြင် သံကြားနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားရန် ပြောကြား ခဲ့သည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် မြန်မာနိုင်ငံနားမကြားသူများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ အစီအစဉ် ဒါရိုက်တာ ဦးကျော်ကျော်၊ အကြံပေးပညာရှင် ဒေါ်ယုယုဆွေနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် အကြားအာရုံချို့ယွင်းသူများ ရင်ဆိုင်ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများနှင့်ပတ်သက်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး(ရုပ်မြင်) ဒေါ်မိုးသူဇာအောင်က ဆက်စပ်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို အသိပေး ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသူများက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပိုမိုပူးပေါင်း ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## သာကေတတံတားအသစ်နှင့်စပ်လျဉ်း၍ Technical Transfer Programme ပြီးဆုံးမှုအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၁၅**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် တံတားဦးစီးဌာနနှင့် JICA နှင့် Nippon KOEI Consultant တို့ အကြား သာကေတတံတားအသစ်နှင့် စပ်လျဉ်း၍ Technical Transfer Programme ပြီးဆုံးမှု အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က သာကေတတံတားသစ်နှင့်စပ်လျဉ်း၍ Technical Transfer Programme တစ်ခု စီစဉ်ဆောင်ရွက်ခဲ့ပါကြောင်း၊ Extra-dosed Bridge အမျိုးအစားအတွက် နှစ်နှစ် ကြာသင်တန်းကာလဖြစ်သော ဆောက်လုပ်ရေးလုပ်ငန်းခွင် ကြီးကြပ်မှုဆိုင်ရာ နည်းပညာမျှဝေခြင်းအစီအစဉ်ကို JICA နှင့် Nippon KOEI Consultant မှ ပူးပေါင်းစီစဉ်ပေးခဲ့သော အစီအစဉ်ဖြစ်ကြောင်း၊

ဤနည်းပညာ ပူးပေါင်းရေးစီမံချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ အင်ဂျင်နီယာများသည် ဂျပန်မှ နည်းပညာရှင်များနှင့် အတူ ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် လက်တွေ့ပူးပေါင်းလုပ်ဆောင်ခွင့်ရကာ တည်ဆောက်ရေးအခန်းကဏ္ဍ အမျိုးမျိုးမှ နည်းပညာရပ်များကို လေ့လာသိရှိခွင့်ရရှိခဲ့ပါကြောင်း၊ ထို့ပြင် ဂျပန်မှ နည်းပညာရှင်များ၊ တံတားအင်ဂျင်နီယာများနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် ခေတ်မီနည်းပညာရပ်များကို သင်ယူလေ့လာခွင့် ရရှိခဲ့ပါကြောင်း၊

သာကေတ တံတားအသစ်သည် လေးလမ်းသွား Extradosed Bridge အမျိုးအစားဖြစ်ပါကြောင်း၊ ၎င်းတံတားသည် နှစ်စဉ်တိုးတက်လာသော မော်တော်ယာဉ်စီးရေ ပမာဏကြောင့် ဖြစ်ပေါ်လာသော ယာဉ်ကြောကျပ်တည်းမှုကို လျှော့ချနိုင်ပြီး ရန်ကုန်မြို့၏ သွားလာရေးကို အဆင်ပြေချောမွေ့စေနိုင်မည်သာမက သီလဝါအထူးစီးပွားရေးဇုန်သို့ ဆက်သွယ်ထားသော အဓိကလမ်းမကြီး၏ ယာဉ်ကြောသွားလာမှု အခြေအနေကိုလည်း လွယ်ကူစေမည်ဖြစ်ကြောင်း။

သာကေတ တံတားအသစ်သည် ရန်ကုန်မြို့ ဝန်းကျင်အတွက်သာမက နိုင်ငံ၏ဖွံ့ဖြိုးရေးနှင့် အာဆီယံဖွံ့ဖြိုးရေးအတွက်ပါ အထောက်အကူပြုမည့် တံတား တစ်စင်းဖြစ်ကြောင်း၊ အဆိုပါ သင်တန်းတွင် Construction management and modern construction technologies from Foundation to super structures , Mechanical and Electrical works များပါဝင်ပြီး ဂျပန်နည်းပညာရှင်များ၊ အင်ဂျင်နီယာများမှ ခေတ်မီ တံတားအင်ဂျင်နီယာ နည်းပညာများ သင်ကြားပေးခဲ့သော သင်တန်းဖြစ်သဖြင့် လွန်စွာအကျိုးရှိသောကြောင့် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ ထို့ပြင် တံတားနည်းပညာများ ရရှိရုံသာမက ရန်ကုန်ဒေသ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေသဖြင့် လွန်စွာအကျိုးရှိသော အစီအစဉ်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် JICA မှ Chief Representative ၊ Mr. Masayuki KARASAWA, မှ Technical Transfer Programme ပြီးဆုံးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန တံတားဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရွှေလေးထံသို့ Nippon KOEI Consultant မှ Project Manager, Mr. Takeshi YOSHIDA မှ တံတားနည်းပညာဆိုင်ရာ သင်ကြားပို့ချရေးစာအုပ်အား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**စာမျက်နှာ ၇ မှ**

မြန်မာနိုင်ငံလွှတ်တော်အနေဖြင့် (၁၃၈) ကြိမ်မြောက် IPU အစည်းအဝေးတွင် မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းစည်းလုံးခြင်း လက်နက်ကိုင်စွဲပြီး ဝင်နိုင်ပါစေကြောင်း ဆွေးနွေးသည်။

**ဆွေးနွေး**

အလားတူ ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာ သန်းဝင်း၊ ပဲခူးမဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ရွှေပုံ၊ ရသေ့တောင် မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးဖေချစ်၊ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်၊ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကြည်ဝင်း၊ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်၊ မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော၊ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်မိုးအောင်၊ မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်၊ ဝါးခယ်မ မဲဆန္ဒနယ်မှ ဦးဇော်သိန်း၊ ဂွမဲဆန္ဒနယ်မှ ဦးမြင့်ဝေ၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမြင့်နိုင်၊ အလုံမဲဆန္ဒနယ်မှ ဦးရဲလွင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့် (ခ) ဦးလှမြင့်သန်း၊ ကချင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာ ခွန်ဝင်းသောင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်း၊ ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေ၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကျော်သောင်း၊ ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာ မြင့်သိန်း၊ ပျော်ဘွယ် မဲဆန္ဒနယ်မှ ဦးသောင်းအေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း၊ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်တို့က ဆွေးနွေးကြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ရခိုင်ပြည်နယ်ဒေသအ တွင်း ဆောင်ရွက်ထားမှုအခြေအနေနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက ရှင်းလင်းတင်ပြသည်။

ယင်းနောက် (၁၃၇) ကြိမ်မြောက် နိုင်ငံတကာ ပါလီမန်များ ညီလာခံ (137th IPU Assembly) သို့ တက်ရောက်ခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ မြန်မာ လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌဦးတီခွန်မြတ်က ဆက်လက်ရှင်းလင်းတင်ပြသည်။

**မှတ်တမ်းတင်**

ထို့နောက် အဆိုပါ အစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်းနှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင် အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ ရှင်းလင်းတင်ပြချက်ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို မတ် ၁၉ ရက် နေ့တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်၊**
**မျိုးသူဟိန်း(သတင်းစဉ်)**

# ထိုင်း- မြန်မာ ချစ်ကြည်ရေးဂီတပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၁၅**
မြန်မာနိုင်ငံ ပညာရေးနှင့် သဘာဝဘေး အန္တရာယ် ရန်ပုံငွေပွဲအဖြစ် ထိုင်း- မြန်မာ ချစ်ကြည်ရေး ဂီတပွဲတော်ကို လာမည့်ဧပြီ ၆ ရက်နှင့် ၇ ရက်တို့တွင် ထိုင်းနိုင်ငံ မဟာချိုင်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ထိုင်း- မြန်မာဂီတပွဲတော်ကို ထိုင်းနိုင်ငံ Pitak Phum ဖောင်ဒေးရှင်းမှ ကမကထပြု ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး ထိုင်းဘတ်ငွေနှစ်သန်းဖြင့်မတည်ကာ ယင်းနေ့တွင် ထိုင်းနိုင်ငံတစ်ဝန်း ရုပ်သံအများစုမှ Live ထုတ်လွှင့်ပြသမည်ဖြစ်သည်။ မြန်မာနိုင်ငံမှ အဆိုပါဂီတပွဲသို့ သွားရောက်ကြည့်ရှုအားပေးမည့် ပရိသတ်များအနေဖြင့် အသွား၊ အပြန် လေယာဉ်စရိတ်၊ တည်းခိုစရိတ်နှင့် လည်ပတ်စရိတ်များပါ အပြီးအစီး အမေရိကန်ဒေါ်လာ ၄၀၀ ပေးဆောင်ရမည်ဖြစ်ပြီး မည်သူမဆို လိုက်ပါကြည့်ရှုနိုင်မည်ဖြစ်သည်။

"ဒီဂီတပွဲတော်က ဗုဒ္ဓဘာသာဝင် အိမ်နီးချင်းနိုင်ငံနှစ်ခု ချစ်ကြည်ရင်းနှီးမှုကို ရည်ရွယ်ရှေးရှုစီစဉ်ကျင်းပတာဖြစ်ပါတယ်၊ ဒီကနေ ထိုင်းနိုင်ငံကို သွားရောက်လုပ်ကိုင်နေတဲ့ ကလေးတွေအနေနဲ့လည်း ဒီဂီတပွဲက အားအင်တစ်ခုဖြစ်စေမှာပါ၊ ကျင်းပမယ့် ကွင်းကလည်း ပရိသတ်သုံးသောင်းဆံ့ကွင်းမှာ ကျင်းပမှာဖြစ်ပြီး မြန်မာနိုင်ငံကနေ ထိုင်းနိုင်ငံကို သွားရောက်လုပ်ကိုင်နေတဲ့ ကလေးတွေအနေနဲ့ ဘာတားဆီးမှုမှမရှိဘဲ ဒီပွဲကို လာရောက်အားပေးလို့ရအောင်လည်း စီစဉ်ပေးထားပါတယ်" ဟု ရန်ကုန်မြို့ အလိုတော်ပြည့်ကျောင်းတိုက်မှ ဆရာတော် အရှင်ကုမာရက ပြောသည်။

နှစ်နိုင်ငံဂီတပွဲတွင် အိမ်ရှင်ထိုင်းနိုင်ငံဘက်မှ နာမည်ကြီးအဆိုရှင် ခုနစ်ဦးပါဝင်သီဆိုမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ အဆိုတော်၊ အနုပညာရှင်များ ဖြစ်သော ဖိုးကာ၊ ထူးအယ်လင်း၊ နေထက်လင်း၊ ရိန်မိုး၊ ခွန်းဆင့်နေခြည်၊ ခိုင်နှင်းဝေ၊ ဆုပန်ထွာ၊ ဧကရီမိုးပိုင်၊ ရတနာ၊ အေးချမ်း၊ ကေသီခိုင်ဝင် စသော တေးသံရှင်များ သွားရောက် ဖျော်ဖြေမည်ဖြစ်ပြီး ရုံဝင်ကြေးအနေဖြင့် ထိုင်းဘတ် ၂၀၀ နှင့် ၄၀၀ သတ်မှတ်ပေးထားကြောင်း သိရသည်။ အဆိုပါ ဂီတပွဲမှရရှိသော အလှူငွေများကို ရခိုင်၊ ရှမ်း၊ မွန်၊ ချင်း စသည့် ဒေသများ၌ လိုအပ်နေသော ပညာရေးကဏ္ဍ မြင့်မားရေးနှင့် သဘာဝဘေးအန္တရာယ် ထိခိုက်မှုများတွင် လှူဒါန်းထောက်ပံ့မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

**မောင်စိန်လွင်**
**(မြန်မာ့အလင်း)**



# ရတနာပုံတက္ကသိုလ်၏ နှုတ်ဆက်ရေကန်တော့ပွဲနှင့် ရေကစားပွဲတော်ကျင်းပ

မန္တလေး မတ် ၁၅

**ရတနာပုံတက္ကသိုလ်၏ နှုတ်ဆက်ရေကန်တော့ပွဲနှင့် ရေကစားပွဲတော်ကို မတ်လ ၁၄ ရက် နံနက် ၉ နာရီမှ စတင်ကာ ညနေပိုင်းအထိ လေးထပ်ဆောင် ခန်းမရှေ့တွင် ကျင်းပခဲ့သည်။**

တက္ကသိုလ် အငြိမ်းစားဆရာ၊ ဆရာမများအား ကန်တော့ခြင်း…



တက္ကသိုလ် အငွေ့အသက်နှင့် ရိုးရာပုံရိပ်တို့ ထင်ဟပ်သည့် ကျောင်းသူ လေးများ၏ အဖွဲ့လိုက်ယိမ်းအကများနှင့် ယိမ်းအကအလှပြိုင်ပွဲများ၊ Music Soul-Yadanabon University Music Club မှ သကြၤန်တေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ Yadanabon University Dance Club မှ ခေတ်ပေါ်အကများဖြင့် ဖျော်ဖြေခြင်းနှင့် စတုဒိသာ ကျွေးမွေးခြင်းများဖြင့် ကျောင်းသား ကျောင်းသူများ စုပေါင်းဆင်နွှဲခဲ့ရာ အထူးစည်ကားခဲ့ကြောင်း တွေ့ရသည်။

ရတနာပုံတက္ကသိုလ်၏ နှုတ်ဆက်ရေကန်တော့ပွဲနှင့် ရေကစားပွဲတော်ကို ရတနာပုံ တက္ကသိုလ်ကျောင်းသားများ သမဂ္ဂ (ရ.တ.က.သ)မှ ဦးစီးကျင်းပခြင်းဖြစ်ပြီး ကျောင်းသက်တမ်း ၁၈ နှစ်အတွင်း ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်ဘာသာရပ် ဖြေဆို

**နေပြည်တော် မတ် ၁၅**
၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်ဘာသာရပ်ကို ယနေ့ နံနက် ၉ နာရီက ဖြေဆိုကြသည်။ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် နိုင်ငံခြားစာစစ်ဌာနများတွင် ပထဝီဝင်ဘာသာဖြေဆိုရန် စာရင်းရှိ ကျောင်းသား ကျောင်းသူ ၁၀၂၈၄ ဦးတွင် ဖြေဆိုသူ ၉၃၄၆ ဦးရှိပြီး ဖြေဆိုရန် ပျက်ကွက်သူ ၉၃၈ ဦးဖြစ်၍ ဖြေဆိုမှု ရာခိုင်နှုန်း ၉၀ ဒသမ ၈၅ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်)၌ ဂျပန်သွားဘက်ဆိုင်ရာ ပါမောက္ခဟောပြော

**ရန်ကုန် မတ် ၁၅**
သွားဘက်ဆိုင်ရာဆေးပညာ စဉ်ဆက်မပြတ် တိုးတက်ပြန့်ပွားစေရန် ရည်ရွယ်လျက် ဂျပန်နိုင်ငံ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-တိုကျို (Tokyo Medical and Dental University)မှ ပါမောက္ခ Yuichi Izumi သည် မတ် ၁၅ ရက် မွန်းလွဲ ၁ နာရီက သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်ရွှေရတုခန်းမ၌ Periodontal Regeneration in the New Era: Preclinical and Clinical Research ခေါင်းစဉ်ဖြင့် လာရောက်ဟောပြောရာ ဆရာ ဆရာမများ၊ ဘွဲ့လွန်သင်တန်းသား သင်တန်းသူများ၊ အလုပ်သင် ဆရာဝန်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ယခုနှစ် ဖေဖော်ဝါရီလကုန်အထိ မီးလောင်မှု ၄၀၅ ကြိမ်ဖြစ်ပွား သိန်းပေါင်း နှစ်သောင်းကျော်ဖိုးဆုံးရှုံးမှုဖြစ်

**နေပြည်တော် မတ် ၁၅**
မီးဘေးလုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီခွဲက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် နေပြည်တော် မီးသတ်ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးလှိုင်ဝင်းအောင်က မီးလောင်မှုဖြစ်ပွားရခြင်း အခြေခံသဘောတရားများ၊ မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ အခြေခံအချက်အလက်များ၊ မီးသတ်ဆေးဘူး အသုံးပြုပုံများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဝန်ထမ်းများက မီးသတ်ဆေးဘူး အသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ကြသည်။ ဟောပြောပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

ယခုနှစ် ဇန်နဝါရီလမှ ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံတစ်ဝန်း တိုင်းဒေသကြီး၊ ပြည်နယ်များတွင် မီးလောင်မှု ၄၀၅ ကြိမ် ဖြစ်ပွားခဲ့ရာ ဆုံးရှုံးမှုတန်ဖိုး ကျပ် ၂၄၁၄၂၈၂၀၀ ဖိုး ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် စက်ရုံနှစ်ရုံ၊ အိမ်ခြေ ၅၅၁ လုံး၊ ဂိုဒေါင် ၁၃ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး ဖြစ်စဉ်များကြောင့် လူ ၁၆ ဦး သေဆုံးပြီး ၄၄ ဦး ဒဏ်ရာရရှိခဲ့သည်။

အဆိုပါမီးလောင်မှုများတွင် မီးဖိုမီးကြောင့် ၉၉ ကြိမ်၊ ပေါ့ဆမီးကြောင့် ၁၂၈ ကြိမ်၊ အလိုအလျောက်မီးကြောင့် သုံးကြိမ်၊ တောမီးကြောင့် ၁၅ ကြိမ်၊ လျှပ်စစ်မီးကြောင့် ၉၈ ကြိမ်၊ ရှို့မီးကြောင့် ၆၂ ကြိမ် စုစုပေါင်း ၄၀၅ ကြိမ် မီးလောင်ခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

**သူရ**

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ၂၀၁၈ ခုနှစ် မတ်လ ၂ ရက်နေ့မှ မတ်လ ၈ ရက်နေ့အထိ တစ်ပတ်အတွင်းထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | ပဋ္ဌမသံဂါယနာမဟာနာယက ဘုရားကြီး ဆရာတော် | ဒဏ္ဍီဏာရာမ | ၈၀၀၀ | မြန်မာ့သံတော်ဆင့် |
| ၂ | နေဝန်းနီတို့ အိမ်အပြန်ဝတ္ထုစုစည်းမှု | လင်းဇော်ဦး | ၂၅၀၀ | ဥတ္တရလမင်း |
| ၃ | ပိတောက်ဖူးတဲ့ လတန်ခူးနှစ်ဦးသကြၤန်ခါ | ကလောင်စုံ | ၅၀၀၀ | စိတ်ကူးချိုချို |
| ၄ | သိင်္ဂါရခံစားမှု အချစ်ဝတ္ထုစာစုများ | လယ်တွင်းသားစောချစ် | ၄၀၀၀ | ပန်းမြိုင်လယ် |
| ၅ | ဝတ္ထုတိုပေါင်းချုပ် | မောင်ကျော်သာ(ပဲခူး) | ၁၀၀၀၀ | ကျားချောင်း |
| ၆ | ရွှေအိုးရှက်လာတဲ့ ကောင်းကင် | ကမ်လူဝေး | ၁၅၀၀ | ရှင်မတောင် |
| ၇ | မက်စ်ဝါဒနိုင်ငံရေးဘောဂဗေဒ | ရဲဘော်ခင်မောင်ကြီး | ၃၅၀၀ | ယဉ်မျိုး |
| ၈ | မီးခိုးယဉ်ကျေးမှု | လူနှင်းချို(မတ္တရာ) | ၂၀၀၀ | ယဉ်မျိုး |
| ၉ | ရဲဘော်သုံးကျိပ်ဝင်တို့၏အထ္ထုပ္ပတ္တိ | အောင်ဝင်းထွဋ် | ၁၅၀၀ | စိတ်ကူးချိုချို |
| ၁၀ | ဖာနိုင်ငံ | မင်းနွယ် | ၂၂၀၀ | စိတ်ကူးချိုချို |
| ၁၁ | တွေးတဲ့ကျူပင် | တက်တိုး | ၁၅၀၀ | စိတ်ကူးချိုချို |
| ၁၂ | ဒေါ်အောင်ဆန်းစုကြည် အပြစ်လား (မြန်မာ့ရေးရာနှင့် ကမ္ဘာ့ရေးရာသတင်း ဆောင်းပါးများ) | သက်ဝင်းမြင့် | ၃၀၀၀ | ခေတ်ပြတိုက် |
| ၁၃ | ခရီးသွားလုပ်ငန်းဆောင်းပါးများ စုစည်းချက် ကမ္ဘာလှည့်ခရီးသွား လုပ်ငန်းကြီးအတွက် မြန်မာ့လူ့စွမ်းအား အရင်းအမြစ်များ ၁ | မြင်းသည်တော် | ၅၀၀၀ | စာပေလောက |
| ၁၄ | အရေးအခင်းအဖုံဖုံ ဖြစ်ရပ်စုံ | မော်သာထွေး | ၆၀၀၀ | မျိုးဆက်သစ် |
| ၁၅ | ခမ်းနားသောကြေကွဲမှု ရုပ်ရှင်ခံစားမှု စာစုများ | ဂျူနီယို | ၄၀၀၀ | စိတ်ကူးချိုချို |
| ၁၆ | ပျော်ရွှင်မှုကို အခုပဲရယူလိုက်စို့ | မျိုးမင်းရန်အောင် | ၂၀၀၀ | စိတ်ကူးချိုချို |
| ၁၇ | ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တန်ခိုးကြီး ထင်ရှားသောဘုရားစေတီများ | ဂမ္ဘီရဆရာလှမျိုး | ၄၅၀၀ | စာပေနန်းတော် |
| ၁၈ | ရာမ | သင့်လူ | ၄၀၀၀ | ငါတို့စာပေ |
| ၁၉ | အယ်ဒီတာ့စကား | ချစ်ဝင်းမောင် | ၂၅၀၀ | စိတ်ကူးချိုချို |
| ၂၀ | အယ်လက်ဇန်းဒါးဟာမင်တန် | The key collection | ၁၅၀၀ | The key collection |
| ၂၁ | ဂျက်ကလင်းကနေဒီ | The key collection | ၁၅၀၀ | The key collection |
| ၂၂ | ရိမန်တစ်ခေတ် | အောင်ချိမ့် | ၂၀၀၀ | The key collection |
| ၂၃ | တရားမလျှောက်လဲချက် နမူနာများ(၁) | ခနေဖြူ ဦးသန်းဆွေ | ၂၅၀၀ | အားမာန်သစ် |
| ၂၄ | ကမ္ဘာ့စနစ်ကြီးနဲ့ လေ့စီးလာမယ့်သူနှင့် အခြားဆောင်းပါးများ | တင်အောင်အောင် | ၂၅၀၀ | မျိုးဆက်သစ် |
| ၂၅ | ထိုသူတို့ရဲ့ကျွန်မ---ဆရာမ--တီချယ် | မေ(ပညာရေး) | ၃၀၀၀ | Academic |
| ၂၆ | ဒိဗ္ဗျာ | ပါရဂူ | ၄၀၀၀ | စိတ်ကူးချိုချို |
| ၂၇ | ကိုယ်ပိုင်အလင်းနဲ့အကောင်းဆုံးဖြစ်ပါစေ | ခင်စောတင့် | ၂၀၀၀ | ရန်အောင်(၂) |
| ၂၈ | ဇာတိမာန်စာဆို၏ကလောင်စွမ်းနှင့် အခြားစာတမ်းများ | ကြည်နိုင် | ၂၅၀၀ | ရန်အောင်(၂) |
| ၂၉ | အိန္ဒိယ၏အဖိုးတန်လူသား၊ ကမ္ဘာ့ရတနာတစ်ပါး ဂျဝါဟာလာနေရူး | ရဲနောင်ထွဋ် | ၃၀၀၀ | ပန်းဆက်လမ်း |

ဆက်လက်ဖော်ပြပါမည်

# မြေပုံမြို့နယ်ရှိ ကျေးရွာပေါင်း ၄၀ အား ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် နိုင်ငံတော်က ငွေကျပ်သိန်း ၄၀၀၀ ထောက်ပံ့ပေးခဲ့

**စစ်တွေ မတ် ၁၅**

ရခိုင်ပြည်နယ် မြေပုံမြို့နယ်ရှိ ကျေးရွာပေါင်း ၄၀ တွင် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်က ငွေကျပ်သိန်း ၄၀၀၀ ထောက်ပံ့ပေးခဲ့ကြောင်း မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း မြေပုံမြို့နယ်ရှိ ကျေးရွာ ၁၄၈ ရွာအတွက်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (Village Development Plan-VDP)ရေးဆွဲခဲ့ပြီး စီမံကိန်းရင်းနှီးမြှုပ်နှံမှုအစီအစဉ်ဖြင့် ကျေးရွာ ၄၀ အား တစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ စီ ထောက်ပံ့ပေးခဲ့ခြင်းဖြစ်သည်။

စီမံကိန်းပါ ဦးစားပေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော် ထောက်ပံ့ငွေ၊ ကျေးရွာမှထည့်ဝင်ငွေများဖြင့် ကျေးရွာအတွင်း ကွန်ကရစ်လမ်းခင်းခြင်း၊ ကျောက်ချောလမ်းခင်းခြင်း၊ ဆိပ်ခံတံတားတည်ဆောက်ခြင်း၊ မြေထိန်းနံရံတည်ဆောက်ခြင်း၊ ကွန်ကရစ်တံတားတည်ဆောက်ခြင်း၊ စိမ့်စမ်းရေသွယ်ခြင်း၊ ရေတားတမံတည်ဆောက်ခြင်း၊ အုတ်ရေကန်တည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကျေးလက်ဒေသ



ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးပေးပြီး ကျေးရွာဒေသခံများပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးကော်မတီက စီမံခန့်ခွဲလျက်ရှိကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့ (LIFT Fund)အကူအညီဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (Village Development Plan-VDP) ရေးဆွဲခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပြီး ကျေးရွာများတွင် အမှန်တကယ်လိုအပ်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်စေရန် ကျေးရွာသူ၊ ရွာသားများ၏ဆန္ဒနှင့် ရွာ၏လိုအပ်ချက်ကို ဖော်ထုတ်ကာ ယင်းအပေါ်အခြေခံ၍ စီမံကိန်းကို ရေးဆွဲနေခြင်းဖြစ်ကြောင်း သိရသည်။

“ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်တဲ့အတွက် ကျေးလက်နေပြည်သူတွေအနေနဲ့ ကျေးရွာလူထုပူးပေါင်းပါဝင်မှုကို တိုးတက်စေပြီး ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အစီအစဉ်တကျ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်၊ စုပေါင်းဆုံးဖြတ်ခြင်းကို ပိုမိုတိုးတက်စေမှာဖြစ်ပါတယ်၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းပါ အချက်အလက်တွေဟာ ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရ၊ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းတွေနဲ့ စီးပွားရေးအဖွဲ့အစည်းတွေအတွက် ၎င်းတို့ရဲ့ မူဝါဒနဲ့ ငွေကြေးဆိုင်ရာဆုံးဖြတ်ချက်တွေ ချမှတ်ရာမှာ အထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်”ဟု မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘစောက ပြောသည်။

**သတင်း-ကျော်သူထက်၊ ဓာတ်ပုံ-ဟန်လင်းနိုင်(စစ်တွေကိုယ်ပွား)**

# စစ်တွေမြို့၌ အခြေခံကွန်ပျူတာ နည်းပညာသင်တန်းဖွင့်




**စစ်တွေ မတ် ၁၅**

ရခိုင်ပြည်နယ်အတွင်းရှိ စိုက်ပျိုးရေးဦးစီးဌာနများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းငယ်များ ခေတ်မီနည်းပညာများကို တတ်ကျွမ်းစေရန်၊ အခြေခံကွန်ပျူတာပညာရပ်ကို အသုံးပြုတတ်စေရန်၊ အင်တာနက်နည်းပညာ အသုံးပြုနည်းနှင့် Email၊ Gmail နည်းပညာများ အသုံးပြုတတ်လာစေရန် ယနေ့ နံနက် ၁၀ နာရီက ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးတိုးဝေက သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းသို့ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ သင်တန်းသား သင်တန်းသူ ၄၀ တို့ကို စိုက်ပျိုးရေးဦးစီးဌာနမှ ကျွမ်းကျင်ဝန်ထမ်းသုံးဦးက အခြေခံကွန်ပျူတာဘာသာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း၊ သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၅၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# တောင်ကုတ်ဒေသရှိ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်မည့် ခုတင် ၁၀၀ ဆံ့ ဆေးရုံသစ်တည်ဆောက်

**စစ်တွေ မတ် ၁၅**

ရခိုင်ပြည်နယ်အတွင်း ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးလုပ်ငန်းများကို ခုတင် ၅၀၀ ဆံ့ဆေးရုံတစ်ရုံ၊ ခုတင် ၂၀၀ ဆံ့ နှစ်ရုံ၊ ခုတင် ၁၀၀ ဆံ့ လေးရုံ၊ ခုတင် ၅၀ ဆံ့ ၂၅ ရုံ၊ ၁၆ ခုတင်ဆံ့ ဆေးရုံနှင့် တိုက်နယ်ဆေးရုံများ စုစုပေါင်းဆေးရုံ ၆၈ ရုံဖြင့် ကုသရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ တောင်ကုတ်မြို့နယ်ဆေးရုံလည်း အပါအဝင်ဖြစ်သည်။



ဒေါက်တာ စန်းလွင်



ဒေါက်တာ ချမ်းသာ

လက်ရှိ တောင်ကုတ်မြို့နယ်ဆေးရုံမှာဟောင်းနွမ်းလာပြီး လူနာအင်အားနှင့် ဆေးရုံ၏ဝင်ဆံ့မှု မမျှတခြင်းတို့ကြောင့် ယခုဆေးရုံသစ်ကြီးကို နိုင်ငံတော်မှ ခွင့်ပြုငွေကျပ်သိန်းပေါင်း ၁၉၃၈၀ ဖြင့် ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

“တောင်ကုတ်မြို့နယ် ဆေးရုံကတော့ ခုတင် ၁၀၀ ဆံ့ ဆေးရုံဖြစ်ပါတယ်၊ မူလဆေးရုံဟောင်း အဆောက်အအုံကလည်း ဟောင်းလာပြီ၊ လူနာ ဝင်ဆံ့နိုင်တဲ့အင်အားကလည်း နည်းလာတဲ့အတွက်ကြောင့် ကျွန်တော်တို့ ဆေးရုံအသစ်ဆောက်လုပ်ဖို့ စီစဉ်ခဲ့ပါတယ်၊ လွန်ခဲ့တဲ့ သုံးလေးနှစ်ကတည်းက ကျွန်တော်တို့ မြို့မိမြို့ဖတွေနဲ့ မြို့ခံပြည်သူလူထုက မြေဧက ၁၄ ဒသမ ၇၅ ဧကကို လှူဒါန်းခဲ့ကြပါတယ်၊ လှူပြီးတော့ အဲဒီနေရာကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက နေပြီးတော့ နှစ်အလိုက် နှစ်အလိုက် ဆေးရုံတွေချပေးပါတယ်၊ ပထမနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ကျွန်တော်တို့ ဆေးရုံရဲ့ အုပ်ချုပ်ထောက်ပံ့လုပ်ငန်းတွေကို လုပ်ဆောင်ဖို့ အခန်း၊ ဓာတ်မှန်ခန်းတို့ ပါဝင်တဲ့ အဆောက်အအုံနဲ့ အရေးပေါ်ဌာန အဆောက်အအုံကို ဆောက်ပါတယ်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်နှစ်ခုမှာ နှစ်ထပ်အဆောက်အအုံနှစ်ဆောင်ကို ဆောက်ပါတယ်၊ ဒီအဆောက်အအုံ ဆောက်ပြီးလို့ရှိရင်တော့ ကျွန်တော်တို့ရဲ့ဆေးရုံကို ဖွင့်လှစ်နိုင်မယ့် အနေအထားရှိပါတယ်၊ နောက်ပြီးဒီဆေးရုံမှာ တာဝန်ထမ်းဆောင်မယ့် ဝန်ထမ်းတွေအတွက်လည်း လေးထပ် အဆောက်အအုံဆောက်လုပ်ပြီး ဖြစ်ပါတယ်၊ ဒါကြောင့် မကြာမီအချိန်အတွင်း ဒီနှစ်အတွင်းမှာတော့ ရေတွေ၊ မီးတွေ ဆက်သွယ်ပြီးရင် ဖွင့်လှစ်ပေးနိုင်မှာ ဖြစ်ပါတယ်၊ တကယ်တော့ တောင်ကုတ်ဆေးရုံကြီးမှာ လူနာအင်အားနဲ့ ဆေးရုံရဲ့ဝင်ဆံ့တာမမျှတာကြောင့် ဒီဆေးရုံသစ်ကြီးပေါ်ပေါက်လာရင် ဒီကပြည်သူတွေကို ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်မယ်လို့ ယူဆပါတယ်”ဟု ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ပြောသည်။

“တောင်ကုတ်မြို့မှာတော့ ဒီဆေးရုံကြီးမဆောက်လုပ်ခင်က အရင်ဆေးရုံအဟောင်းပါ၊ ဆေးရုံကတော့ အဆင့်ဆင့်တိုးမြှင့်လာတာပါ၊ အရင် ၁၆ ခုတင်ကစပြီး ၂၅ ခုတင်၊ ခုတင် ၅၀ ဒီလိုတိုးမြှင့်လာပြီး အခုတော့ ၂၀၁၄ ဇွန်လကစပြီး တောင်ကုတ်မြို့နယ်မှာ ခုတင် ၁၀၀ ဆံ့ဆေးရုံကို ခွင့်ပြုလိုက်ပါတယ်၊ ဒီဆေးရုံကို စတင်ဆောက်လုပ်တာကတော့ ၂၀၁၅ မှာ စတင်ဆောက်လုပ်ပါတယ်၊ အဲဒီမှာ ဆေးရုံအုပ်ရုံးခန်းတွေ၊ သူနာပြုအုပ်ရုံးခန်းတွေ၊ ဝန်ထမ်းတွေအတွက် ရုံးခန်းတွေပါဝင်တဲ့ နှစ်ထပ်ဆောင်၊ ခွဲစိတ်ခန်းတွေပါဝင်တဲ့ နှစ်ထပ်တိုးချဲ့လူနာဆောင်၊ ခွဲစိတ်ခန်းမပါတဲ့ နှစ်ထပ်တိုးချဲ့လူနာဆောင်တွေက ပြီးသွားသလောက်ဖြစ်နေပြီ၊ လေးခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာကတော့ ဆောက်လုပ်ဆဲဖြစ်ပါတယ်၊ ဒီဟာတစ်ခုလုံးကတော့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနဲ့ ဆောက်လုပ်တာဖြစ်ပါတယ်၊ ဒီအဆောက်အအုံတွေအားလုံး ပြီးသွားရင် တော့ အတွင်းလူနာတစ်ရာလောက်က သက်သက်သာသာ ချောင်ချောင်ချိချိနဲ့ တက်ရောက်ကုသနိုင်မှာဖြစ်ပါတယ်၊ ခုတင် ၁၀၀ ဆေးရုံဖြစ်တဲ့အတွက် အထူးကုဆရာဝန်ကြီးတွေ စုံစုံလင်လင်ခန့်ထားပေးမှာဖြစ်ပါတယ်၊ အဲဒီအခါမှာတော့ တောင်ကုတ်မြို့နယ်က လူနာတွေ ကျွန်တော်တို့ ဆေးရုံကမနိုင်လို့ တခြားဆေးရုံတွေကို လွှဲပြောင်းပေးရတာတွေ မရှိသလောက်ဖြစ်သွားပြီး ဒီဆေးရုံမှာတင် ခွဲစိတ်ကုသနိုင်တော့မှာ ဖြစ်ပါတယ်၊ အထူးကုဆရာဝန်ကြီးတွေက အထွေထွေ အထူးကုသမားတော်၊ ခွဲစိတ်အထူးကု၊ သွားဖွားမီးယပ်အထူးကု၊ ကလေးအထူးကု၊ မျက်စိအထူးကုဆရာကြီးတွေအပါအဝင် အထူးကုဆရာဝန်ကြီး ကိုးဦးလောက်ပါဝင်မှာ ဖြစ်ပါတယ်၊ ဆေးရုံသုံးပစ္စည်းတွေကလည်း ခုတင် ၁၀၀ နဲ့ ညီမျှတဲ့ပစ္စည်းတွေ အစုံအလင်ပါဝင်မှာဖြစ်ပါတယ်၊ လိုအပ်တာအနေနဲ့ကတော့ ရင်ခွဲရုံအဆောက်အအုံတစ်ခုပဲ လိုအပ်တော့မှာ ဖြစ်ပါတယ်၊ ဒါကိုလည်း တင်ပြတောင်းခံထားတဲ့အတွက် ခွင့်ပြုပေးမှာ ဖြစ်ပါတယ်” ဟု တောင်ကုတ်မြို့နယ် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဆေးရုံအုပ်ကြီး ဒေါက်တာစန်းလွင်က ပြောသည်။



တောင်ကုတ်မြို့နယ် ပြည်သူ့ဆေးရုံအဆောက်အအုံသစ်ကို တွေ့ရစဉ်။

ခုတင် ၁၀၀ ဆံ့ ဆေးရုံသစ်ကြီး ဖွင့်လှစ်ပြီးပါက တောင်ကုတ်မြို့နယ်မှ ပြည်သူတွေအပြင် ရမ်းဗြဲမြို့နယ်၊ မာန်အောင်မြို့နယ်၊ အမ်းမြို့နယ်နှင့် သံတွဲမြို့နယ်များမှ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် များစွာအထောက်အကူပြုလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**တွေ့ဆုံမေးမြန်း- တင်ထွန်း(ပြန်/ဆက်)**
**ဓာတ်ပုံ- ကံထွန်း( ဟံတာမြေ)**

# အခြေခံလူတန်းစားများပါ စီးပွားရေးလုပ်ငန်းများတွင် ပါဝင်လာနိုင်ရန် အများနှင့်အကျုံးဝင်သော စီးပွားရေးလုပ်ငန်းစဉ်အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် မတ် ၁၅**

သာတူညီမျှမှုရှိပြီး အားလုံးပါဝင်သည့် အနာဂတ်ဖြစ်လာရန်အတွက် အများနှင့် အကျုံးဝင်သော စီးပွားရေးလုပ်ငန်းစဉ် (Inclusive Business- IB) ကဏ္ဍစီးပွားရေး လုပ်ငန်းစဉ် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ Prime Hill Business Square တွင် ကျင်းပသည်။ **(ယာပုံ)**



အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ခနေ Facility က ဦးဆောင်ပြုလုပ်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်လေး၊ စီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံတကာစီးပွားရေး လုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းမှ တာဝန်ရှိသူများ တက်ရောက် ပါဝင်ဆွေးနွေးခဲ့ကြသည်။

UMFCCI ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်လေးက "အများနှင့်အကျုံးဝင်သော စီးပွားရေးလုပ်ငန်းများဆိုတာ ကျွန်တော့်အတွက်တော့ အသစ်တစ်ခုပါပဲ၊ မြန်မာနိုင်ငံအတွက် ဘယ်လောက်အကျုံးဝင်မလဲဆိုတာ သင်ယူလေ့လာချင်ပါတယ်၊ ခနေ Facility ဟာ ပြီးခဲ့တဲ့ နိုဝင်ဘာမှာ ကျွန်တော်တို့ UMFCCI နဲ့ ချိတ်ဆက်လာပါတယ်၊ အများနှင့် အကျုံးဝင်သော စီးပွားရေးလုပ်ငန်းဆိုတာကို ကျွန်တော်တို့ဘက်ကတော်တော်လေး စိတ်ဝင်စားပါတယ်၊ အများနှင့်အကျုံးဝင်သော စီးပွားရေးလုပ်ငန်း (Inclusive Business-IB) က မြန်မာနိုင်ငံမှာဘာကြောင့် နည်းပါးတာလဲ၊ IB က စီးပွားရေးလုပ်ငန်းရှင်တွေကိုတင်မကပဲ အများအတွက်လည်း ဆောင်ရွက်ပေးနိုင်တာကို သိရပါတယ်၊ ငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းကိုလည်း ကျွန်တော်တို့ UMFCCI က ပါဝင်လုပ်ကိုင်နေပါတယ်"ဟု အဖွင့်နှုတ်ခွန်းဆက်စကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ခနေ Facility က အများနှင့် အကျုံးဝင်သော စီးပွားရေးလုပ်ငန်း (Inclusive Business-IB) ကို စီးပွားရေးလုပ်ငန်းရှင်များ သိရှိလာစေရန် မိတ်ဆက်ပေးခြင်းအားဖြင့် လုပ်ငန်းရှင်များအနေဖြင့် IB ကိုသိရှိ၍ ၎င်းတို့၏ လုပ်ငန်းများတွင် ထည့်သွင်းပေးသွားနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။ ခနေ Facility သည် မြန်မာနိုင်ငံတွင် နည်းပညာပိုင်းဆိုင်ရာနှင့် ငွေကြေးအရထောက်ပံ့မှုများ ဆောင်ရွက်သွားရန်ရှိကြောင်း အဆိုပါဆွေးနွေးပွဲမှ သိရသည်။

ခနေ Facilityသည် ဗြိတိန်နိုင်ငံ၏ နိုင်ငံတကာဖွံ့ဖြိုးရေးဌာန DFID မှ ငွေကြေးထောက်ပံ့ပေးထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ခနေ Facility သည် တာဝန်ယူမှုရှိ၍ အများနှင့်အကျုံးဝင်သော စီးပွားရေးလုပ်ငန်းစဉ် (Inclusive Business)များတွင် ရင်းနှီးမြှုပ်နှံကာ မြန်မာနိုင်ငံတွင် Inclusive Business ထင်ရှားပေါ်လွင်စေရန်အတွက် ဈေးကွက်အတိုင်းအတာလေ့လာမှု ပြုလုပ်လျက်ရှိသည့် အဖွဲ့တစ်ခုဖြစ်ကြောင်း ၎င်းတို့၏ ထုတ်ပြန်ချက်များအရ သိရသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ DFID အကြီးအကဲ ဒေါက်တာ ဂေးလ်မာဇက်တီအား သတင်းမီဒီယာများက တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။

**မေး။ ။ အများနှင့် အကျုံးဝင်သော စီးပွားရေးလုပ်ငန်းစဉ် (Inclusive Business-IB) ကို ဆင်းရဲနွမ်းပါးတဲ့ အခြေခံလူတန်းစားတွေ ပါဝင်လာအောင် ဘယ်လိုပုံစံမျိုး ဆောင်ရွက်သွားမလဲ။ သူတို့သိရှိလာအောင် ဘယ်လိုတွေများ လုပ်ဆောင်မှာပါလဲ။**

ဖြေ။ ။ မူဝါဒပိုင်းဆိုင်ရာမှာ သူတို့တွေ ပူးပေါင်းပါဝင်လာအောင် ရေးဆွဲမယ်။ သင်တန်းပေးမယ်။ နောက်ထုတ်ကုန်ပေါ့။ ဥပမာ-ခေါင်းလျှော်ရည်ဆိုရင် ဘူးကြီးတွေထုတ်မယ့်အစား လက်လှမ်းမီတဲ့ ဘူးသေးတွေ၊ နောက်အထုပ်ကလေးတွေ ထုတ်တာမျိုးပေါ့။ ကိုယ့်ရဲ့ ကုန်ပစ္စည်းကို ဒီဇိုင်းပုံစံပြောင်းပြီး လျှော့ထုတ်ခြင်းအားဖြင့် ဆင်းရဲနွမ်းပါးသူတွေ လက်လှမ်းမီနိုင်မယ်။ နောက် ခနေ Facility အနေနဲ့ စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့လုပ်ငန်းတွေ လုပ်နေတယ်။ ဆင်းရဲနွမ်းပါးသူတွေ ပိုပြီးတော့ ပါဝင်လာအောင် ဥပမာ -ခနေ Facility က ဆင်းရဲနွမ်းပါးသူတွေနဲ့ ပူးပေါင်းပြီး ဝယ်ယူတာမျိုးပုံစံတွေ အများကြီးဆောင်ရွက်နိုင်ပါတယ်။

**မေး။ ။ အများနှင့်အကျုံးဝင်သော စီးပွားရေးလုပ်ငန်းစဉ် (Inclusive Business-IB) လုပ်တဲ့အခါ မြန်မာနိုင်ငံအတွက် အခက်ခဲဆုံးစိန်ခေါ်မှုက ဘာဖြစ်မလဲ။**

ဖြေ။ ။ Inclusive Business ကို ဒီမှာအကောင်အထည်ဖော်တဲ့နေရာမှာ အချိန်ကြာပါတယ်။ ဒါကြောင့် ခနေအဖွဲ့အစည်းရဲ့ အကူအညီကိုယူပြီး သွားနေခြင်းဖြစ်ပါတယ်။ Inclusive Business ကို အကောင်အထည်ဖော်နိုင်ဖို့အတွက် အစိုးရကိုလည်း ပံ့ပိုးပေးနေတယ်။ ဒါကိုလည်း ခနေ Facility က တစ်ဆင့် သွားနေပါတယ်။

**မေး။ ။ အများနှင့်အကျုံးဝင်သော စီးပွားရေးလုပ်ငန်းစဉ် (Inclusive Business-IB) ကို စီးပွားရေးလုပ်ငန်းရှင်တွေလုပ်နိုင်ဖို့ လမ်းညွှန်မှုကဘာဖြစ်မလဲ။**

ဖြေ။ ။ အများနှင့်အကျုံးဝင်သော စီးပွားရေးလုပ်ငန်းစဉ်က ရေရှည်မှာအဓိက အကျိုးရှိလာမယ့် လုပ်ငန်းစဉ်ဖြစ်တယ်။ စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ ပါဝင်လာမယ်ဆိုရင် သူတို့ပါဝင်မှုအတွက် ရေရှည်မှာအကျိုးရှိလာမှာပါ။

**မေး။ ။ IB ကို DFID က အကောင်အထည်ဖော်တဲ့နေရာမှာ ဘယ်လိုဆောင်ရွက်ခဲ့လဲ။ မြန်မာနိုင်ငံအနေနဲ့ရော။**

ဖြေ။ ။ တန်ဇန်နီးယားနိုင်ငံမှာဆို ကိုကာကိုလာဆိုရင် ဆင်းရဲနွမ်းပါးတဲ့ အမျိုးသမီးကွန်ရက်ကို အသုံးပြုပြီး ဖြန့်ချိခဲ့တယ်။ မိုက်ခရိုဆော့ဖ်ဆိုရင်လည်း သူတို့ရဲ့ Application ကို ဖြန့်တဲ့အခါ ဆင်းရဲနွမ်းပါးတဲ့သူတွေရဲ့ ကွန်ရက်ကိုအသုံးပြုပြီး သွားတယ်။ အဲ့ဒါက ပိုမိုထိရောက်တဲ့အပြင် ထဲထဲဝင်ဝင် လုပ်နိုင်တယ်။ များသောအားဖြင့် စီးပွားရေးသမားတွေက အပေါ်ယံ Level နဲ့ အလယ်အလတ်တန်းစားတွေကိုပဲ ထိတာများတယ်။ အောက်ခြေအခြေခံလူတန်းစားတွေ ပါဝင်တဲ့ စီးပွားရေးကို ကိုယ်တိုင်လုပ်ခြင်းအားဖြင့် ကိုယ်ရဲ့ကုန်ပစ္စည်းက ပိုပြီးထိထိရောက်ရောက်ရှိပါတယ်။ ဒါက DFID ကပံ့ပိုးခဲ့လို့ အောင်မြင်တဲ့ ဥပမာတစ်ခုပါ။ လူ့စွမ်းအားအရင်းအမြစ်မှာ ကျွမ်းကျင်သူတွေ ရှိလာပြီဆိုရင် ဆင်းရဲ၊ ချမ်းသာမဟုတ်ဘဲ လက်တွဲလုပ်ရမယ်။ ဆင်းရဲတဲ့သူတွေမှာ အရည်အချင်းမပြည့်သေးဘူးဆိုရင် သူတို့ကို အရည်အချင်းပြည့်မီအောင် ပံ့ပိုးပေးရမယ်။ ဆင်းရဲတဲ့ အခြေခံလူတန်းစားတွေပါ စီးပွားရေးလုပ်ငန်းတွေမှာ ပါဝင်လာအောင်ဆွဲခေါ်ရမယ်။ သူတို့ရဲ့စီးပွားရေးကို အားပေးတာမျိုး၊ သူတို့ကိုလုပ်ငန်းခွင်ထဲ ပါဝင်လာအောင် ဆွဲခေါ်တာမျိုးတို့ လုပ်ရပါမယ်။

**မေး။ ။ မြန်မာနိုင်ငံမှာ IB လုပ်မယ်ဆိုရင် ဖြစ်လာနိုင်မယ့် အခြေအနေကိုပြောပြပေးပါ။**

ဖြေ။ ။ အခုဆိုရင် စီးပွားရေးမူဝါဒပိုင်းဆိုင်ရာနဲ့ ပတ်သက်ပြီး ကုမ္ပဏီဥပဒေတွေ လုပ်နေတယ်။ ဒါဟာ နောက်ဆုံးအခြေအနေကို မရောက်သေးလို့ မူဝါဒပိုင်းဆိုင်ရာ အကောင်အထည်ဖော်ရာမှာတော့ အားနည်းမှု ရှိနိုင်သေးတယ်။ ဒါပေမယ့် အားလုံးပူးပေါင်း ဆောင်ရွက်မယ်ဆိုအဆင်ပြေသွားမှာပါ။

**မေး။ ။ IB ဖြစ်လာဖို့အတွက် လုပ်ငန်းရှင်တွေနဲ့ အခြေခံလူတန်းစားတွေကြားမှာ အစိုးရရဲ့ ပူးပေါင်းဆောင်ရွက်မှုက ဘာဖြစ်မလဲ။**

ဖြေ။ ။ အစိုးရအနေနဲ့ ရေရှည်ဖွံ့ဖြိုးမယ့် စီမံကိန်းတစ်ခုဆွဲထားပါတယ်။ အဲ့ဒါကိုလုပ်ရင်းနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ ပါဝင်မယ်။ အခြေခံလူတန်းစားတွေလည်း ပါဝင်မယ်ဆိုရင် သုံးဦးစလုံးဖွံ့ဖြိုးတိုးတက်မှု ရမှာပါ။ အစိုးရအနေနဲ့ အဲဒီလိုပဲ ဆောင်ရွက်သွားမှာပါ။

ကျေးဇူးတင်ပါတယ်ခင်ဗျာ

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ဟော်ကီပြိုင်ပွဲဖွင့်

**ရန်ကုန် မတ် ၁၅**

၂၀၁၈ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အမျိုးသားပတ်လည် အမှတ်ပေးဟော်ကီပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ရန်ကုန်မြို့ရှိ သိမ်ဖြူ ဟော်ကီကွင်း၌ ကျင်းပခဲ့သည်။ **(ယာပုံ)**



ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်စား ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်က အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်ကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။ ဆက်လက်၍ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစောလုလုထော်တို့က ပြိုင်ပွဲအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ပြိုင်ပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်တပ်မတော် (လေ)၊ ရန်ကုန်တိုင်းဒေသကြီးတပ်မတော် (ရေ)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သိမ်ဖြူလူငယ်နှင့် All Star အသင်း စုစုပေါင်း ခုနစ်သင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး ပတ်လည်စနစ်ဖြင့် ကစားကာ အမှတ်အများဆုံးနှစ်သင်း ဗိုလ်လုပွဲကစားရမည်ဖြစ်သည်။ ပြိုင်ပွဲကို မတ် ၁၄ ရက်မှ ၂၉ ရက်အထိ တစ်နေ့လျှင် နှစ်ပွဲနှုန်းဖြင့် ကျင်းပမည်ဖြစ်သည်။

**သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-စိုးညွန့်**

## မြန်မာ့ရုပ်မြင်သံကြား

**၁၆ -၃- ၂၀၁၈ (သောကြာနေ့)**

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်

၇း၀၀ - Breakfast News

၈း၃၅ - မျက်မှောက်ရေးရာအဖြာဖြာ

၉း၃၅ - အလုပ်သမားရေးရာ အစီအစဉ်

၁၀း၃၀ - လူမှုစီးပွားမြင်ကွင်းများ

၁၁း၄၀ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "ကိုယ့်ဇာတ်လမ်းမှာ ကိုယ်သာဇာတ်လိုက်" နေတိုး၊ ထွန်းထွန်း၊ ဝတ်မှုံရွှေရည် ဒါရိုက်တာ-ကျော်ဇောလင်း အတွေးပုံရိပ်

၁၂း၃၀ - နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် ဓမ္မပူဇာသဘင်တရားပွဲ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (ယောဆရာတော်) "အသိမေတ္တာညီညာ ကိုင်စွဲတရားတော်"

**ညပိုင်း**

၁၆း၃၅ - ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ (၃၄)

# တရားလွှတ်တော်ရှေ့နေ ဦးကိုနီ လုပ်ကြံခံရမှုနှင့်ပတ်သက်၍ ပြန်ခေါ်သက်သေ ခုနစ်ဦးအား စစ်ဆေး

**ရန်ကုန် မတ် ၁၅**

တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သေနတ်ဖြင့်ပစ်ခတ်လုပ်ကြံခံရမှုနှင့်ပတ်သက်၍ ယနေ့နံနက် ၁၀ နာရီက မြောက်ပိုင်းခရိုင်တရားရုံး၌ ပြန်ခေါ်သက်သေခုနစ်ဦး စစ်ဆေးမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့်ပြန်ကြားရေးတာဝန်ခံအရာရှိ ခရိုင်ဒုတိယတရားသူကြီး ဦးရဲလွင်က "ဒီကနေ့ ကျွန်တော်တို့ မြောက်ပိုင်းခရိုင်တရားရုံး ရာဇဝတ်ကြီးအမှုအမှတ် ၄၅/၂၀၁၇ တရားလို ရဲအုပ် မိုးနိုင်၊ တရားခံ ကြည်လင်း(ခ)ဖိုးထူးပါ-၄ ရာဇသတ်ကြီး ပုဒ်မ ၃၀၂/၃၄/၁၂၂ အရ စွဲဆိုမှုကနေ ပြန်ခေါ်သက်သေခုနစ်ဦး စစ်ဆေးပါတယ်၊ အဲဒီခုနစ်ဦးဟာ မိုင်းဖြတ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းဇော်ထွန်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် ပြည်လမ်းမကြီး အမှတ် ၇ မှာ ဖွင့်လှစ်ထားတဲ့ ရှိုးဂန်းကုမ္ပဏီပိုင်ရှင် ဦးတင်ထွန်းအောင်၊ ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် တာမွေ ၄ ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမြသိန်းနဲ့ ရာအိမ်မှူး ဦးဝင်းသိန်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးတင်မောင်အေးနဲ့ ရာအိမ်မှူး ဦးစည်သူအောင်၊ ဒီအမှုရဲ့ အမှုစစ်ရဲအရာရှိရဲမှူး တင်မောင်ဆွေတို့ကို စစ်ဆေးပါတယ်၊ မနက်ဖြန် မတ် ၁၆ ရုံးချိန်းမှာ ကျန်ရှိ ပြန်ခေါ်သက်သေအားလုံး စစ်ဆေးမယ်လို့ ပြောထားတာလေးရှိပါတယ်"ဟု ပြောသည်။

မီဒီယာများက အမှုနှင့်ပတ်သက်၍ မေးမြန်းကြရာ ပြန်ကြားရေးအရာရှိက ရာဇဝတ်ကြီးအမှုအမှတ် ၄၅/၂၀၁၇ လူသတ်မှုတွင် ပြန်ခေါ်သက်သေ ၃၇ အနက် ၃၃ ဦး စစ်ပြီး လေးဦးသာကျန်တော့ကြောင်း၊ အမှုအမှတ် ၄၆/၂၀၁၇ လက်နက်မှုတွင် ပြန်ခေါ်သက်သေသုံးဦးမှာ ရဲမှူး တင်မောင်ဆွေ၊ ဒုတိယရဲမှူး မြတ်ထွန်းကျော်၊ ဒုတိယရဲမှူး တင်ဝင်းမောင်တို့ဖြစ်ကြောင်း၊ မတ် ၉ ရက် ရုံးချိန်းမှာ ဒုရဲမှူး မြတ်ထွန်းကျော်ကို စစ်ခဲ့ပြီးကြောင်း ယခင်ရုံးချိန်းတွင် ရဲမှူး တင်မောင်ဆွေကို တရားခံများဘက်မှ ပယ်လိုက်သည့်အတွက် ဒုတိယရဲမှူး တင်ဝင်းမောင်သာ စစ်ဆေးရန်ကျန်ရှိကြောင်း၊ ထို့ကြောင့် လာမည့် ရုံးချိန်း၌ စုစုပေါင်းပြန်ခေါ်သက်သေငါးဦး ခေါ်လာခဲ့ရန် ဥပဒေအရာရှိအား မှာကြားထားပါကြောင်း ထပ်မံရှင်းလင်းပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

*❄ ကျော်ဖုံးမှ*

မြန်မာအသင်းယှဉ်ပြိုင်မည့် ၂၀၁၈ ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲကို ဧပြီ ၂၃ ရက်မှ မေ ၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင် ဘရူနိုင်း၊ မြန်မာ၊ ထိုင်း၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ လာအိုနှင့် တီမောအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာ ယူ-၂၁ အသင်းသည် ပြိုင်ပွဲမတိုင်မီ ခြေစမ်းပွဲများယှဉ်ပြိုင်ကစားခွင့်ရရန် ကြိုးပမ်းလျက်ရှိသည်။ မြန်မာ ယူ-၂၁ အသင်းတွင် နည်းပြချုပ်အဖြစ် ဦးကြည်လွင်၊ လက်ထောက်နည်းပြများအဖြစ် ဦးကျော်လွင်နှင့် ဦးချစ်နိုင်၊ ဂိုးနည်းပြအဖြစ် ဦးမျိုးကျော်အောင်၊ ကြံ့ခိုင်ရေးနည်းပြအဖြစ် မားကပ်စ်၊ ကစားသမားများအဖြစ် **ဂိုးသမား-** ဘုန်းသစ္စာမင်း (ရှမ်းယူနိုက်တက်)၊ နိုင်လင်းထွန်း (ဟံသာဝတီ)၊ ထွန်းနန္ဒာဦး (မြဝတီ)၊ **နောက်တန်း-** သူရိန်စိုး(ရန်ကုန်)၊ သက်ပိုင်ထွေး (ရှမ်းယူနိုက်တက်)၊ ရဲရင့်အောင်၊ အောင်ဝဏ္ဏစိုး (ရတနာပုံ)၊ သန်းထိုက်ဇင်၊ စိုးမိုးကျော် (အား/ကာသိပ္ပံ)၊ ဇော်ဝင်းမောင်၊ ဝင်းမိုးကျော်၊ ဟိန်းထက်စည်သူ (မကွေး)၊ ကျော်သူထွန်း (ဟံသာဝတီ)၊ **အလယ်တန်း-**ဇွဲသက်ပိုင် (ရှမ်းယူနိုက်တက်)၊ စိုးလွင်လွင်၊ မြတ်ထွန်းသစ်၊ ဇေယျာနိုင် (မကွေး)၊ လွင်မိုးအောင် (အား/ကာသိပ္ပံ)၊ ပြည့်စုံနိုင်၊ မြတ်ကောင်းခန့် (ရတနာပုံ)၊ ဟိန်းထက်အောင် (ဟံသာဝတီ)၊ **ရှေ့တန်း-**ဝင်းနိုင်ထွန်း (ရတနာပုံ)၊ ဇင်မင်းထွန်း၊ ရဲနိုင်ဦး (မကွေး) နှင့် အောင်ကောင်းမာန် (ရောဝတီ) တို့ ပါဝင်ကြသည်။

**ညီမြတ်သော်တာ**

# ပုဗ္ဗသီရိမြို့နယ်၌ တစ်သောင်းတန်ငွေစက္ကူအတု ပြုလုပ်သူများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၅**

ပုဗ္ဗသီရိမြို့နယ် ဉယျာဉ်ကျေးရွာ၌ မတ် ၁၄ ရက် နံနက် ၁၀ နာရီခွဲက နေမင်းရောင်ခြည်အသင်း(အသေးစား ငွေရေးကြေးရေးလုပ်ငန်း)မှ ငွေချေးရာတွင် ၁၀၀၀၀ ကျပ်တန် ငွေစက္ကူအတုများ တွေ့ရှိသဖြင့် စစ်ဆေးရာမှ ငွေစက္ကူအတု ပြုလုပ်သူများအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



အဆိုပါ မတ် ၁၄ ရက်က ငွေစက္ကူအတုများ တွေ့ရှိကြောင်း သတင်းအရ ဥတ္တရခရိုင်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးကြီး ခင်မောင်သန်းဦးစီးအဖွဲ့ သွားရောက်စစ်ဆေးရာ သာရေး၊ နာရေး အသင်းခေါင်းဆောင် ဦးစိုးဝင်း၏ နေအိမ်၌ ပျဉ်းမနားမြို့နယ် မင်္ဂလာမီးရထားရပ်ကွက်ရှိ နေမင်းရောင်ခြည်အသင်း (အသေးစား ငွေရေးကြေးရေး လုပ်ငန်း)မှ ပျဉ်းမနားမြို့နယ် ညောင်ပင်သာကျေးရွာနေ မန်နေဂျာ ဒေါ်ခင်စောယု (၃၈ နှစ်)ပါ ငါးဦးကို တွေ့ရှိသဖြင့် မေးမြန်းစစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၁၃ ရက် မွန်းလွဲ ၁ နာရီခွဲက ဦးစိုးဝင်းနေအိမ်၌ နေမင်းရောင်ခြည်အသင်း(အသေးစား ငွေရေးကြေးရေး လုပ်ငန်း)မှ ငွေချေးအရာရှိ ဦးနေလင်းထွန်းနှင့် ဒေါ်အေးမြတ်မိုးတို့က ငွေကြေးအမှန်တကယ်လိုအပ်နေသည့် ကျေးရွာနေပြည်သူ ၅၇ ဦးအား တစ်ဦးလျှင် အနည်းဆုံး ငွေကျပ်တစ်သိန်းမှ အများဆုံး ငွေကျပ် လေးသိန်းခွဲအထိ အတိုး ၂ ဒသမ ၅ ကျပ်နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၂၂၉၀၀၀၀၀ အား ထုတ်ချေးခဲ့ကြောင်း၊ မတ် ၁၄ ရက် နံနက် ၆ နာရီခွဲတွင် ဒေါ်ခင်စောယု ပါငါးဦးသည် ငွေထပ်မံ ထုတ်ချေးပေးရန်ရောက်ရှိလာစဉ် မတ် ၁၃ ရက်က ဉယျာဉ်ကျေးရွာနေ မဖြူဖြူဝင်းပါ ၂၇ ဦးတို့ ချေးယူခဲ့သော ငွေများတွင် ငွေကျပ် ၁၀၀၀၀ တန် ငွေစက္ကူ အတု ၁၂၇ ရွက်ပါရှိသဖြင့် ၎င်းတို့ထံ ပြန်လည်လာရောက်အပ်နှံခဲ့ရာ ဦးနေလင်းထွန်းက အဆိုပါငွေစက္ကူအတု ၁၂၇ ရွက်အား သိမ်းဆည်းခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် ပျဉ်းမနားမြို့ မင်္ဂလာရပ်ကွက် နေမင်းရောင်ခြည်အသင်း (အသေးစား ငွေရေးကြေးရေးလုပ်ငန်း)ရုံးသို့ ဥတ္တရခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်သန်း ဦးစီးသည့်တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာဖွေရာ ယင်းကုမ္ပဏီမှ ငွေကိုင် ပျဉ်းမနားမြို့ ဦးမင်းဒင်ရပ်နေ မချစ်စုဝေ(၃၁နှစ်) နှင့် စီမံကိန်းညှိနှိုင်းရေးမှူး မအိဖြူအေး (၂၆ နှစ်) နေမင်းရောင်ခြည်အသင်း (အသေးစားငွေရေးကြေးရေးလုပ်ငန်း)ရုံးနေထိုင်သူတို့ထံမှ ငွေကျပ် ၁၀၀၀၀ တန်ငွေစက္ကူအတု ၃၂ ရွက်နှင့်ရုံးခန်း အပေါ်ထပ်၌ ငွေတုပြုလုပ်ရာတွင် အသုံးပြုသည့် Sharp MX2310F ကာလာမိတ္တူစက်တစ်လုံး၊ စက္ကူဖြတ်စက်တစ်ခု၊ A4 စက္ကူ ၃၀ ရွက်တို့ကို ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မချစ်စုဝေနှင့် မအိဖြူအေးတို့အား စစ်ဆေးရာ နေမင်းရောင်ခြည်အသင်း (အသေးစားငွေရေးကြေးရေးလုပ်ငန်း)မှငွေများအား ကိုယ်ကျိုးအတွက်သုံးစွဲမိရာမှ ပြန်လည်မပေးအပ်နိုင်သောကြောင့် ငွေကျပ် ၁၀၀၀၀ တန် ငွေစက္ကူအတု ၁၇၅ ရွက် မိတ္တူကူးယူပြီး ငွေချေးအရာရှိ ဦးနေလင်းထွန်း ထုတ်ယူသော ငွေကျပ် သိန်း ၂၅၀ ထဲတွင် ရောစွက်ထည့်ပေးခဲ့ကြောင်း စစ်ဆေးသိရှိရ၍ ငွေစက္ကူအတုပြုလုပ်သူ မချစ်စုဝေနှင့် မအိဖြူအေးတို့အား ကျည်တောင်ကန်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# မြဝတီမြို့နယ် ကုန်သွယ်ရေးဇုန်တွင် ၁၂ ဘီးယာဉ်တစ်စီးပေါ်မှ ဟိုက်ဒရိုကလိုရစ်အက်ဆစ်များ သိမ်းဆည်းရမိ

**မြဝတီ မတ် ၁၅**

ကရင်ပြည်နယ် မြဝတီမြို့နယ် ကုန်သွယ်ရေးဇုန်တွင် မတ် ၁၃ ရက် ညနေပိုင်းက ၁၂ ဘီးယာဉ်တစ်စီးပေါ်မှ ထိန်းချုပ်ဓာတုပစ္စည်းများဖြစ်သော ဟိုက်ဒရိုကလိုရစ်အက်ဆစ် အရည် ၁၁၇ ပုံး စုစုပေါင်း ၂၀၀၈ လီတာကို ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မတ် ၁၃ ရက် ညနေ ၅ နာရီက မြဝတီကုန်သွယ်ရေးဇုန် တာဝန်ကျ အကောက်အခွန်မှူး ဦးကျော်ကျော်က မသင်္ကာဖွယ်အက်ဆစ်များ တွေ့ရှိကြောင်း အကြောင်းကြားချက်အရ မူးယစ်တပ်ဖွဲ့စု-၃၂ မြဝတီမှ ဒုတိယရဲမှူး မင်းထွဋ် ဦးစီးအဖွဲ့၊ သဃ်န်း ညီနောင်နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သက်နိုင်စိုး ဦးစီးအဖွဲ့တို့သည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ယာဉ်မောင်း ဝင်းထွန်း (၄၆ နှစ်) အမှတ်-၂၃ တပင်ရွှေထီးလမ်း ၇၁ ရပ်ကွက် ဒဂုံမြို့သစ်တောင်ပိုင်း ရန်ကုန်တိုင်းဒေသကြီးနေသူမောင်းနှင်ပြီး ယာဉ်ပေါ်တွင် ကိုယ်စားလှယ်အဖြစ် အောင်မြင့်ထွန်း (၃၂နှစ်) လိုပ်စာတူနေသူ လိုက်ပါလာသော YGN/8E-----နစ်ဆန်း ၁၂ ဘီးယာဉ်ပေါ်မှ အလျား ၁၁ လက်မခန့်၊ အမြင့် တစ်ပေ ခြောက်လက်မခန့်ရှိသော ပလတ်စတစ်ပုံး တစ်ပုံးလျှင် ၂၄ လီတာပါ ဟိုက်ဒရိုကလိုရစ်အက်ဆစ် အရည် ၁၁၇ ပုံး စုစုပေါင်း ၂၀၀၈ လီတာ သိမ်းဆည်းရမိခဲ့သည်။



ထို့ကြောင့် ထိန်းချုပ်ဓာတုပစ္စည်းများ သယ်ဆောင်လာသူ ယာဉ်မောင်း ဝင်းထွန်းနှင့် ကိုယ်စားလှယ်ဖြစ်သူ အောင်မြင့်ထွန်းတို့နှစ်ဦးအား သဃ်န်း ညီနောင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# လိုင်စင်မဲ့မော်တော်ယာဉ်သုံးစီး ဖမ်းမိ

**နေပြည်တော် မတ် ၁၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မတ် ၁၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၅၂ စီး၊ သွင်းကုန် အစီး ၉၅၀၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၄ စီး၊ သွင်းကုန် ၁၆၃ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၁၄ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် လေးသန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၆၄ သန်းခန့် စုစုပေါင်းတားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆ ဒသမ ၆၄ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၁၄ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် ကျိုက်ထိုမြို့နယ် ဒေါင်းတောင်ထမင်းဆိုင်ရှေ့တွင် ရပ်တန့်ထားသော တရားဝင်စာရွက် စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ TOYOTA WISH တစ်စီး၊ TOYOTA CROWN နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၅ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လွယ်ဂျယ်ဈေးအနီးတွင် ငွေကျပ်သိန်း ၂၀၇၇ တန်ဖိုးရှိ ဘိန်းဖြူများ သိမ်းဆည်းရမိ

**လွယ်ဂျယ် မတ် ၁၅**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့တွင် မတ် ၁၄ ရက် နံနက် ၁၁ နာရီခန့်က ဘိန်းဖြူများ သယ်ဆောင်လာသည့် ယာဉ်ပေါ်မှ ငွေကျပ်သိန်း ၂၀၇၇ တန်ဖိုးရှိ ဘိန်းဖြူမှုန့်များ သိမ်းဆည်းရမိကြောင်း နယ်မြေမူးယစ်နှိမ်နင်းရေး တပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်နှိမ်နင်းရေး တပ်ဖွဲ့စု (၁/၂)မှ တပ်ဖွဲ့ဝင်များ၊ လွယ်ဂျယ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ တပ်မတော်သားများနှင့် ပူးပေါင်းအဖွဲ့သည် လွယ်ဂျယ်ဈေးအနီး တရုတ်-မြန်မာ နယ်စပ်ဖြတ်ကျော် လမ်းမကြီးပေါ်၌ စောင့်ဆိုင်းနေစဉ် နမ့်ခမ်းဘက်မှ လွယ်ဂျယ်ဘက်သို့ မူဆယ်မြို့နယ် မန်မိုင်ကျေးရွာနေ ယောဆက်(ခ) ရီရှင်တဲ့ (၂၀ နှစ်) မောင်းနှင်လာသည့် YGN-GG/ ---- ODYSSE ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၁၆၇ ခွက် စုစုပေါင်း ဘိန်းဖြူ အလေးချိန် ၂ ဒသမ ၀၇၇ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုး ငွေကျပ်သိန်း ၂၀၇၇) နှင့် ယောဆက်အမည်ပါ နိုင်ငံသားစိစစ်ရေး ကတ်ပြားတစ်ခု၊ ယောဆက်အမည်ပါ တရုတ်-မြန်မာ နယ်စပ်ကူးသန်းသွားလာခွင့်လက်မှတ်စာအုပ်တစ်အုပ်၊ လက်ကိုင်ဖုန်းတစ်လုံးတို့အား သိမ်းဆည်းရမိခဲ့သဖြင့် လွယ်ဂျယ်နယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# ဒေသန္တရလက်လုပ်မိုင်းတစ်လုံးတွေ့ရှိသဖြင့် သက်မဲ့ပြုလုပ်သိမ်းဆည်း

**နေပြည်တော် မတ် ၁၅**

ပန်ဆိုင်း(ကြူကုတ်)မြို့ ရပ်ကွက် ၅ ပန်ဆိုင်း-မုံးကိုးသွားကားလမ်း၏ တောင်ဘက်ခုနစ်မိုင်ခန့်အကွာ ယာခင်းအစပ်၌ မတ် ၁၄ ရက် ညနေ ၅ နာရီ မိနစ် ၂၀ က ဒေသန္တရလက်လုပ်မိုင်းတစ်လုံး တွေ့ရှိကြောင်း သတင်းအရ တပ်မတော်သားများ၊ ပန်ဆိုင်း (ကြူကုတ်)နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ သုံးလက်မပတ်လည်ခန့်ရှိ ပလတ်စတစ်ကော်ဘူးအတွင်း သံဘောစေ့များနှင့် ယမ်းမှုန့်များထည့်လျက် ဝိုင်ယာကြိုးစဖြင့် သွယ်တန်းထားသော ဆိုင်ကယ်ဘက်ထရီအိုးတစ်လုံး၊ ဆားကစ်ပြားတစ်ခုတို့ပါ ဒေသန္တရ လက်လုပ်မိုင်းတစ်လုံးတွေ့ရှိသဖြင့် သက်မဲ့ပြုလုပ်ကာ နယ်မြေခံတပ်မှ သိမ်းဆည်းသွားကြောင်း သိရသည်။

**ကိုရဲ**

# ဝါးခုတ်သွားစဉ် မိုင်းပေါက်ကွဲမှုကြောင့် အမျိုးသားတစ်ဦးဒဏ်ရာရရှိ

**နေပြည်တော် မတ် ၁၅**

နမ္မတူမြို့နယ် ပန်ကိုင်ကျေးရွာ၏ အနောက်ဘက်တစ်မိုင်ခန့်အကွာ၌ မတ် ၁၄ ရက် နံနက် ၈ နာရီ မိနစ် ၄၀ က အဆိုပါကျေးရွာနေ ဦးခူမာလား (၆၂ နှစ်) သည် သားဖြစ်သူ ကော်ဗဟာဒူး(၂၈ နှစ်)နှင့်အတူ ဝါးခုတ်သွားစဉ် တိုက်မိုင်းတစ်လုံး ပေါက်ကွဲခဲ့၍ ဦးခူမာလားတွင် ဒဏ်ရာများ (မစိုးရိမ်ရ)ရရှိခဲ့သဖြင့် သီပေါပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသမှုခံယူလျက်ရှိကြောင်းနှင့် ကော်ဗဟာဒူးမှာ နောက်မှလိုက်လာခြင်းဖြစ်၍ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

**ကိုရဲ**

# ဗန်းမော်၌ မူးယစ်ဆေးဝါးများ သယ်ဆောင်လာသူနှစ်ဦး ဖမ်းဆီးရမိ

**ဗန်းမော် မတ် ၁၅**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် မတ် ၁၃ ရက်က မူးယစ်ဆေးဝါးများနှင့်အတူ အမျိုးသမီးနှစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ ညနေ ၆ နာရီခန့်က မူးယစ်တပ်ဖွဲ့စု-၁ ဗန်းမော်မှ တပ်ဖွဲ့ဝင်များနှင့် မြို့မရဲစခန်း နယ်ထိန်းအဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဗန်းမော်-မန်စီကားလမ်းပေါ်ရှိ ဗန်းမော်မြို့နယ် မန်ရွတ်ကျေးရွာတံတားအနီး၌ စောင့်ဆိုင်းနေစဉ် မန်စီမြို့ဘက်မှ ဗန်းမော်မြို့ဘက်သို့ မရွှေရင်မောင်းနှင်ပြီး မခင်နှင်းလိုက်ပါလာသည့် ဆိုင်ကယ်ရောက်ရှိလာသဖြင့် ရပ်တန့်စစ်ဆေးရှာဖွေခဲ့သည်။

ယင်းသို့ရှာဖွေစဉ် မခင်နှင်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈ သိန်း)နှင့် ၎င်းတို့ထံမှ လက်ကိုင်ဖုန်းနှစ်လုံး တွေ့ရှိသိမ်းဆည်းရမိသဖြင့် မခင်နှင်း(၂၈ နှစ်)နှင့် မရွှေရင်(၂၇ နှစ်) သိန်လုံကျေးရွာ ဗန်းမော်မြို့နေသူတို့အား ဗန်းမော်မြို့မြို့မရဲစခန်းက ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းအောင်**

# စလင်း- မင်းဘူးကားလမ်း၌ ကားနှင့် ဆိုင်ကယ်တိုက်မိ

**စလင်း မတ် ၁၅**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် စလင်း- မင်းဘူးသွားကားလမ်း မိုင်တိုင်အမှတ် ၄၀/၁ နှင့် ၄၀/၂ အကြား ထူးပေါက်ရွာသွားလမ်းခွဲတွင် မတ် ၁၄ ရက် မွန်းလွဲ ၃ နာရီခွဲခန့်က ကားနှင့်ဆိုင်ကယ် တိုက်မိခဲ့သည်။

အဆိုပါသတင်းအရ မြို့မစခန်းမှ တာဝန်မှူးနှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ စလင်းမြို့ ပေါင်းနားရပ်နေ အောင်ကျော်မိုး (၅၄နှစ်) မောင်းနှင်လာသော 7D/---- Probox ယာဉ်ပြန်ကွေ့စဉ် စလင်းဘက်မှ ဆင်ဖြူကျွန်းဘက်သို့ အရှေ့ဇီးကုန်းရွာနေသူ ကျော်လင်းထိုက် (၂၃ နှစ်) စီးနင်းလာသော ဆိုင်ကယ်တို့ တိုက်မိခဲ့သဖြင့် အောင်ကျော်မိုးနှင့် ကျော်လင်းထိုက်တို့အား စလင်းမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

စာပေမြင့်မှ လူမျိုးတင့်မည်

EMBASSY OF INDIA
YANGON

RECRUITMENT NOTIFICATION-01/2018

Embassy of India, Yangon invites applications from eligible candidates for one post of Clerk. Application Form and other eligibility criteria are available at our website www.embassyofindiayangon.in. The last date of submission of application is **05.04.2018.**Applicants may contact Embassy for further information (Tel: 391219/243972).

Sd/-
**Head of Chancery**

# တစ်နိုင်ငံလုံးတွင် "ပထမ" နေရာမှ (၆)နှစ်ဆက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်ခဲ့သော အခွန်ထမ်း "မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း နာယက" "ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ" အတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

| စဉ် | အခွန်စည်းကြပ်နှစ် | နိုင်ငံတော်သို့ ပေးဆောင်ခဲ့သည့် အခွန်ငွေ | အဆင့် |
|---|---|---|---|
| ၁။ | ၂၀၁၁–၂၀၁၂ | ၆, ၀၁၅. ၃၉၇ သန်း | ပထမ |
| ၂။ | ၂၀၁၂–၂၀၁၃ | ၁၀, ၈၂၇. ၇၀ သန်း | ပထမ |
| ၃။ | ၂၀၁၃–၂၀၁၄ | ၁၇, ၀၆၂. ၆၆ သန်း | ပထမ |
| ၄။ | ၂၀၁၄–၂၀၁၅ | ၂၂, ၀၁၄. ၉၄ သန်း | ပထမ |
| ၅။ | ၂၀၁၅–၂၀၁၆ | ၂၃, ၁၅၅. ၈၂ သန်း | ပထမ |
| ၆။ | ၂၀၁၆–၂၀၁၇ | ၂၈, ၀၄၂. ၂၅ သန်း | ပထမ |

- ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရမှ ချီးမြှင့်သည့် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်ဆုချီးမြှင့်ခြင်း အခမ်းအနားတွင် ၂၀၁၁-၂၀၁၂ မှ ၂၀၁၆-၂၀၁၇ အခွန်စည်းကြပ်နှစ်အထိ၊ တစ်နိုင်ငံလုံးတွင် **"ပထမ"** နေရာမှ (၆)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့သော **"မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA)၏ နာယက၊ ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း"** အား နိုင်ငံတော်သမ္မတ ဦးထင်ကျော် မှ ချီးမြှင့်သည့် **"နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်ဆု"** ကို လက်ခံရရှိခဲ့ခြင်း၊
- ၂၀၁၁-၂၀၁၂ မှ ၂၀၁၃-၂၀၁၄ အခွန်စည်းကြပ်နှစ်အထိ မြန်မာတစ်နိုင်ငံလုံးတွင် ပထမနေရာမှ(၃)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့သဖြင့် နိုင်ငံတော်သမ္မတ၏ (၃)နှစ်ဆက် **"နိုင်ငံ့စွမ်းဆောင်ရည်ဆု (နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သော လုပ်ငန်းရှင်-ပထမဆု)"** ကို လက်ခံရရှိခဲ့ခြင်း၊
- ၂၀၁၇-ခုနှစ်၊ စက်တင်ဘာလ(၆)ရက်၊ ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တွင် ဖိလစ်ပိုင်နိုင်ငံ၊ သမ္မတ Mr.Rodrigo Duterte မှ ပေးအပ်ချီးမြှင့်ခဲ့သည့် အာဆီယံနှစ်(၅၀)အတွင်း ပထမဆုံးအကြိမ် ပေးအပ်ချီးမြှင့်သော အမြင့်မားဆုံးဆု **"The Legacy Award (အာဆီယံ ထူးချွန် စံပြ စီးပွားရေးလုပ်ငန်းရှင်ဆု)"** ကို လက်ခံရရှိခဲ့ခြင်း၊
- နှစ်စဉ် ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ချီးမြှင့်သော ပြည်တွင်းနှင့် နိုင်ငံတကာဆု အမြောက်အမြားကို ထိုက်တန်စွာ လက်ခံရရှိခဲ့ခြင်း၊
- ကြိုတင်ခွန်များကို စနစ်တကျ ကြိုတင်စီစဉ်ပေးသွင်းရန် ဆောင်ရွက်ထားရှိခြင်း၊
- နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ငွေကြေးကဏ္ဍမှ အဓိကအထောက်အကူပြု ပါဝင်နိုင်ခဲ့ခြင်း၊
- နိုင်ငံအတွင်း အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင် အမြောက်အမြားပေါ်ထွန်းလာအောင် ပံ့ပိုးကူညီဖော်ဆောင် ပေးနိုင်ခဲ့ခြင်းနှင့် လူငယ်လုပ်ငန်းရှင်များ လေးစားအားကျအတုယူဖွယ်ရာ ရှေ့ဆောင်စံနမူနာပြု ပြသပေးခြင်း၊
- နိုင်ငံတော်နှင့်ပြည်သူအတွက် လူမျိုးဘာသာမရွေး၊ နေရာဒေသမရွေး နိုင်ငံအကျိုးပြုကဏ္ဍအသီးသီးတွင် ကျပ်ငွေ (၁၃၈)ဘီလီယံ ကျော်ကို လှူဒါန်းခဲ့ခြင်း စသည်တို့အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာပြည်သူ ပြည်သားများ အမြဲထာဝရ အားကိုးအားထားရသော အောင်မြင်သည့် ထိပ်တန်းဘဏ်ကြီးအဖြစ် ရပ်တည်နိုင်ပါစေကြောင်း၊ နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍ အသီးသီး၌လည်း ဆထက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်နှင့် အသင်းသားများ
မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း(MYEA)

# ရုရှားမှ ကူးပြောင်းလာသူ ဗြိတိန်၌ သေဆုံးလျက်တွေ့ရှိ



**လန်ဒန် မတ် ၁၅**
လန်ဒန်ရဲတပ်ဖွဲ့သည် ရုရှားမှကူးပြောင်းလာခဲ့သူတစ်ဦးကို လန်ဒန်မြို့အနီးရှိ ၎င်း၏နေအိမ်တွင် သေဆုံးလျက်တွေ့ရှိခဲ့ရပြီး ၎င်းသေဆုံးမှုကို စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေကြောင်း သိရသည်။

သေဆုံးသူ နီကိုလိုင် ဂလပ်ရှ်ကော့ဗ်၏ အလောင်းကို တနင်္လာနေ့နှောင်းပိုင်းတွင် တွေ့ရှိခဲ့ကြောင်း သတင်းမီဒီယာများက အင်္ဂါနေ့တွင် ဖော်ပြခဲ့သည်။

ရုရှားလေကြောင်းလိုင်း Aeroflot မှ အကြီးတန်း အာဏာပိုင်ဟောင်းဖြစ်သည့် ဂလက်ရှ်ကော့ဗ်သည် ရုရှားမှ ပြည်နှင်ခံရပြီး ဗြိတိန်၌ နေထိုင်ခဲ့သည်။

လန်ဒန်ရဲတပ်ဖွဲ့က အကြမ်းဖက် ဆန့်ကျင်တိုက်ဖျက်ရေး ညွှန်ကြားမှု ယူနစ်အဖွဲ့သည် သေဆုံးသူနှင့်ဆက်နွှယ်နေသည့် အဖွဲ့အစည်းများရှိနိုင်သည့်အတွက် ၎င်းသေဆုံးမှုကို ကြိုတင်ကာကွယ်မှုတစ်ရပ်အနေဖြင့် စုံစမ်းစစ်ဆေးနေကြောင်း ပြောကြားခဲ့သည်။

ဂလပ်ရှ်ကော့ဗ်သည် ရုရှားသမ္မတ ဗလာဒီမာပူတင်ကို ဝေဖန်သူဖြစ်သည့် အိုလီဂါ့ခ်ျ ဘောရစ် ဘီရီဇော်ဗ်စကီနှင့် လွန်စွာ ခင်မင်ရင်းနှီးသူဖြစ်ကြောင်း သိရသည်။

ဂလပ်ရှ်ကော့ဗ်သည် ကရင်မလင်၏ ထင်ရှားသော အတိုက်အခံတစ်ဦးဖြစ်သည်။ ၂၀၀၄ခုနှစ် အင်္ဂလန်သို့ မထွက်ခွာမီ ရုရှားအကျဉ်းထောင်၌ ငါးနှစ် အကျဉ်းချခံခဲ့ရသည်။ ထို့အပြင် သူသည် နိုင်ငံပိုင်လေကြောင်းလိုင်း အေရိုဖလုတ်၏ ညွှန်ကြားရေးမှူးတစ်ဦးလည်း ဖြစ်သည်။ သူသည် ၁၉၈၀ ပြည့်လွန်နှစ်များနှင့် ၁၉၉၀ ပြည့်လွန်နှစ်များတွင် ဘီရီဇော်ဗ်စကီနှင့် ရင်းနှီးစွာလက်တွဲလုပ်ကိုင်ခဲ့သူဖြစ်သည်။

၂၀၁၃ ခုနှစ်က ဘီရီဇော်ဗ်စကီ သေဆုံးခဲ့မှုသည် ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်ခဲ့မှုဖြစ်သည်ဟု မယုံကြည်ကြောင်း ဂလပ်ရှ်ကော့က မီဒီယာများသို့ ပြောကြားခဲ့ဖူးသည်။

ရဲတပ်ဖွဲ့က လတ်တလောဖြစ်ပွားခဲ့သည့် ရုရှားထောက်လှမ်းရေးအဖွဲ့ဝင်ဟောင်း ဆာဂျီ စကရီပယ်နှင့်သမီးဖြစ်သူ အဆိပ်ဖြင့်သတ်ခံရမှုနှင့် ယခုဖြစ်ပွားသည့် သေဆုံးမှုတို့အကြား ဆက်နွှယ်မှုရှိသည်ဟု ဖော်ပြရန် သက်သေအထောက်အထားမရှိကြောင်း ပြောကြားသည်။

ဗြိတိန်ဝန်ကြီးချုပ်ထရီဆာမေက အဆိပ်ခတ်လုပ်ကြံမှု နောက်ကွယ်တွင် ရုရှားပါဝင်ပတ်သက်နေနိုင်ကြောင်း ပြောကြားခဲ့ပြီး ယင်းအဆိပ်လက်နက်သည် ရုရှားတပ်မတော်က အဆင့်မြှင့်တင်ထုတ်လုပ်ခဲ့သည့် အာရုံကြောထိခိုက်စေသောဓာတုပစ္စည်းတွင် ပါဝင်ခဲ့နိုင်ကြောင်း ပြောကြားခဲ့သည်။

ဂလပ်ရှ်ကော့ဗ်နှင့် ပုဂ္ဂိုလ်ပိုင်းဆိုင်ရာ ရင်းနှီးသူ အဲလက်ဂိုးလ်ဖာ့ဘ်က "သူ့ရဲ့သေဆုံးမှုဟာ အလွန်ကိုပဲ သံသယဖြစ်ဖွယ်ကောင်းကြောင်း၊ သူ့သေဆုံးမှုဟာ မတော်တဆမှု သို့မဟုတ် ရောဂါတစ်ခုခုကြောင့်မဟုတ်ကြောင်း၊ အသတ်ခံရခြင်း သို့မဟုတ် လည်ပင်းညှစ်သတ်ခံရ၍သေဆုံးခြင်း ဖြစ်နိုင်ကြောင်း" ပြောခဲ့သည်။

ရုရှားသူလျှို အေဂျင်စီက ဂလပ်ရှ်ကော့ဗ်ကို ၁၉၉၀ ပြည့်လွန်နှစ်များ ကတည်းက မကျေမနပ်ဖြစ်ကာ မျက်မုန်းကျိုးဖမ်းဆီးခဲ့ကြောင်း ဂိုးလ်ဖာ့ဘ်ကပြောခဲ့သည်။ သူလျှိုအေဂျင်စီအား အေရိုဖလုတ်အသုံးပြုခွင့် ပိတ်ပင်လိုက်မှုနှင့် ပတ်သက်ပြီး သူ့ကို ရန်သူအဖြစ်သတ်မှတ်ခဲ့ကြောင်း ဂိုးလ်ဖာ့ဘ်က ဆက်လက်ပြောကြားခဲ့သည်။ ရုရှားသူလျှိုများနှင့် ဂလပ်ရှ်ကော့ဗ်ကြား သမိုင်းကြောင်းများရှိခဲ့ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

သို့သော်ရုရှားက ထိုစွပ်စွဲချက်များကို ငြင်းဆန်ထားသည်။ ခြေထောက်ခွဲစိတ်မှုပြုပြီးကတည်းက ချိုင်းထောက်နှင့်တွေ့ရသည့် ဂလပ်ရှ်ကော့ဗ်၏အသွင်မှာ အလွန်ကို နှစ်လိုဖွယ်ကောင်းကြောင်း အိမ်နီးနားချင်းများက ပြောခဲ့သည်။

လွန်ခဲ့သည့်ရက်များက သူ့အိမ်သို့ ရုရှားများဝင်ထွက်သွားလာသည်ကို တွေ့ခဲ့ရကြောင်း အိမ်နီးနားချင်းတစ်ဦးဖြစ်သူ အေကိုမိုဟာမက်က ဆိုသည်။ အသက် ၆၈ နှစ်ရှိ ဂလပ်ရှ်ကော့ဗ် သေဆုံးခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း လန်ဒန်ရဲတပ်ဖွဲ့ကပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# လေးကြိမ်မြောက်ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးကောက်ခံရသော မာကယ်ထံ တရုတ်သမ္မတ ဂုဏ်ပြုကြောင်း သဝဏ်လွှာပေးပို့

**ပေကျင်း မတ် ၁၅**
ဂျာမနီဝန်ကြီးချုပ်အဖြစ် လေးကြိမ်မြောက်ပြန်လည်ရွေး ကောက်ခံရသော အိန်ဂျလာမာကယ်ထံသို့ ဂုဏ်ပြုကြောင်း သဝဏ်လွှာကို တရုတ်သမ္မတရှီကျင့်ဖျင်က ယမန်နေ့က ပေးပို့ခဲ့ကြောင်း သိရသည်။

တရုတ်သမ္မတရှီက တရုတ်နိုင်ငံနှင့် ဂျာမနီနိုင်ငံတို့ ပြီးပြည့်စုံသော မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးစတင် တည်ထောင်စဉ်ကတည်းက နှစ်နိုင်ငံဆက်ဆံရေးတွင် အဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုများ၊ ဘုံအကျိုးစီးပွားနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ ဆက်တိုက်နက်ရှိုင်းလာကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုစနစ်တိုးတက်ရေး၊ ဂလိုဘယ်လိုက်ဇေးရှင်းနှင့် နိုင်ငံပေါင်းစုံ ဆက်ဆံရေးမြှင့်တင်ဆောင်ရွက်ရေးတို့တွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့ကြောင်း တရုတ် သမ္မတရှီကျင့်ဖျင်က မာကယ်ထံသို့ ပေးပို့သော သဝဏ်လွှာတွင် ဖော်ပြပါရှိကြောင်း သိရသည်။

တရုတ်-ဂျာမနီဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကို အထူး အလေးထားပါကြောင်း၊ အပြန်အလှန်မဟာဗျူဟာမြောက်ယုံကြည်မှုကို မြှင့်တင်ပြီး ခိုင်မာလာစေရန် မာကယ်နှင့် လက်တွဲလုပ်ဆောင်ရန် ဆန္ဒရှိပါကြောင်း ဆက်လက်ဖော်ပြထားပါသည်။

ထို့အပြင် နှစ်နိုင်ငံဆက်ဆံရေးကို အဆင့်တစ်ခုအထိ မြှင့်တင်ပြီး ရလဒ်ကောင်းများရရှိရန် မျှော်လင့်ပါကြောင်း ဆက်လက်ဖော်ပြထားသည်။

တရုတ်နိုင်ငံ ဝန်ကြီးချုပ်လီခချန်ကလည်း မာကယ်ထံ ဂုဏ်ပြုကြောင်းသဝဏ်လွှာပေးပို့ခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်သည့် အရှိန်အဟုန်နှင့် အခြေအနေကောင်းများကို ထိန်းသိမ်းထားရမည်ဖြစ်ကြောင်း၊ ပြီးပြည့်စုံသော မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအား နက်ရှိုင်းစွာဆောင်ရွက်သွားရန်လိုကြောင်း ဖော်ပြခဲ့သည်။

**ဆင်ဟွာ**



# မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ဆွီဒင်သို့ သွားရောက်

**ပြုံယမ်း မတ် ၁၅** မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ရီယောင်ဟိုသည် ဆွီဒင်နိုင်ငံသို့ ထွက်ခွာခဲ့ကြောင်း သိရသည်။ လေ့လာသူများက ၎င်းသည် အမေရိကန်နှင့် မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေးကျင်းပရန်ပြင်ဆင်ထားမှုနှင့်ပတ်သက်၍ ဆွီဒင်နိုင်ငံခြားရေး ဝန်ကြီးနှင့် ဆွေးနွေးသွားဖွယ်ရှိသည်ဟု မျှော်လင့်ရကြောင်း ပြောကြားခဲ့သည်။

ဆွီဒင်နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံနှင့် သံတမန်ရေးအရ ဆက်ဆံမှုရှိပြီး ပြုံယမ်းရှိ ဆွီဒင်သံရုံးသည် နိုင်ငံအတွင်း၌ အမေရိကန်က စိတ်ဝင်စားနေသည့် သံရုံး တစ်ခုဖြစ်သည်။ ရီသည် ပြုံယမ်းမှထွက်ခွာကာ ကြာသပတေးနေ့တွင် ပေကျင်းလေဆိပ် သို့ သွားရောက်ခဲ့သည်။ ရီ၏ခရီးစဉ်သွားရောက်မှုတွင် မြောက်ကိုရီးယားနိုင်ငံခြားရေး ဝန်ကြီးဌာန၏ မြောက်အမေရိကရေးရာ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ချိုကန်အီလည်း အတူ လိုက်ပါခဲ့သည်။

ဝန်ကြီးသည် မြောက်ကိုရီးယားသံရုံးကားဖြင့်လိုက်ပါကာ သတင်းထောက်များ၏မေးမြန်းချက်များကို တုံ့ပြန်ဖြေကြားခြင်းမရှိဘဲ လေဆိပ်မှထွက်ခွာခဲ့သည်။ ရီသည် ၎င်း၏ခရီးစဉ်နှင့်ပတ်သက်၍ ပြောကြားခြင်းမရှိခဲ့သော်လည်း သံတမန်ရေးရာ သတင်းရင်းမြစ်များက ဆွီဒင်သို့ ဦးတည်ထွက်ခွာလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဆလိုဗေးနီးယားဝန်ကြီးချုပ် ရာထူးမှနုတ်ထွက်

**လယ်ဂျူဘလာဂျနာ မတ် ၁၅** ဆလိုဗေးနီးယားနိုင်ငံဝန်ကြီးချုပ် မီရိုဆီရာသည် ရာထူးမှနုတ်ထွက်ကြောင်း တရားဝင်ထုတ်ပြန်ကြေညာခဲ့ပြီး ရထားလမ်းတည်ဆောက်ရေးစီမံကိန်း၏ ဆန္ဒမဲကောက်ခံမှုရလဒ်ကို ပယ်ဖျက်ခဲ့ခြင်းအား လုံးဝလက်မခံနိုင်ကြောင်း ပြောကြား ခဲ့သည်။

မီရိုဆီရာသည် ရထားလမ်းတည်ဆောက်ရေးစီမံကိန်းပယ်ဖျက်ခံရခြင်းကြောင့် စိတ်ထိခိုက်ခဲ့ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ ထို့ကြောင့် ရာထူးမှ နုတ်ထွက်ရန် စဉ်းစားခဲ့ခြင်းဖြစ်ကြောင်း ၎င်းကပြောခဲ့သည်။ ဆလိုဗေးနီးယားနိုင်ငံ သမ္မတအနေဖြင့် ယခုနှစ်ဇွန်လပိုင်းတွင် ကျင်းပရန် စီစဉ်ထားသည့် ရွေးကောက်ပွဲအား ကြိုတင်ပြောင်းလဲကျင်းပခြင်း ပြု၊ မပြုကို ဆုံးဖြတ်ပေးသွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

ယမန်နေ့က ဆလိုဗေးနီးယားနိုင်ငံ အမြင့်ဆုံးတရားရုံးက ယခင်နှစ်ဆန္ဒမဲ ကောက်ခံမှုပြုလုပ်ပြီး ဆောင်ရွက်ရန်ဆုံးဖြတ်ခဲ့သည့် ယူရိုတစ်ဘီလီယံတန်ဖိုးရှိသော ရထားလမ်းတည်ဆောက်ရေးစီမံကိန်းကို ပယ်ဖျက်ကြောင်း စီရင်ချက်ချမှတ်ခဲ့သည်။ မီရိုဆီရာသည် ၂၀၁၄ ခုနှစ် စက်တင်ဘာလမှစကာ ဆလိုဗေးနီးယားနိုင်ငံ ဝန်ကြီးချုပ် ရာထူးအားတာဝန်ယူခဲ့ကြောင်း သိရသည်။ လက်ရှိတွင် ၎င်း၏ အသက်မှာ ၅၄ နှစ်ရှိပြီဖြစ်သည်။

**ဆင်ဟွာ**

# နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာတရားရုံးမှ ဖိလစ်ပိုင်နုတ်ထွက်ရန် ဆောင်ရွက်နေ

**မနီလာ မတ် ၁၅** ဖိလစ်ပိုင်နိုင်ငံသည် နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာတရားရုံးမှ နုတ်ထွက်နေပြီဖြစ်ကြောင်း ဖိလစ်ပိုင် သမ္မတဒူတာတေးက ပြောကြားခဲ့သည်။ သည်ဟိဂ်မြို့ရှိ အဆိုပါ တရားရုံးသည် ဖိလစ်ပိုင်နိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် သမ္မတ ဒူတာတေး၏ ပြင်းပြင်းထန်ထန်ဆောင်ရွက်မှုများနှင့် ဆက်နွှယ်နေသည့် တိုင်ကြားချက်ကို စစ်ဆေးလျက်ရှိသည်။

ပြီးခဲ့သည့်နှစ်က ဖိလစ်ပိုင်ရှေ့နေသည် သမ္မတဒူတာတေးနှင့် အခြားသူများအပေါ် တိုင်ကြားချက်တစ်ခုကို နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာ တရားရုံးနှင့်အတူ စစ်ဆေးဆောင်ရွက်ခဲ့ပြီး သံသယရှိသူများအားသတ်ဖြတ်မှုသည် လူ့အခွင့်အရေးချိုးဖောက်သည့် ရာဇဝတ်မှုများကို ပိုမိုများပြားလာစေခဲ့ကြောင်း စောဒကတက်ခဲ့သည်။

သမ္မတဒူတာတေးက ရဲတပ်ဖွဲ့သည် ကိုယ့်ကိုယ်ကိုယ်ကာကွယ်သည့်အနေဖြင့် ဆောင်ရွက်ခြင်းသာဖြစ်ပြီး ၎င်း၏ မူးယစ်တိုက်ဖျက်ရေးစီမံချက်သည် ရာဇဝတ်မှုမမြောက်ကြောင်း ဗုဒ္ဓဟူးနေ့ထုတ်ပြန်ချက်၌ ဖော်ပြခဲ့သည်။ ယခုနှစ်ဖေဖော်ဝါရီလအတွင်းက နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာ တရားရုံး ICC သည် ယင်းကိစ္စနှင့်ပတ်သက်၍ ကနဦးစစ်ဆေးမှုတစ်ရပ်ဖွင့်လှစ်ဆောင်ရွက်ရန် ဆုံးဖြတ်ချက်ချခဲ့သည်။

သမ္မတက ယင်းစစ်ဆေးဆောင်ရွက်မှုတွင် ပူးပေါင်းဆောင်ရွက်ခြင်းမပြုရန် ရဲတပ်ဖွဲ့ကို အမိန့်ပေးခဲ့ကြောင်း သိရသည်။ သမ္မတဒူတာတေး စတင်တာဝန်ထမ်းဆောင်သည့် ၂၀၁၆ ခုနှစ်မှ စတင်ပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေး စစ်ဆင်မှုအတွင်း လူ ၄၀၀၀ ခန့်ကို ရဲအရာရှိများက သုတ်သင်ရှင်းလင်းခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဆီးရီးယားကလေးများ ၂၀၁၇ ခုနှစ်၌ အသေအပျောက် အများဆုံးနှစ်ဟု ကုလပြောကြား

ဂျီနီဗာ မတ် ၁၅

ပြီးခဲ့သည့်နှစ်က ဆီးရီးယား၌ ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခတိုက်ပွဲ ဖြစ်ပွားမှုများကြောင့် ကလေးငယ်အယောက် ၉၀၀ ကျော်သေဆုံးခဲ့ပြီး ယင်းအရေအတွက်သည် စစ်ပွဲစတင်ချိန်ကတည်းက အရေအတွက် အများဆုံးကလေးငယ်သေဆုံးမှုပမာဏဖြစ်ကြောင်း သိရသည်။

ဒီမိုကရေစီထောက်ခံသည့်လှုပ်ရှားမှုက ဆီးရီးယားနိုင်ငံတွင် ပြည်တွင်းစစ်ဖြစ်ပွားစေခဲ့သည်မှာ ကြာသပတေးနေ့တွင် ခုနစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ယခုနှစ်တွင် စစ်ပွဲကြောင့် ဆီးရီးယားရှိ ကလေးငယ်အယောက် ၁၀၀၀ ခန့် သေဆုံးဒဏ်ရာရရှိမှုများ ရှိခဲ့သည်။

ပြီးခဲ့သည့်နှစ်တွင် ကလေးငယ်အယောက် ၉၁၀ ထက်မနည်း သေဆုံးခဲ့ရပြီး ယင်းမတိုင်မီနှစ်ကထက် ၄၀ ရာခိုင်နှုန်းနီးပါးမြင့်တက်လာခဲ့ကြောင်း အင်္ဂါနေ့က ဂျီနီဗာ၌ ကုလသမဂ္ဂအာဏာပိုင်များက ပြောကြားခဲ့သည်။

နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ယင်းသေဆုံးမှုများကို အရေးယူဆောင်ရွက်ကာ တာဝန်ယူရမည်ဖြစ်ကြောင်း ကုလသမဂ္ဂက တိုက်တွန်းခဲ့သည်။

**အင်န်အိတ်ချ်ကေ**

### တရုတ်ထုတ်ကုန်ပစ္စည်း ၁၀၀ ကို အခွန်ကောက်ခံသွားရန် ထရန့်စဉ်းစားနေ

ဝါရှင်တန် မတ် ၁၅

အမေရိကန်သမ္မတဒေါ်နယ်ထရန့်သည် တရုတ်နိုင်ငံမှ တင်ပို့ကုန်များ၏ ဒေါ်လာဘီလီယံ ၆၀ ဖိုးနှင့် အထက်ကို အခွန်ကောက်ခံသွားရန် ထည့်သွင်းစဉ်းစားနေကြောင်း သိရသည်။

သတင်းအချက်အလက်နည်းပညာ၊ လူသုံးကုန်အီလက်ထရွန်နစ် ကုန်ပစ္စည်းများနှင့် ဆက်သွယ်ရေးဆိုင်ရာတို့ကို အခွန်ကောက်ခံမှုများ ပြုလုပ်သွားရန် ပစ်မှတ်ထားနေပြီး တင်ပို့ကုန်ပစ္စည်း ၁၀၀ တို့တွင် အခွန်ကောက်ခံမှုစာရင်းများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အခွန်ကောက်ခံမှုများသည် ပြီးခဲ့သည့်နှစ်ဩဂုတ်လက စတင်ခဲ့သည့် ၁၉၇၄ အမေရိကန်ကုန်သွယ်ရေးအက်ဥပဒေအောက်တွင် စုံစမ်းစစ်ဆေးမှုနှင့် ဆက်စပ်နေကြောင်းနှင့် အခွန်ကောက်ခံမှုများကို သိပ်မကြာတော့သည့် အချိန်ကာလအတွင်း ဆောင်ရွက်သွားနိုင်ကြောင်း သိရသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က ထရန့်သည် ၎င်း၏အစိုးရအဖွဲ့က သံမဏိနှင့် အလူမီနီယံတင်ပို့ကုန်မှုများကို ကန့်သတ်ချက်များ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အများကို အံ့အားသင့်သွားစေတဲ့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအပြောင်းအလဲ

**ချိုးစန္ဒီမွှေး**





မတ်လ ၁၃ ရက်နေ့မှာပဲ အမေရိကန်သမ္မတထရန့်ဟာ အံ့သြဖွယ်ကောင်းတဲ့ ကြေညာမှုတစ်ခုပြုလုပ်လိုက်ပါတယ်။ အဲဒါကတော့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဖြစ်တဲ့ ရက်စ်တေလာဆန်ကို နိုင်ငံခြားရေးဝန်ကြီးအဖြစ်ကနေ ဖယ်ရှားပစ်တော့မယ်လို့ ကြေညာလိုက်တာပါပဲ။ သူ့နေရာမှာ အစားထိုးမယ့်သူကတော့ စီအိုင်အေက ညွှန်ကြားရေးမှူး မိုက်ပွန်ပီအိုပဲဖြစ်တယ်။

**မမျှော်လင့်ထားတဲ့သတင်းဆိုးတစ်ခု**

တေလာဆန်ဟာ နိုင်ငံရဲ့အမြင့်ဆုံးသံတမန်ခေါင်းဆောင်နေရာကနေ ဖယ်ရှားပေးလိုက်ရတော့မှာပါ။ သူဟာနိုင်ငံရဲ့အဓိကကျတဲ့ နိုင်ငံခြားရေးမူဝါဒတွေမှာ အိမ်ဖြူတော်ရဲ့စိတ်တိုင်းကျ ဖန်တီးပေးနိုင်စွမ်း မရှိခဲ့ပါဘူး။ အခုအခါမှာတော့ သမ္မတထရန့်ဟာ အိမ်ဖြူတော်မှာ သတင်းထောက်တွေရှေ့မှာပဲ ရက်စ်တေလာဆန်ရဲ့နေရာမှာ အခြားလူတစ်ယောက်ကို အစားထိုးတော့မယ်လို့ ကြေညာခဲ့တာပါပဲ။ မကြာသေးခင်ကပဲ တေလာဆန်ဟာ အာဖရိကကို အလည်အပတ်ခရီးသွားရောက်ခဲ့တာ ဖြစ်ပြီး အခုသတင်းကတော့ သူ့အတွက် သတင်းဆိုးတစ်ခုပါ။ အင်္ဂါနေ့မနက်ပိုင်းအထိတောင် တေလာဆန်ဟာသူ့ရဲ့ ကံကြမ္မာကို ကြိုမမြင်နိုင်ခဲ့ပါဘူး။ ဒါဟာသူ့အတွက် မမျှော်လင့်ထားတဲ့ သတင်းဆိုးတစ်ခုပါ။

**သဘောထားကွဲလွဲခဲ့ကြ**

သမ္မတထရန့်ကတော့ ကြိုတင်အသိပေးထားခြင်းမရှိတဲ့ သူ့ရဲ့ဆုံးဖြတ်ချက်ကို တွစ်တာပေါ်ကနေတစ်ဆင့်လည်း ကြေညာခဲ့ပါတယ်။ ထရန့်ရဲ့ လုပ်ရပ်ကို အိမ်ဖြူတော်က ဝန်ထမ်းတွေတောင် အံ့အားသင့်ကုန်ရပါတယ်။ အဲဒီနေ့မတိုင်ခင် တစ်ရက်အလိုမှာ အိမ်ဖြူတော်က ပြောရေးဆိုခွင့်ရှိသူတစ်ဦးကတော့ ဗြိတိန်မှာ လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့ဝင်တစ်ဦးအဆိပ်နဲ့ တိုက်ခိုက်ခံရတာနဲ့ ပတ်သက်ပြီးရုရှားရဲ့ပါဝင်မှုမှာ မစ္စတာတေလာဆန်နဲ့ အိမ်ဖြူတော်တို့ဟာ သဘောထားကွဲလွဲခဲ့ကြတယ်လို့ သတင်းထောက်တွေကို ပြောခဲ့ပါတယ်။

စီအိုင်အေရဲ့ ညွှန်ကြားရေးမှူး မိုက်ပွန်ပီအိုကို နိုင်ငံခြားရေးဝန်ကြီးအဖြစ် အစားထိုးခန့်အပ်တော့မယ်ဆိုရင် သူ့နေရာဟာ လစ်လပ်သွားတော့မှာပဲဖြစ်တယ်။ သူ့နေရာကို တာဝန်ယူရမယ့် သူကတော့ လက်ရှိဒုတိယ ညွှန်ကြားရေးမှူး ဂျီနာဟတ်စ်ပဲက တာဝန်ယူရတော့မှာပါ။ ဒါဆိုရင် စပိုင်အေဂျင်စီကြီးမှာ ပထမဦးဆုံးအကြိမ်အဖြစ် အမျိုးသမီးတစ်ဦးက ဦးဆောင်တာကို တွေ့မြင်ရတော့မှာပါ။ ဒါပေမယ့်လည်းဂျီနာဟတ်စ်ပဲရော ပွန်ပီအိုပါ ရာထူးတွေ အသီးသီးလက်ခံဖို့ဆိုရင် ဆီးနိတ်လွှတ်တော်ရဲ့အတည်ပြုမှုကို ရယူဖို့လည်း လိုအပ်ပါသေးတယ်။

တကယ်တော့ သမ္မတထရန့်နဲ့ မစ္စတာ တေလာဆန်တို့ကြား သဘောထားချင်း မတိုက်ဆိုင်တော့တာ အချိန်အတော်ကြာနေပါပြီ။ သမ္မတထရန့်က သူ့ကို အရေးတယူမရှိတော့တာဟာလည်းထင်ရှားလို့လာပါတယ်။ ဘာလို့လဲဆိုရင် သမ္မတထရန့်ဟာ မစ္စတာကင်နဲ့ တွေ့ဆုံဖို့ လက်ခံလိုက်တာကို တေလာဆန်ကြိုမသိခဲ့ပါဘူး။ သမ္မတထရန့်က ကင်နဲ့တွေ့ဆုံဖို့လက်ခံလိုက်ပြီဆိုတာကို ကြေညာလိုက်မှသာ သူသိခွင့်ရခဲ့တာပါ။ ဒါကိုကြည့်ရင် သူတို့နှစ်ဦးကြားက ဆက်ဆံရေးကို ခန့်မှန်းလို့ရပါပြီ။

**ချီးမွမ်းခန်းဖွင့်**

မိုက်နဲ့ပတ်သက်လို့ သမ္မတထရန့်က မစ္စတာမိုက်ပွန်ပီအိုဟာ ပါတီနှစ်ဖက်စလုံးကလူတွေရဲ့ ထောက်ခံမှုတွေကိုလည်း ရထားတယ်။ သတင်းအချက်အလက်တွေရယူရာမှာလည်း တော်တယ်။ အပြည်ပြည်ဆိုင်ရာက အမေရိကန်နဲ့ မဟာမိတ်ထောက်လှမ်းရေး အေဂျင်စီတွေနဲ့ ဆက်ဆံရာမှာလည်း ရင်းနှီးကျွမ်းဝင်တဲ့ ဆက်ဆံရေးမျိုး ထူထောင်ထားနိုင်တယ်လို့ ချီးမွမ်းခန်း ဖွင့်ထားပါတယ်။

ပြီးခဲ့တဲ့ ၁၄ လတာ ကာလအတွင်းမှာ မိုက်ရဲ့အရည်အချင်းကိုလေ့လာခွင့်လည်း ကောင်းကောင်းရထားတယ်။ ဒါကြောင့် မိုက်ဟာ နိုင်ငံခြားရေးဝန်ကြီးဆိုတဲ့ တာဝန်ကို ကောင်းကောင်းထမ်းဆောင်နိုင်မှာပါလို့ သမ္မတထရန့်က ပြောပါတယ်။ ဒါ့အပြင် ကိုရီးယားပန်နီဆူလာမှာ နျူကလီးယား ကင်းစင်ရေးကိုလည်း သူကောင်းကောင်း ကိုင်တွယ်နိုင်မှာပါလို့ ပြောခဲ့ပါသေးတယ်။

**ယုံကြည်ကိုးစားမှုရ**

လွှတ်တော်အမတ်ဟောင်း တစ်ဦးလည်းဖြစ်တဲ့ မိုက်ပွန်ပီအိုဟာ လက်ရှိမှာတော့ သမ္မတထရန့်ရဲ့ယုံကြည်ကိုးစားမှုကိုရနေတဲ့ပုံပါ။ ဒါပေမယ့် ၂၀၁၆ခုနှစ်ကအမေရိကန်ရွေးကောက်ပွဲမှာ ရုရှားတို့ကြားဝင်စွက်ဖက်ခဲ့မှုအပေါ် စီအိုင်အေရဲ့အကဲဖြတ်မှုအပိုင်းမှာတော့ မိုက်ပွန်ပီအိုနဲ့ သမ္မတထရန့်တို့ အမြင်ချင်းမတူပါဘူး။ မစ္စတာ တေလာဆန်ဟာလည်း နယ်နယ်ရရပုဂ္ဂိုလ်တော့ မဟုတ်ပါဘူး။ ရေနံကုမ္ပဏီကြီးဖြစ်တဲ့ Exxon mobile ကုမ္ပဏီရဲ့အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌဖြစ်ပြီး အရှေ့အလယ်ပိုင်းဒေသနဲ့ ပတ်သက်လို့ အတွေ့အကြုံများတဲ့ လူလည်းဖြစ်တယ်။ ဒါ့အပြင် ရုရှားသမ္မတပူတင်ကို ကောင်းကောင်းသိတဲ့လူလည်း ဖြစ်တယ်။ ဒီလိုမျိုးအတွေ့အကြုံကောင်းတွေ သူ့မှာအများအပြားရှိပေမယ့် သံတမန်ရေးမှာတော့ ထရန့်လိုချင်သလို ပုံဖော်မပေးနိုင်ခဲ့ပါဘူး။

**သဘောထားကွဲလွဲမှုတွေ**

သူက ပါရီရာသီဥတုသဘောတူညီမှုကနေ အမေရိကန်ကို မနုတ်ထွက်စေလိုပေမယ့် ထရန့်ကတော့ နုတ်ထွက်လိုက်ဖို့ ဆုံးဖြတ်ခဲ့တယ်။ တေလာဆန်က အီရန်နျူကလီးယားစာချုပ်ကို ဆက်လက်ရှင်သန်စေလိုပေမယ့် ထရန့်ကတော့ အဲဒီစာချုပ်ကို ဖျက်ပစ်လိုတယ်။ မြောက်ကိုရီးယားအရေးနဲ့ ပတ်သက်ပြီးတေလာဆန်ကဆွေးနွေးပွဲတွေကတစ်ဆင့်ပဲ အဖြေရှာလိုပေမယ့် ထရန့်ကတော့ စစ်ရေးအရခြိမ်းခြောက်မှုတွေကိုပဲ ထပ်ခါထပ်ခါ လုပ်ခဲ့တယ်။ ဒါတွေကတော့ သူတို့နှစ်ဦးကြားက သဘောထားကွဲလွဲမှုတွေ၊ အမြင်မတူညီမှုတွေပဲဖြစ်တယ်။

**စီမံခန့်ခွဲနိုင်ခြင်းမရှိ**

အဆိုးဆုံးကတော့ မစ္စတာတေလာဆန်ဟာ အမေရိကန်သာပထမဆိုတဲ့ ထရန့်ရဲ့ ဆောင်ပုဒ်အတိုင်းလိုက်မလုပ်နိုင်တာပါပဲ။ အခုချိန်မှာတော့ တေလာဆန်လည်း ထရန့်ရဲ့ဖြုတ်ထုတ် ရှင်းပစ်တဲ့စာရင်းထဲမှာပါသွားပါပြီ။ သမ္မတထရန့်ကသာ တေလာဆန်ရဲ့လုပ်ဆောင်ချက်တွေကို အားမရခဲ့ပေမယ့် တေလာဆန်မှာလည်း စွမ်းဆောင်ချက်တွေ ရှိပါတယ်။ အဲဒါကတော့ မြောက်ကိုရီးယားအပေါ် နိုင်ငံတကာရဲ့ ပိတ်ဆို့မှုတွေပိုများလာတာရယ်၊ ဆော်ဒီနဲ့ အီရတ်ကြားဆက်ဆံရေးတွေ တိုးတက်လာအောင်လုပ်နိုင်တာရယ်ပဲ ဖြစ်တယ်။ ဒါပေမယ့်လည်းသူဟာ သမိုင်းမှာတော့စွမ်းဆောင်ရည်အနည်းဆုံး နိုင်ငံခြားရေးဝန်ကြီးထဲမှာ ပါပါတယ်။ ဘာကြောင့်လဲဆိုတော့ သမ္မတနဲ့ ဆက်ဆံရေးကောင်းအောင် စီမံခန့်ခွဲနိုင်ခြင်းမရှိလို့ပါပဲ။

**လွှတ်တော်ရဲ့အဆုံးအဖြတ်ပေါ်မူတည်**

သူတို့နှစ်ဦးအကြားမှာ အဆင်မပြေဘူး ဆိုတာ စပြီးသိသာလာတာကတော့ နိုဝင်ဘာအတွင်းက ထရန့်ရဲ့အာရှခရီးစဉ်ကစတာပါပဲ။ တေလာဆန်ဟာ နိုင်ငံခြားရေးမူဝါဒနဲ့ ပတ်သက်ရင် ပြတ်ပြတ်သားသားမရှိတာကို ထရန့်က သဘောမကျပါဘူး။ တေလာဆန်ကိုရာထူးကနေ ဖယ်ရှားတော့မယ်လို့ ထရန့်ကြေညာပြီးတဲ့နောက်မှာတော့ သတင်းထောက်တွေကို သူ့ရဲ့ဆုံးဖြတ်ချက်နဲ့ ပတ်သက်ပြီးရှင်းပြခဲ့ပါတယ်။ ကျွန်တော်တို့ဟာ တိတ်ဆိတ်နေခဲ့ကြပေမယ့် သဘောထားချင်းမတိုက်ဆိုင်တာကတော့ အတော်လေးကို ကြာခဲ့ပါပြီ။ မစ္စတာ တေလာဆန် တာဝန်ထမ်းဆောင်ခဲ့တဲ့ကာလတွေကိုလည်း အထူးပဲကျေးဇူးတင်ပါတယ်လို့ သတင်းထောက်တွေကို ထရန့်က ပြောခဲ့ပါတယ်။

စီအိုင်အေ ညွှန်ကြားရေးမှူးရာထူးလစ်လပ်သွားတဲ့အခါ အဲဒီနေရာမှာ တာဝန်ယူဖို့ နာမည်စာရင်းတင်သွင်းခြင်းခံရတဲ့ အမျိုးသမီးတစ်ဦးဖြစ်သူ ဂျီနာဟက်စ်ပဲကတော့ လုပ်သက်အနှစ် ၃၀ ရှိပါပြီ။ လွန်ခဲ့တဲ့နှစ်ကပဲ သူဟာစီအိုင်အေရဲ့ ဒုတိယ ညွှန်ကြားရေးမှူးအဖြစ် ခန့်အပ်ခြင်းခံရပါတယ်။ အဲဒီမှာလည်း အငြင်းပွားဖွယ်ကိစ္စတွေ ရှိပါသေးတယ်။ သူ့မှာ အယ်လ်ခိုင်ဒါအဖွဲ့ဝင်တွေကို ညှဉ်းပန်းနှိပ်စက်တယ်ဆိုတဲ့ သတင်းဆိုးတွေလည်း ရှိပါတယ်။ မစ္စဟတ်စ်ပဲဟာ အသက် ၆၁ နှစ်ရှိပြီ ဖြစ်ပြီး ရေမြေခြားမှာ တာဝန်ထမ်းဆောင်ဖူးတဲ့ အတွေ့အကြုံတွေ အများကြီးရှိပါတယ်။ တကယ်လို့များ သူသာ ဒီရာထူးကို တကယ်ရခဲ့မယ်ဆိုရင် အမျိုးသမီးတွေထဲမှာ ပထမဦးဆုံးစီအိုင်အေကို ဦးဆောင်မယ့် လူပေါ်ထွက်လာတာပဲဖြစ်တယ်။ ဒါပေမယ့် ဆီးနိတ်လွှတ်တော်ရဲ့ အဆုံးအဖြတ်ပေါ်မှာလည်း မူတည်ပါသေးတယ်။ သမ္မတက အမည်စာရင်းပေးထားလို့ တထစ်ချ တွက်ထားလို့ မရသေးပါဘူး။

မိုက်ပွန်ပီအိုသာ နိုင်ငံခြားရေးဝန်ကြီးဖြစ်လာရင် သမ္မတထရန့်လိုလားတဲ့ အမေရိကန်သာပထမဆိုတဲ့ ဆောင်ပုဒ်အတိုင်းအကောင်အထည်ဖော်သွားနိုင်ပါ့မလား။ မစ္စတာတေလာဆန်ကတော့ သမ္မတထရန့်နဲ့ စိတ်သဘောထားချင်း မတိုက်ဆိုင်တာတွေများလို့ ရာထူးကနေ ဖယ်ပေးလိုက်ရပါပြီ။ ဒါကိုကြည့်ပြီး မိုက်ပွန်ပီလည်း သမ္မတထရန့်နဲ့ကောင်းမွန်တဲ့ဆက်ဆံရေးတစ်ခု တည်ဆောက်သွားနိုင်မလား။ ဒါမှမဟုတ် အရင်လူရဲ့လမ်းစဉ်ပဲ လိုက်မလားဆိုတာကတော့ ဘာမှ မသိရသေးပါဘူး။ အရင်ဆုံးတော့ မိုက်ပွန်ပီအိုကို နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်ပေးနိုင်ဖို့ ဆီးနိတ်ရဲ့ ခွင့်ပြုချက်ကို ယူရဦးမှာပါ။

**ကိုးကား-နယူးယောက်တိုင်းမ်**

> **“တေလာဆန်က အီရန်နျူကလီးယားစာချုပ်ကို ဆက်လက်ရှင်သန်စေလိုပေမယ့် ထရန့်ကတော့ အဲဒီစာချုပ်ကို ဖျက်ပစ်လိုတယ်။ မြောက်ကိုရီးယားအရေးနဲ့ ပတ်သက်ပြီး တေလာဆန်က ဆွေးနွေးပွဲတွေကတစ်ဆင့်ပဲ အဖြေရှာလိုပေမယ့် ထရန့်ကတော့ စစ်ရေးအရ ခြိမ်းခြောက်မှုတွေကိုပဲ ထပ်ခါထပ်ခါ လုပ်ခဲ့တယ်။ ဒါတွေကတော့ သူတို့နှစ်ဦးကြားက သဘောထားကွဲလွဲမှုတွေ၊ အမြင်မတူညီမှုတွေပဲဖြစ်”**

# ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် လုပ်ငန်းလိုအပ်ချက်အရ ဇယား(၇)တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျော့ခြင်းနှင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ ဇယား (၈)အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေ၊ ငွေလုံးငွေရင်း သုံးငွေနှင့် ကြွေးမြီသုံးငွေများ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်လွှဲအပ်ချက်အရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ ပြောင်းလဲနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ အမှန်စာရင်းများတွင် လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ဂ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည်ပုဒ်မ ၂၂၊ပုဒ်မခွဲ(ဆ) အရငွေချေးယူလိုလျှင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးသည့် ငွေထက်မကျော်လွန်ဘဲ ချေးယူနိုင်သည်။

## အခန်း(၄)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

၂၄။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။ ထိုသို့ သတ်မှတ်ပေးခြင်းကို အနီးကပ်ဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော်သို့ အကျိုးအကြောင်းဖော်ပြချက်နှင့်အတူ အစီရင်ခံရမည်။

(ခ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သည့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ ငွေကြေးအင်အားအပေါ် မိမိတို့ ရပ်တည်ဆောင်ရွက်ကြရမည်။

(ဂ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သောနိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ စုစုပေါင်းငွေအဝင်နှင့် အထွက်ကို စာရင်းပြုစုရန်အလို့ငှာ နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ဖော်ပြရမည်။

၂၅။ (က) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၉) နှင့် (၁၀) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါတာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ် အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

၂၆။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား (၉) နှင့်(၁၀) တို့တွင်ဖော်ပြထားသော ရငွေများနှင့် သုံးငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ရငွေများနှင့်သုံးငွေများ ပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိခြောက်လအတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင် လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းများ လုပ်ကိုင်ရန် ကနဦးရင်းနှီးမြှုပ်နှံငွေကို သတ်မှတ်ချက်နှင့်အညီ ထည့်ဝင်နိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော် လည်းကောင်း လိုအပ်သည့်ငွေများကို မြန်မာနိုင်ငံတော်ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေအရ တည်ထောင်ထားသော ဘဏ်များမှ သတ်မှတ်ချက်များနှင့်အညီ ချေးယူနိုင်ရန်ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်။

## အပိုင်း ၄

## အရေးပေါ်ရန်ပုံငွေ

၂၇။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ဇယား(၄)တွင် ဖော်ပြထားသော အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုအစိုးရက မသုံးစွဲလျှင်မဖြစ်သည့် အရေးပေါ်ကိစ္စရပ်အတွက် အသုံးစရိတ်ဖြစ်ပြီး အရအသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်တွင် ပါဝင်ခြင်းမရှိသော အသုံးစရိတ်အတွက်သာလျှင် ဆောင်ရွက်ခွင့်ရှိသည်။

(ခ) အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံး ကျင်းပသော ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြရမည်။

## အပိုင်း ၅

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

၂၈။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၂၉။ (က) တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၁) နှင့် (၁၂) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၀။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ဇယား (၁၁)နှင့်(၁၂) တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များအား လုပ်ငန်းလုပ်ကိုင်ရန်သော် လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန် သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၃၁။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၆

## နေပြည်တော်ကောင်စီ

၃၂။ နေပြည်တော်ကောင်စီသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃၃။ (က) နေပြည်တော်ကောင်စီ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၃) နှင့် (၁၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါတာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်ကောင်စီ၏ ဇယား (၁၃) နှင့် (၁၄) တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အပိုင်း ၇

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၃၅။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် မိမိ၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိ၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရာတွင် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရမည်။

၃၆။ (က) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၅) နှင့် (၁၆) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါတာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၇။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ဇယား (၁၅) နှင့် (၁၆) တို့တွင် ဖော်ပြထားသော ငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီအား လုပ်ငန်းလုပ်ကိုင်ရန် သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန် သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၃၈။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် မိမိနှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

## နို့စားနွားမွေးမြူရေး စီးပွားဖြစ်လုပ်ကိုင်မှုအဆင်ပြေ

**နမ့်ခမ်း မတ် ၁၅**
ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့၌ ဒေသခံများသည် ကူးသန်းရောင်းဝယ်ရေး၊ လက်ဖက်ခြံ၊ ပြောင်း၊ ကြံများ စိုက်ပျိုးရေးနှင့် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများအပြင် မွေးမြူရေးလုပ်ငန်းအဖြစ် နို့စားနွားမွေးမြူရေးလုပ်ငန်းကိုလည်း စီးပွားဖြစ် လုပ်ကိုင်လျက်ရှိကြရာ ပေါက်တိုက်ရပ်ကွက်၊ ကုန်းဆာကျေးရွာနှင့် ဟိုနားကျေးရွာများတွင် နို့စားနွားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်မှုများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

နို့စားနွားတစ်ကောင်မှ တစ်ရက်လျှင် နွားနို့ အနည်းဆုံး သုံးပိဿာမှ အများဆုံး ငါးပိဿာအထိ ထွက်ရှိကြရာ နွားနို့တစ်ပိဿာလျှင် ကျပ်သုံးထောင်ဈေးရရှိပြီး အမြဲတမ်း ဝယ်ယူသောက်သုံးသူများရှိနေသဖြင့် နွားမွေးမြူသူများအဖို့ နွားနို့ရောင်းအားကောင်းကာ အဆင်ပြေကြကြောင်း၊ ထို့အပြင် နွားနို့ကို ဒိန်ချဉ်ပြုလုပ်ပြီးမှ ရောင်းချလျှင်လည်း အအေးဆိုင်များက ဝယ်ယူကြသဖြင့် နို့စားနွားမွေးမြူရေး လုပ်ကိုင်သူများအနေဖြင့် စီးပွားရေး အဆင်ပြေကြသလို ဒေသတွင်းမှ ပြည်သူများမှာလည်း အဆိုပါ နွားမွေးမြူရေးလုပ်ငန်းများကြောင့် သန့်ရှင်းလတ်ဆတ်သော နွားနို့ စစ်စစ်နှင့် ဒိန်ချဉ်များကို ရရှိသောက်သုံးနိုင်ကြကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**



## ကျေးရွာ ၁၆ ရွာ၌ မီးလင်းရေး ဆောင်ရွက်လျက်ရှိ

**မလှိုင် မတ် ၁၅**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်အတွင်း မဲဆန္ဒနယ်မြေ(၂)ရှိ ကျေးရွာ ၁၆ ရွာတွင် မီးလင်းရေးအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရ၏ ၂၀၁၇-၂၀၁၈ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ် ၄၃၁ သန်းကျော်ဖြင့် မီးလင်းရေးလုပ်ငန်း ၁၇ ခုကို လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဒေသဖွံ့ဖြိုးရေးအတွက် ကျေးရွာမီးလင်းရေးလုပ်ငန်းများအဖြစ် ထရန်စဖော်မာ တပ်ဆင်ခြင်းနှင့် လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းခြင်း လုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်သည်။ မြို့နယ်အတွင်းရှိ ခြောက်ခွဲကျေးရွာ၊ အောင်စည်ကျေးရွာ၊ လိပ်ခွဲကျေးရွာ၊ ရေနီကျေးရွာ အရှေ့နှင့် အနောက်၊ ပွင့်တောကျေးရွာ၊ သပြေလှ ကျေးရွာ စသည့် ကျေးရွာ ၁၅ ရွာတွင် လျှပ်စစ်ဓာတ်အားလိုင်းများ သွယ်တန်းခြင်းနှင့် ထရန်စဖော်မာတစ်လုံးစီ တပ်ဆင်ခြင်းကို ဆောင်ရွက်လျက်ရှိပြီး ကျောက်တန်း ကျေးရွာမှာ အိမ်ခြေတစ်ထောင်ကျော်ရှိသောကြောင့် ထရန်စဖော်မာ နှစ်လုံး တပ်ဆင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း၊ ဆောင်ရွက်နေသည့် လုပ်ငန်းများအနက် လက်ရှိအချိန်တွင် လိပ်ခွဲကျေးရွာ၊ ကျင်းသာကျေးရွာ၊ အောင်စည်ကျေးရွာ၊ ကုန်းတဲ ကျေးရွာ၊ ညောင်မြင့်ကျေးရွာ၊ ရေနီကျေးရွာနှင့် မိတ်ကုန်းကျေးရွာတို့တွင် လုပ်ငန်းများ ပြီးစီးနေပြီဖြစ်ကြောင်း မလှိုင်မြို့နယ် မဲဆန္ဒနယ်မြေအမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီတာငြိမ်းထံမှ သိရသည်။ အဆိုပါ မီးလင်းရေး လုပ်ငန်း ၁၇ ခုစလုံးကို ယခု နှစ်ဆန်းပိုင်းက စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကုန်တွင် လုပ်ငန်းအားလုံးပြီးစီးအောင် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်းလည်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က ဆက်လက်ပြောကြားသည်။

မလှိုင်မြို့နယ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ် လျှပ်စစ်မီးလင်းရေးလုပ်ငန်းများကို ကျေးရွာများတွင် ဆောင်ရွက်လျက်ရှိကာ မြို့နယ်အတွင်း ကျေးရွာပေါင်း ၂၄၇ ရွာ ရှိသည့်အနက် လျှပ်စစ်မီးမရရှိသေးသော ကျေးရွာအရေအတွက်မှာ ၁၀၀ ခန့်ရှိနေသေးကြောင်း သိရသည်။ ယခုနှစ်တွင် မဲဆန္ဒနယ်မြေ(၂)အတွင်းမှ ကျေးရွာ ၁၆ ရွာတွင် လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်နိုင်မည်ဖြစ်၍ လျှပ်စစ်မီးမရရှိသေးသော ကျန်ကျေးရွာများမှ ပြည်သူများမှာလည်း မိမိတို့ကျေးရွာများတွင် လျှပ်စစ်မီးရရှိရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

## ချင်းတွင်းသင်္ကြန်တွင် သဲပန်းပု ထုဆစ်ပြသနိုင်ရန် စင်ကာပူနိုင်ငံမှပညာရှင် လာရောက်လေ့လာ

**မုံရွာ မတ် ၁၅**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ချင်းတွင်း မြစ်ကမ်းနံဘေး သဲသောင်ပြင်ပေါ်၌ ပထမဆုံးအကြိမ် ကျင်းပမည့် ချင်းတွင်းသင်္ကြန်ပွဲတော်တွင် ထည့်သွင်းပြသရန် စီစဉ်ထားသည့် သဲပန်းပုရုပ်များ ထုဆစ်နိုင်ရန်အတွက် စင်ကာပူနိုင်ငံမှ သဲပန်းပုပညာရှင် Mr. Jo Oheng Tanသည် မတ် ၁၄ ရက်က ချင်းတွင်းသင်္ကြန်ပွဲကျင်းပရန် စီစဉ်လျက်ရှိသော ကွင်းအတွင်းသို့ လာရောက်လေ့လာခဲ့ကြောင်း သိရသည်။



“ချင်းတွင်းသင်္ကြန်အတွက် မြန်မာပြည်ရဲ့သဘာဝနဲ့ ယဉ်ကျေးမှုကို ဖော်ကျူးတဲ့ သရီးဒီ သဲပန်းပုကို ဖန်တီးဖို့ စီမံထားပါတယ်၊ ဘယ်လိုပုံစံမျိုးဖြစ်မလဲဆိုတာတော့ ကိုယ်တိုင် လာရောက်လေ့လာ ကြည့်ရှုစေချင်ပါတယ်၊ သဲပုံတာနဲ့ သဲတွေကျစ်အောင်လုပ်ဖို့အတွက် အကူအညီတွေ အများကြီး လိုအပ်ပါတယ်၊ အဲဒီလိုလုပ်ဆောင်နေတဲ့ ကာလအတွင်းမှာ သဲပန်းပုဝါသနာရှင်တွေအနေနဲ့ လက်တွေ့လေ့လာခွင့် ရရှိမှာဖြစ်ပါတယ်” ဟု စင်ကာပူနိုင်ငံသား သဲပန်းပုပညာရှင် Mr. Jo Oheng Tan က ပြောသည်။

မုံရွာမြို့တွင် ပထမဆုံးအကြိမ်ကျင်းပမည့် ချင်းတွင်းသင်္ကြန်ပွဲတော်တွင် အမြင့် ၁၅ ပေမှ ၁၈ ပေ ကြားရှိ သဲပန်းပုရုပ်တုများ ထုလုပ်ပြသသွားရန် စီစဉ်ထားသည့်အတွက် သဲပန်းပုရုပ်များအချိန်မီပြီးစီးအောင် လိုအပ်သော ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန်အတွက် သဲပန်းပုပညာရှင်က ယခုကဲ့သို့ ကြိုတင်လာရောက်၍ ကြည့်ရှုလေ့လာခြင်းဖြစ်ကြောင်း သိရသည်။ **ဝင်းဦး(ဧယျာတိုင်း)**

## မြန်မာ့ဝက်ဝံထိန်းသိမ်းရေး အစည်းအဝေး နေပြည်တော်၌ကျင်းပ

**နေပြည်တော် မတ် ၁၅**
သိပ္ပံဆိုင်ရာ လေ့လာတွေ့ရှိမှု မှတ်တမ်းများအရ မြန်မာနိုင်ငံအတွင်းတွင် ဝက်ဝံမျိုးစိတ်ကွဲများဖြစ်သော အာရှဝက်ဝံနက်(Asiatic Black Bear) နှင့် မလေးဝက်ဝံ (Malayan Sun Bear)တို့ ကျက်စားနေထိုင်ကြောင်း သိရှိရပြီး နိုင်ငံအနှံ့အပြား နေထိုင်ကျက်စားမှုရှိရာ ပျံ့နှံ့ကျက်စားမှုကို တိကျစွာ ဖော်ပြနိုင်ရန်လိုအပ်နေကြောင်း နေပြည်တော်ရှိ အမရာဟိုတယ်၌ မတ် ၁၃ ရက်က ကျင်းပသည့် မြန်မာ့ဝက်ဝံထိန်းသိမ်းရေး အစည်းအဝေးမှ သိရသည်။

မြန်မာနိုင်ငံအတွင်း တွေ့ရှိရသည့် ဝက်ဝံမျိုးစိတ်များ၏ နေရင်းဒေသများကို ထိန်းသိမ်းရန်၊ ၎င်းတို့၏ ဂေဟစနစ်များ တည်ငြိမ်ကောင်းမွန်ရန်၊ မျိုးဆက် ပျက်သုဉ်းမည့် အန္တရာယ်မှ ကာကွယ်ထိန်းသိမ်းရန်နှင့် တရားမဝင်အမဲလိုက်သတ်ဖြတ်ခြင်း၊ ကူးသန်းရောင်းဝယ်နေခြင်းတို့ကို တားဆီးနှိမ်နင်းရန် စသည့် ရည်ရွယ်ချက်များဖြင့် အဆိုပါ အစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာ့ဝက်ဝံထိန်းသိမ်းရေးသည် အီတလီနိုင်ငံအခြေစိုက် Instituto OIKOS နှင့် သစ်တောဦးစီးဌာနတို့ လက်မှတ်ရေးထိုးဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံအတွင်း မလေးဝက်ဝံမျိုးစိတ် ထိန်းသိမ်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်း၏ လုပ်ငန်းတစ်ခုဖြစ်ပြီး စီမံကိန်းကို ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ် အထိ လေးနှစ်စီမံကိန်းအဖြစ် တစ်နိုင်ငံလုံးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လေးနှစ်စီမံကိန်း၏ ပထမပိုင်းဖြစ်သည့် ၂၀၁၆ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိအတွင်း ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းတွင် ဝက်ဝံမျိုးစိတ်များကို လေ့လာနိုင်ရန် တပ်ဆင်ထားခဲ့သည့် ထောင်ချောက်ကင်မရာ မှတ်တမ်းများအရ ဝက်ဝံများ၏ ကျက်စားနေထိုင်မှုကိုသာမက အခြားသော တောဆင်ရိုင်း၊ ကျား၊ ကျားသစ်၊ တောကြောင်၊ သင်းခွေချပ်၊ တောခွေး၊ ဆတ်၊ ချေ အစရှိသည့် ရှားပါးမျိုးစိတ်များ၏ မှတ်တမ်းဗီဒီယိုနှင့်ဓာတ်ပုံများကိုလည်း ရိုက်ကူးမှတ်တမ်းတင်နိုင်ခဲ့ကြောင်း အဆိုပါ အစည်းအဝေးတွင် တာဝန်ရှိသူများ၏ ပြောကြားချက်များအရ သိရသည်။ **သတင်းစဉ်**

## လေဘေးကြိုတင်ကာကွယ်ရေးအတွက် အိမ်ဆောက်ပစ္စည်းလိုအပ်ချက်များ ထောက်ပံ့နိုင်ရေး စာရင်းကောက်ယူ

**ပုလဲ မတ် ၁၅**
စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်အတွင်း လက်ပန်ကျေးရွာအုပ်စု ပုလဲမြိုင်ကျေးရွာနှင့် လဲကန်ကျေးရွာအုပ်စု မုံပင်ကျေးရွာတို့တွင် သဘာဝဘေးတစ်ခုဖြစ်သည့် လေဘေးအန္တရာယ် ကြုံတွေ့ပါက အိမ်များပျက်စီးမှုမရှိစေရန် အိမ်ဆောက်ပစ္စည်းလိုအပ်ချက်များ ထောက်ပံ့ပေးနိုင်ရေးအတွက် တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက မတ် ၁၃ ရက်တွင် စာရင်းကောက်ယူခဲ့ကြောင်း သိရသည်။



တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မီမီထွန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုးဝဏ္ဏကျော်၊ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးစိုးနိုင်နှင့် တာဝန်ရှိသူများအဖွဲ့က ကွင်းဆင်း၍ စာရင်းကောက်ယူခဲ့ခြင်းဖြစ်သည်။

ပုလဲမြို့နယ် လေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီ အတွင်းရေးမှူး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုးဝဏ္ဏကျော်က ယခင်နှစ်က လေဘေးဒဏ်ခံခဲ့ရသည့် ပုလဲမြိုင်ကျေးရွာနှင့် မုံပင်ကျေးရွာသို့ ကွင်းဆင်း၍ လေဘေးဒဏ်ခံရပါက အိမ်အမိုးလန်ခြင်း၊ အိမ်ပြိုလဲခြင်းတို့ မဖြစ်စေရန်အတွက် ကြံ့ခိုင်မှုမရှိသည့် နေအိမ်များကို ကြံ့ခိုင်မှု ရှိအောင် တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက အိမ်ဆောက်ပစ္စည်းလိုအပ်ချက်များ ထောက်ပံ့ပေးမည်ဖြစ်၍ ကွင်းဆင်းကြည့်ရှုစာရင်းကောက်ယူခြင်းဖြစ်ကြောင်း ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး၌ နှစ်စဉ် ဧပြီလမှ မေလအတွင်း လေဘေးအန္တရာယ် ဖြစ်ပွားလေ့ရှိရာ လေဘေးကြုံတွေ့ရတတ်သည့် ဘုတလင်မြို့နယ်၊ ဒီပဲယင်းမြို့နယ်၊ ကနီမြို့နယ်နှင့် ပုလဲမြို့နယ်တို့တွင် တစ်မြို့နယ်လျှင် ကျေးရွာ နှစ်ရွာစီ ရွေးချယ်ပြီး ကြံ့ခိုင်မှုမရှိသည့် နေအိမ်များကို ထပ်မံရွေးချယ်၍ လိုအပ်သည့် အိမ်ဆောက်ပစ္စည်းများ ထောက်ပံ့ပေးပြီး ပြန်လည်မွမ်းမံပြုပြင်စေခြင်းကို မြို့နယ်အဆင့် လေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီက လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ပုလဲမြို့နယ်အတွက် ကျေးရွာနှစ်ရွာ ရွေးချယ်ရာတွင် ပုလဲမြိုင်နှင့် မုံပင်ကျေးရွာများကို ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ကျေးရွာတစ်ရွာလျှင် ကျပ် ၂၃၄၅၀၀၀ တန်ဖိုးရှိ အိမ်ဆောက်ပစ္စည်းများကို လိုအပ်သော အိမ်ထောင်စုများထံသို့ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။ **မင်းခန့်စိုး(ဧယျာမြေ)**

## လယ်ကိုင်း - ကျောင်းတော်ရာ လမ်းပေါ်ရှိ သံကူကွန်ကရစ်တံတားတည်ဆောက်မှု ယခုလကုန်တွင် ပြီးစီးအောင်ဆောင်ရွက်မည်

**ပွင့်ဖြူ မတ် ၁၅**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း လယ်ကိုင်း - ကျောင်းတော်ရာ ကတ္တရာလမ်းပေါ်ရှိ ရေကျော်ချောင်းကူး သံပေါင်ဘေလီ သစ်သားတံတားမှာ နှစ်ကာလကြာမြင့်လာပြီဖြစ်သည့်အတွက် ပြည်သူများ ကူးလူးဖြတ်သန်းသွားလာရာတွင် အခက်အခဲများ ကြုံတွေ့နေရပြီး အန္တရာယ်ရှိနိုင်သောကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနက ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် ခန့်မှန်းခြေ စီမံကိန်းတန်ဖိုးငွေ ကျပ် ၂၁၈ သန်း အကုန်ကျခံ၍ ၂၀၁၇ စက်တင်ဘာလကုန်ပိုင်းမှ စတင်ကာ အသစ်တည်ဆောက်ပေးလျက်ရှိရာ မတ်လကုန်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါတံတားကို သံကူကွန်ကရစ်တံတားအဖြစ် အသစ်တည်ဆောက်ခြင်းလုပ်ငန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၃) ပခုက္ကူမြို့မှ စီမံကိန်းတာဝန်ခံ ဦးကျော်ကျော်ဝင်း(ဒုတိယညွှန်ကြားရေးမှူး-မြို့ပြ)က ဦးဆောင်၍ ဒေါ်ဝေဝေ ဦးစီးအရာရှိ(မြို့ပြ) တံတားအထူးအဖွဲ့(၃)နှင့် ဦးတင်ဝင်းရွှေ အငယ်တန်းအင်ဂျင်နီယာ(၁)မြို့ပြ တံတားအထူးအဖွဲ့(၃)တို့က တာဝန်ယူ တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း၊ အဆိုပါ သံကူကွန်ကရစ်တံတားမှာ အရှည်ပေ ၆၀ ရှိပြီး ကားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီ ပါဝင်ကြောင်း၊ ယာဉ်တစ်စီးချင်း ခံနိုင်ဝန် တန် ၆၀ ရှိမည်ဖြစ်ကြောင်း တံတားတည်ဆောက်ရေး စီမံကိန်းမှ အငယ်တန်းအင်ဂျင်နီယာ(မြို့ပြ) ဦးတင်ဝင်းရွှေထံမှ သိရသည်။

အဆိုပါ ရေကျော်ချောင်းကူး သံကူကွန်ကရစ်တံတား တည်ဆောက်ပြီးစီးသွားပါက ဒေသခံပြည်သူများနှင့် ကျောင်းတော်ရာကျေးရွာအနီးရှိ စန္ဒကူးနံ့သာကျောင်းတော်ရာ စေတီတော်မြတ်ကြီးသို့ ဘုရားဖူးလာရောက်ကြသည့် ပြည်သူများအနေဖြင့် လယ်ကိုင်း - ကျောင်းတော်ရာ လမ်းအတိုင်း ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် ရာသီမရွေး သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## နေမာကို ကျော်ဖြတ်၍ ပြင်သစ်ပထမတန်းပြိုင်ပွဲ တစ်လတာအကောင်းဆုံးဆုအား ခံစစ်မှူး ဒီဘူချီ ဆွတ်ခူးနိုင်ခဲ့



ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းတွင် ပစ်ပယ်ခံကစားသမားတစ်ဦးဖြစ်ခဲ့သူ ညာတောင်ပံ ခံစစ်မှူး မက်သရူးဒီဘူချီသည် ပြင်သစ်ပထမတန်း ပြိုင်ပွဲ၏ ဖေဖော်ဝါရီလအတွက် တစ်လတာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

လက်ရှိအချိန်၌ ပြင်သစ်ကလပ် စိန့်အက်တီယန်အသင်းတွင် ပါဝင်ကစားနေသူ ခံစစ်မှူး ဒီဘူချီ (၃၂ နှစ်) သည် ပီအက်စ်ဂျီတိုက်စစ်မှူး နေမာနှင့် မောင့်ပယ်လီယာအသင်း ဂိုးသမား ဘန်ဂျာမင် လီကွန်တီတို့ကို ကျော်ဖြတ်ကာ ဖေဖော်ဝါရီလအတွက် ပြင်သစ်ပထမတန်းပြိုင်ပွဲ တစ်လတာအကောင်းဆုံး ကစားသမားဆု ရရှိခဲ့သူဖြစ်သည်။

ပြင်သစ်ကစားသမား ဒီဘူချီသည် ၂၀၁၄ ခုနှစ် ဇူလိုင်လအစောပိုင်းတွင် နယူးကာဆယ်အသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ဒဏ်ရာပြဿနာများကြောင့် အာဆင် နယ်အသင်းအတွက် စုစုပေါင်း ပွဲ ၃၀ သာ ပါဝင်ကစားခဲ့ရသူဖြစ်သည်။ အာဆင်နယ်အသင်းသည် အသင်းနှင့် စာချုပ်သက်တမ်း ခြောက်လကျန်ရှိနေသေးသူ ခံစစ်မှူး ဒီဘူချီအား ပြီးခဲ့သည့် ဇန်နဝါရီလ အတွင်းတွင် စာချုပ်ဖျက်သိမ်းခဲ့ခြင်းကြောင့် စိန့်အက်တီယန်အသင်းသည် ခံစစ်မှူး ဒီဘူချီအား ဇန်နဝါရီ စျေးကွက်ကာလအတွင်းတွင် ပြောင်းရွှေ့ကြေးအလွတ်ဖြင့် ခေါ်ယူခဲ့ကာ ၂၀၁၇-၁၈ ခုနှစ် ဘောလုံးရာသီကုန်အထိ သက်တမ်းရှိ စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ ခံစစ်မှူး ဒီဘူချီသည် စိန့်အက်တီယန်အသင်းအတွက် ခြောက်ပွဲ ပါဝင်ကစားထားကာ နှစ်ဂိုးသွင်းယူထားပြီး ဒီဘူချီ ပါဝင်ကစားခဲ့သည့်ပွဲများတွင် စိန့်အက်တီယန်အသင်း ရှုံးပွဲကြုံတွေ့ခဲ့ခြင်း မရှိခဲ့ပေ။

ပြင်သစ်ကလပ် လိုင်ယွန်အသင်း တွင် ပါဝင်ကစားခဲ့ဖူးသူ ဒီဘူချီသည် စိန့်အက်တီယန်အသင်း၌ ခြေစွမ်းပြကစားနေမှုများကြောင့် ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲဝင်မည့် ပြင်သစ်အသင်းတွင် ပါဝင်ခွင့်ရနိုင်သည့် အလားအလာ ရှိနေသည်ဟု သုံးသပ်မှုများ ထွက်ပေါ်လျက်ရှိသည်။ ခံစစ်မှူး ဒီဘူချီသည် ၂၀၁၅ ခုနှစ် စက်တင်ဘာလအတွင်း ပြင်သစ်နှင့် ဆားဘီးယားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သော နိုင်ငံတကာခြေစမ်းပွဲ နောက်ပိုင်းတွင် ပြင်သစ်အသင်း၌ ပါဝင်ခွင့်မရခဲ့သူဖြစ်သည်။

လာမည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြင်သစ်အသင်းနှင့်အတူ ပါဝင်နိုင်ရေး အလား အလာနှင့်ပတ်သက်၍ မေးမြန်းမှုကို ခံစစ်မှူး ဒီဘူချီက “ကျွန်တော်က မလိမ်ညာ တတ်ပါဘူး၊ အမှန်အတိုင်း ပြောရမယ်ဆိုရင် ပြင်သစ်လက်ရွေးစင်အသင်းမှာ ပြန်လည်ပါဝင်ခွင့်ရရှိရေးက ကျွန်တော့်အတွေးထဲမှာ ရှိနေပြီးသားပါ”ဟု ဖြေဆိုခဲ့ သည်။

ခံစစ်မှူး ဒီဘူချီသည် ၂၀၁၁ ခုနှစ်တွင် ပြင်သစ်လက်ရွေးစင်အသင်းအတွက် စတင်ပါဝင်ခွင့် ရရှိခဲ့ကာ နိုင်ငံအသင်းနှင့်အတူ ၂၇ ပွဲ ပါဝင်ကစားထားပြီး နှစ်ဂိုးသွင်းယူထားသူဖြစ်သည်။

**ထက်အောင်**

---

## ကွင်းလယ်ကစားသမား ဝီလ်ရှီးယားအား ခေါ်ယူရန် ဂျူဗင်တပ်အသင်း ပစ်မှတ်ထားနေ



ဂျူဗင်တပ်စ်အသင်းသည် အာဆင်နယ်အသင်း ကွင်းလယ်ကစားသမား ဂျက်ခ်ဝီလ်ရှီးယားအား လာမည့် နွေရာသီအတွင်း ခေါ်ယူသွားရန် စိတ်ဝင်စားမှုရှိနေကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

အင်္ဂလန်ကစားသမား ဝီလ်ရှီးယား (၂၆နှစ်) နှင့် အာဆင်နယ်အသင်းတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ယခုနှစ်ဘောလုံးရာသီ အကုန်တွင် ကုန်ဆုံးမည် ဖြစ်သည်။ အာဆင်နယ်အသင်းသည် လက်ရှိအချိန်တွင် လုပ်ခလစာ ငွေပေါင် ၁၁၀၀၀၀ ရရှိနေသူ ဝီလ်ရှီးယားအား လုပ်ခငွေ လျှော့ချကာ တစ်ပတ် ပေါင် ၉၀၀၀၀ ဖြင့် စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းခဲ့ခြင်းကို ဝီလ်ရှီးယားက ငြင်းပယ်ထားသောကြောင့် ဂျူဗင်တပ်စ်အသင်းအနေဖြင့် လာမည့် နွေရာသီအတွင်း ဝီလ်ရှီးယားအား ပြောင်းရွှေ့ကြေးအလွတ်ဖြင့် ခေါ်ယူနိုင်မည့် အလားအလာရှိနေသည်။

အာဆင်နယ်အသင်းမှ ထွက်ခွာ ရန် အဆင်သင့်ရှိနေသူ ကွင်းလယ် ကစားသမား ဝီလ်ရှီးယားအား အေစီမီလန်အသင်းကလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

ကွင်းလယ်ကစားသမား ဝီလ်ရှီးယားသည် ပြီးခဲ့သည့် ဘောလုံးရာသီတွင် အာဆင်နယ်မှ ဘုန်းမောက်အသင်းသို့ တစ်ရာသီအငှားဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ယခုနှစ် ဘောလုံး ရာသီတွင် အာဆင်နယ်အသင်းနှင့်အတူ စုစုပေါင်း ပွဲ ၃၀ ပါဝင်ကစားထားကာ နှစ်ဂိုး သွင်းယူထားသူဖြစ်သည်။

ဂျူဗင်တပ်စ်အသင်းသည် ပြောင်းရွှေ့ကြေးအလွတ်ဖြင့် ခေါ်ယူနိုင်မည့် ကစားသမားများကို ခေါ်ယူကာ ခြေစွမ်းပိုင်းတိုးတက်လာစေရန်လုပ်ဆောင်ပေးပြီးနောက် အဆိုပါ ကစားသမားများအား ပြောင်းရွှေ့ကြေးများစွာဖြင့် ပြန်လည်ရောင်းချမှုများ ပြုလုပ်လေ့ရှိသည့်အသင်း ဖြစ်သည်။ ဂျူဗင်တပ်စ်အသင်းသည် ဝီလ်ရှီးယားအပြင် လာမည့် နွေရာသီအတွင်း လီဗာပူးအသင်း နှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သောကြောင့် ပြောင်းရွှေ့ကြေးအလွတ်ဖြင့် ခေါ်ယူနိုင်ရန် အခွင့်အရေးရှိနေသည့် ဂျာမနီကွင်းလယ်ကစားသမား အမ်မရီချန်ကိုလည်း ခေါ်ယူသွားရန် ပစ်မှတ်ထားနေသည်ဟု ဆိုသည်။

**ထက်အောင်**

---

# ချန်ပီယံလိဂ်ဆုဖလားအတွက် ထိပ်ဆုံးမှာရှိနေတဲ့ ရီးရဲ

**အောင်က**

**ရီးရဲမက်ဒရစ်ဟာ ရာသီအစက စပိန်လာလီဂါမှာ ခြေစွမ်းပိုင်းကျဆင်းနေခဲ့တယ်။ ဒါတွေကြောင့် ဒီနှစ်ချန်ပီယံလိဂ်မှာတော့ ရီးရဲမက်ဒရစ်အသင်းဟာ ပြည်တွင်းဆုဖလားမှာသာမက ချန်ပီယံလိဂ်မှာပါ ရေပန်းစားတဲ့အသင်းအဖြစ် မရှိခဲ့ဘူး။ ချန်ပီယံလိဂ်မှာဆိုရင်လည်း ပီအက်စ်ဂျီအသင်းလောက်တောင် လူကြိုက်များတဲ့အသင်းအဖြစ် မတွေ့ရဘူး။ ဒါပေမယ့် အခုတော့ ပီအက်စ်ဂျီအသင်းကို နှစ်ကျော့ပေါင်း ငါးဂိုး-နှစ်ဂိုးဂိုးနဲ့နိုင်ခဲ့ပြီးချိန်မှာတော့ အားလုံးရဲ့အမြင်မှာတော့ ရီးရဲမက်ဒရစ်အသင်းဟာ လျှော့တွက်လို့ မရတဲ့အသင်းဆိုတာကို လက်ခံလာကြတယ်။ အခုဆိုရင် ရီးရဲမက်ဒရစ်အသင်းဟာ ချန်ပီယံလိဂ်ဆုဖလားကို သုံးနှစ်ဆက်တိုက်ရယူဖို့အတွက် အသင့်အနေအထားနဲ့ရှိနေတဲ့အသင်းလို့ ပြောရမယ်။ အခုလို ပြောရလောက်တဲ့ အခြေအနေမျိုးတွေလည်း ရီးရဲမက်ဒရစ်အသင်းမှာ ကရှိနေတယ်။**

### ရော်နယ်ဒို

ရော်နယ်ဒိုဟာ ဘောလုံးလောကရဲ့ ထာဝရအကောင်းဆုံးတိုက်စစ်မှူး နှစ်ဦးထဲကတစ်ဦးလို့ ပြောရမယ်။ သူဟာ ချန်ပီယံလိဂ်သမိုင်းမှာဆိုရင် လည်း အကောင်းဆုံးတိုက်စစ်မှူးတစ်ဦးအဖြစ်စံချိန်တင်ထားသူလည်း ဖြစ်ပါတယ်။ ချန်ပီယံလိဂ်မှာပွဲ ပေါင်း ၁၄၈ ပွဲကစားပြီး ၁၁၇ ဂိုးသွင်း ယူပေး ထားတာလည်း ဖြစ်ပါတယ်။ အဲဒီ ၁၄၈ ပွဲမှာတော့ ရီးရဲမက်ဒရစ်မှာကစားတဲ့ ပွဲက ၉၆ ပွဲပါဝင်ပြီး သွင်းဂိုးက ၁၀၂ ဂိုးတောင်ရှိတယ်။ ကျန်တာကတော့ မန်ယူအသင်းမှာ ကစားပြီးသွင်းခဲ့တာ တွေဖြစ်တယ်။ဒီနှစ်ရာသီမှာဆိုရင်လည်း ရော်နယ်ဒိုဟာ ရီးရဲအသင်းနဲ့အတူ ချန်ပီယံလိဂ်ပွဲစဉ်တိုင်းမှာ ဂိုးသွင်းယူထားသူဖြစ်ပါတယ်။ ဒီနှစ်ရာသီမှာ သူ့ရဲ့ချန်ပီယံလိဂ်သွင်းဂိုးစုစုပေါင်းက ၁၂ ဂိုးရှိနေပြီလည်း ဖြစ်ပါတယ်။ ရော်နယ်ဒိုဟာ ပံ့ပိုးပေးမှုတွေ၊ အခွင့်အရေး ဖန်တီးရတာတွေထက် ဂိုးပိုသွင်းယူနိုင်ဖို့ကို အဓိကအာရုံစိုက်ထားတဲ့သူလည်း ဖြစ်ပါတယ်။ ရော်နယ်ဒိုရဲ့ထူးခြားချက်က နောက်တန်းခံစစ်မှူးတွေ မတားဆီးနိုင်ခင်မှာပဲ လျင်မြန်စွာဂိုးပေါက်ကန်သွင်း ယူနိုင်ခြင်းဖြစ်ပြီးအဆုံးသတ် ပိုင်းကောင်းမွန်မှုတို့ဖြစ်တယ်။သူဟာပြီးခဲ့တဲ့နှစ် ချန်ပီယံလိဂ်ပြိုင်ပွဲမှာလည်း ၁၇ ဂိုးအထိ သွင်းယူပေးပြီး အသင်းကို ချန်ပီယံလိဂ် ချန်ပီယံအဖြစ် ရယူပေးနိုင်ခဲ့တယ်။ ဒါကြောင့်လည်း ရီးရဲမက်ဒရစ်အသင်းရဲ့ ချန်ပီယံလိဂ်ဆုဖလား ရယူနိုင်ဖို့အတွက်တော့ တိုက်စစ်မှူးရော်နယ်ဒိုရဲ့ခြေစွမ်းကအရေးပါ တဲ့အခန်းကဏ္ဍမှာရှိနေတယ်လို့ ပြောရမှာပါ။



### အစဉ်အလာကြီးမားမှု

အခုဆိုရင် ရီးရဲမက်ဒရစ်အသင်းအနေနဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲကို ရှစ်နှစ်ဆက်တိုက်ရှုံးထွက်အဆင့်ကနေဖြတ်ကျော်နိုင်ခဲ့တဲ့အသင်းလည်း ဖြစ်ပါတယ်။ ဒါဟာ ချန်ပီယံလိဂ်သမိုင်းမှာတော့ ဘယ်အသင်းမှမရရှိသေးတဲ့ စံချိန်တစ်ခုလည်းဖြစ်ပါတယ်။ ၁၀ ကြိမ်မြောက် ချန်ပီယံလိဂ်ဆုဖလားကို ရယူနိုင်ခဲ့တုန်းကဆိုရင်လည်း ဘိုင်ယန်မြူးနစ်အသင်းကို ဖြတ်ကျော်ပြီး တက်ခဲ့တာဖြစ်ပါတယ်။ ဒီနှစ်ရာသီမှာ ရီးရဲမက်ဒရစ်အသင်းအနေနဲ့ ပီအက်စ်ဂျီအသင်းကို နှစ်ကျော့ပေါင်း ဂိုးပြတ်နဲ့နိုင်ခဲ့တာဟာ ကံကောင်းလို့မဟုတ်ဘဲ တကယ့်ခြေစွမ်းပိုင်းကောင်းမွန်မှုနဲ့ အတွေ့အကြုံပိုင်း အားသာမှုတွေကြောင့် နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ ချန်ပီယံလိဂ်ပြိုင်ပွဲတွေမှာတော့ အစဉ်အလာနဲ့ အတွေ့အကြုံပိုင်းက စကားပြောတယ်လို့ပြောရမှာပါ။ ဂျူဗင်တပ်စ်အသင်းဆိုရင်လည်း စပါးအသင်းကိုအနိုင်ကစားနိုင်ခဲ့တာဟာ အတွေ့အကြုံပိုင်း အားသာမှုတွေကြောင့်လို့ ပြောရမှာလည်း ဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်အသင်းဆိုရင်လည်း ပီအက်စ်ဂျီအသင်းနဲ့ ယှဉ်ပြိုင်ခဲ့တဲ့ပွဲမှာတော့အသင်းရဲ့ လျင်မြန်မှု၊ ကြံ့ခိုင်မှုပိုင်းကောင်းမွန်မှုတွေကို အများဆုံးပြသနိုင်ခဲ့သလို အစဉ်အလာကောင်းကိုလည်း ဆက်လက်ထိန်းထားနိုင်ခဲ့တာဖြစ်ပါတယ်။

### ချန်ပီယံလိဂ်အပေါ်ကိုသာ အာရုံစိုက်မှု

၂၀၁၈ မရောက်ခင်အထိတော့ ရီးရဲမက်ဒရစ်အသင်းရဲ့ ခြေစွမ်းတွေနဲ့ ပတ်သက်ပြီး ဝေဖန်မှုတွေက ပွက်ပွက်ညံနေခဲ့ပါတယ်။ အထူးသဖြင့် နိုင်ပွဲတွေ ပျောက်ဆုံးခဲ့တဲ့ ဒီဇင်ဘာရက်တွေကတော့ ပိုဆိုးခဲ့ပါတယ်။ ဒါ့အပြင် ရှုံးထွက်အဆင့်မှာလည်း ပီအက်စ်ဂျီအသင်းနဲ့ တွေ့ဖို့ကစားရမယ်ဆိုတော့ လူတိုင်းရဲ့ မျှော်လင့်ချက်က ရီးရဲအပေါ်အနည်းငယ်အားနည်းနေခဲ့တာကတော့အမှန်လို့ဆိုရမှာပါ။ ဒါပေမယ့် ကွာတားဖိုင်နယ်ကို အေးဆေးသက်သာစွာတက်လာနိုင်တဲ့အချိန်မှာတော့ အားလုံးရဲ့အမြင်တွေက ပြောင်းသွားခဲ့ပါပြီ။ အခုဆိုရင်လည်း ရီးရဲမက်ဒရစ်အသင်းဟာ စပိန်လာလီဂါမှာတော့ အဆင့် ၃ နေရာမှာ ရပ်တည်နေပြီး ရမှတ် ၅၇ မှတ်ရရှိထား တယ်။ အဆင့် ၅ နေရာမှာ ရှိနေတဲ့ ဆီဗီလာအသင်းနဲ့ ၁၂ မှတ်ကွာနေတယ်။ ဒါကြောင့် ရီးရဲမက်ဒရစ်အသင်းရဲ့ လာမယ့်ရာသီချန်ပီယံလိဂ်ဝင်ခွင့်ရဖို့အတွက်က သိပ်စိုးရိမ်စရာမရှိတော့ဘူး။ ဒါကြောင့်လည်း ရီးရဲမက်ရစ်နည်းပြ ဇီဒန်းဟာ စပိန်လာလီဂါထက် ချန်ပီယံလိဂ်ကို ပိုအာရုံစိုက်ဖို့ အခွင့်အရေးတွေပို များသွားတယ်။ ဒါဟာ အခြားအသင်း တွေထက်သာတဲ့ ရီးရဲမက်ဒရစ်အသင်းရဲ့ အဓိကအားသာချက်လို့ပြောရမယ်။

အဲဒါနဲ့ပတ်သက်ပြီးလည်း ဂျူဗင်တပ်စ်အသင်းနည်းပြ အယ်လီဂရီက “ကျွန်တော်ကတော့ ရီးရဲမက်ဒရစ်အသင်းဟာချန် ပီယံလိဂ်ရဖို့ ပိုရေပန်းစားတယ်လို့ထင်ပါတယ်။ သူတို့ဟာ ချန်ပီယံလိဂ်အပေါ်မှာပဲလုံးလုံးလျားလျား အာရုံစိုက်ထားလို့ ရပါတယ်။ ချန်ပီယံလိဂ်မှာ ယှဉ်ပြိုင် နေတဲ့ အသင်းတွေ ထဲ မှာတော့ သူ့လို ချန်ပီယံလိဂ် အပေါ်ကို အလုံးစုံ အာရုံစိုက်နိုင်တဲ့အသင်း ကတော့ မရှိပါဘူး”လို့ လည်း ပြောဆိုခဲ့ပါတယ်။

ဒါကြောင့်လည်း ပြည်တွင်းဖလားအတွက် ဂရုစိုက်စရာ မလိုသလို လာမယ့်နှစ်ချန်ပီယံလိဂ်ဝင်ခွင့်အတွက်ပါ မစိုးရိမ်ရတဲ့ ရီးရဲမက်ဒရစ်အသင်းအတွက်တော့ အဓိကအာရုံစိုက်ကစားရမှာက ချန်ပီယံလိဂ်ပွဲပဲ ဖြစ်ပါတယ်။ ဒါကြောင့်လည်း အကြောင်းတရားတွေ၊ အစဉ်အလာတွေနဲ့ ရော်နယ်ဒိုရဲ့ ခြေစွမ်းတွေကြောင့် ဒီနှစ်ချန်ပီယံလိဂ်ဆုဖလားကိုတော့ ရီးရဲမက်ဒရစ်အသင်းကသာ အဓိကရရှိဖို့ ရေပန်းစားနေတယ်ဆိုသာဆိုလိုက်ချင်ပါတယ်။ ။

> **ရီးရဲမက်ဒရစ်အသင်းဟာ စပိန်လာလီဂါမှာတော့ အဆင့် ၃ နေရာမှာ ရပ်တည်နေပြီး ရမှတ် ၅၇ မှတ်ရရှိထားတယ်။ အဆင့် ၅ နေရာမှာ ရှိနေတဲ့ ဆီဗီလာအသင်းနဲ့ ၁၂ မှတ်ကွာနေတယ်။ ဒါကြောင့် ရီးရဲမက်ဒရစ် အသင်းရဲ့ လာမယ့်ရာသီ ချန်ပီယံလိဂ်ဝင်ခွင့် ရဖို့အတွက်က သိပ်စိုးရိမ်စရာ မရှိတော့ဘူး။**



ဝေ မိုး ဆက်

# တတိယနေရာကိုပြန်ရဖို့ အားစိုက်ကစားလာမယ့် လီဗာပူး

ပရီမီယာလိဂ်ပွဲစဉ် ၃၁ ကို မတ် ၁၇ ရက်၊ ၁၈ ရက်နေ့တွေမှာ ကျင်းပသွားမှာဖြစ်ပြီး အဆိုပါပွဲစဉ်မှာတော့ အက်ဖ်အေဖလားပွဲကြောင့် ပွဲစဉ်ပြည့်ယှဉ်ပြိုင်သွားဖို့ မရှိဘဲ လေးပွဲတည်းသာ ကစားသွားမှာ ဖြစ်ပါတယ်။ ဒါပေမယ့် အဆိုပါ လေးပွဲထဲမှာ လီဗာပူးရဲ့ပွဲပါဝင်နေလို့ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။



လီဗာပူး VS ဝက်ဖို့ဒ်

စနေနေ့ : ၁၇-၃-၁၈ : နံနက် ၀၀:၀၀

ပကျော့ : ဝက်ဖို့ဒ် ၃ - ၃ လီဗာပူး

လီဗာပူးအနေနဲ့ မန်ယူကိုအရေးနိမ့်ခဲ့ပြီးနောက် စပါးကလည်း နိုင်ပွဲရယူနိုင်ခဲ့တဲ့အတွက် စတုတ္ထနေရာအထိရောက်ရှိခဲ့ပါတယ်။ ဒါ့အပြင် လီဗာပူးအနေနဲ့ နိုင်ပွဲရယူနိုင်ခဲ့တဲ့ပဥ္စမနေရာက ချယ်လ်ဆီးနဲ့လည်း ၄ မှတ်သာ ကွာတော့တာကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်ရယူနိုင်ဖို့ဆိုရင် အခုနောက်ပိုင်းပွဲတွေမှာ အမှတ်ထပ်မံမဆုံးရှုံးဖို့ လိုအပ်ပါတယ်။ ဒါကြောင့်လည်း လီဗာပူးအနေနဲ့ ဒီပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာဖြစ်တဲ့အပြင် အိမ်ကွင်းဖြစ်နေပါတယ်။ အထူးသဖြင့် လက်ရှိပွဲစဉ်မှာ မန်ယူ၊ စပါး၊ ချယ်လ်ဆီးတို့အားလုံးက အက်ဖ်အေဖလားပွဲ ကစားရဖို့ရှိတဲ့အတွက် ပွဲတွေရွှေ့ထားရလို့ ဒီပွဲမှာသာ လီဗာပူးတို့ နိုင်ပွဲရခဲ့ရင် တတိယနေရာကို ပြန်လည်ရောက်ရှိလာမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာလီဗာပူးတို့ မဖြစ်မနေ အားစိုက်ကစားလာဖို့ရှိနေပါတယ်။ ဝက်ဖို့ဒ်ကလည်းအဝေးကွင်း ခြေအားနည်းနေတာကြောင့် လီဗာပူးပဲအနိုင်ရမယ်။

ဟက်ဒါဖီးလ် Vs ပဲလေ့စ်

ပကျော့ : ပဲလေ့စ် ၀ - ၃ ဟက်ဒါဖီးလ်

တန်းဆင်းဇုန်ထဲကို ရောက်နေတဲ့ ပဲလေ့စ်အနေနဲ့ တန်းမဆင်းရဖို့ ပွဲတိုင်းမှာ အားစိုက်ကစားနေပေမယ့်လည်း ဒဏ်ရာပြဿနာတွေကြောင့် နိုင်ပွဲတွေ ပျောက်ဆုံးနေရပါတယ်။ အထူးသဖြင့် ခံစစ်ပိုင်း အားနည်းမှုတွေကြောင့် ပဲလေ့စ်တို့ဂိုးတွေပေးနေခဲ့ရကာ ရလဒ်တွေဆိုးနေခဲ့တာ ဖြစ်ပါတယ်။ ဟက်ဒါဖီးလ်ကလည်း လက်ရှိအချိန်မှာ တန်းမဆင်းရဖို့အမှတ်လိုနေသေးတာကြောင့်အားစိုက်ကစားနေကာ ခြေစွမ်းပိုင်းလည်းမဆိုးဘူးလို့ ဆိုနိုင်တယ်။ အိမ်ကွင်းပွဲတွေမှာ ဟက်ဒါဖီးလ်ရဲ့အသင်းလိုက်ခြေစွမ်းပိုင်း ပိုမိုကောင်းမွန်တတ်ကာ တိုက်စစ်ပိုင်းက လည်းဂိုးသွင်းခြေမဆိုးပါဘူး။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ပဲလေ့စ်တို့ တန်းမဆင်းရဖို့ အားစိုက်ကစားလာမှာဖြစ်ပေမယ့် အိမ်ရှင်ဟက်ဒါဖီးလ်ကသာ နိုင်ပွဲကပ်ရသွားနိုင်သလို ပဲလေ့စ်တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေမဆိုးတာကြောင့် သွင်းဂိုးတွေလည်း အပြန်အလှန်မြင်ရနိုင်ပါတယ်။

ဘုန်းမောက် Vs ဝက်စ်ဘရွန်း

ပကျော့ ဝက်စ်ဘရွန်း ၁ ၀ ဘုန်းမောက်

စပါးကို ဂိုးပြတ်အရေးနိမ့်ခဲ့ရလို့ ဘုန်းမောက်တို့အားစိုက်ကစားလာမှာက သေချာနေပါတယ်။ လက်ရှိဘုန်းမောက်ရဲ့ အခြေအနေကလည်းတန်းမဆင်းရဖို့ အမှတ်လိုနေပါသေးတယ်။ ဝက်စ်ဘရွန်းကလည်း တန်းမဆင်းရဖို့ အားစိုက်ကစားလာမှာဖြစ်ပေမယ့် ခြေစွမ်းပိုင်းက အားနည်းမှုတွေများတယ်။ ဘုန်းမောက်တို့အိမ်ကွင်းလည်းဖြစ်သလို အိမ်ကွင်းပွဲတွေမှာလည်း ခြေစွမ်းပိုင်းကောင်းမွန်တတ်တာကြောင့် ဒီပွဲမှာလည်း ဘုန်းမောက်တို့နိုင်ပွဲရယူသွားနိုင်မှာပါ။

စတုတ် Vs အဲဗာတန်

ပကျော့ အဲဗာတန် ၁ ၀ စတုတ်

အဲဗာတန်နိုင်ပွဲပြန်ရခဲ့ပြီဆိုပေမယ့် တိုက်စစ်ပိုင်းကစားပုံကတော့ အားနည်းနေဆဲဖြစ်သလို အဝေးကွင်းပွဲတွေမှာဆိုရင် နိုင်ပွဲရယူနိုင်ဖို့ ပိုမိုရုန်းကန်ရတတ်ပါတယ်။ စတုတ်ကတော့ ခြေစွမ်းအားနည်းတာမှန်ပေမယ့် တန်းမဆင်ရဖို့အတွက် အိမ်ကွင်းမှာအားစိုက်ကစားလာမှာပါ။ အဲဗာတန်အနေနဲ့ အဝေးကွင်းပွဲတွေမှာဆိုရင် ခံစစ်ပိုင်းကလည်းအားနည်းတတ်တာကြောင့် စတုတ်ရဲ့ တန်းမဆင်းရဖို့တိုက်စစ်ဖွင့်ကစားလာမှုကို ထိန်းချုပ်နိုင်ဖို့ခက်ပါတယ်။ စတုတ်တို့ အနိမ့်ဆုံးသရေလောက်ရမယ်။

## ဘာစီလိုနာအသင်းတွင် နေမာနှင့်ပြန်လည်လက်တွဲရန် မက်ဆီ လိုလားနေ

စပိန်ကလပ် ဘာစီလိုနာအသင်း၏ အဓိကကစားသမားဖြစ်သူ လီယွန်နယ်မက်ဆီကို တိုက်စစ်ကစားဖော်ဟောင်း နေမာနှင့် ဘာစီလိုနာအသင်းတွင် ပြန်လည်လက်တွဲရန် ဆန္ဒရှိနေကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။



ဘရာဇီးတိုက်စစ်မှူး နေမာအား ဘာစီလိုနာအသင်းသို့ ပြန်လာစေလိုသည်ဟု အာဂျင်တီးနားကစားသမား မက်ဆီက သူ၏ မိတ်ဆွေများနှင့် ကစားဖော်များအား အသိပေးပြောဆိုခဲ့သည်ဟု သတင်းများတွင် ဆက်လက်ရေးသားထားသည်။ သို့သော်လည်း ဘာစီလိုနာအသင်းဥက္ကဋ္ဌ ဘာတိုမြူကမူ နေမာအား ဘာစီလိုနာအသင်းသို့ ပြန်လည်ခေါ်ယူရန် လိုလားမှုမရှိကြောင်း စပိန်မီဒီယာများတွင် ရေးသားဖော်ပြထားခြင်းဖြစ်သည်။ ပြီးခဲ့သည့် ဇန်နဝါရီဈေးကွက်ကာလအတွင်းတွင် လီဗာပူးအသင်းမှ ဘာစီလိုနာသို့ ပြောင်းရွှေ့လာသူ ဘရာဇီးကွင်းလယ်တိုက်စစ်ကစားသမား ကော်တင်ညိုက ဘရာဇီးအသင်း ကစားဖော် နေမာနှင့် ဘာစီလိုနာအသင်းတွင် လက်တွဲလိုကြောင်း ပြောဆိုခဲ့ပြီးနောက် မက်ဆီက ယခုကဲ့သို့ ဖွင့်ဟပြောဆိုမှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ ထို့အပြင် ဘာစီလိုနာ အသင်းကစားသမားတစ်ဦးဖြစ်သူ အိုင်ဗန်ရာကီတစ်ကလည်း နေမာအနေဖြင့် ဘာစီလိုနာသို့ ပြန်လာမည်ဆိုပါက ကြိုဆိုသွားမည်ဟု ပြောဆိုထားသည်။

ကော်တင်ညိုက "နေမာသာ ဘာစီလိုနာအသင်းဆီ ပြန်လာခဲ့မယ်ဆိုရင် ဒါဟာ ကျွန်တော့်အတွက်တော့ အလွန်ကို ကောင်းမွန်တဲ့ကိစ္စဖြစ်လာမှာပါ"ဟု ဖွင့်ဟပြောဆိုခဲ့သည်။

အသက် ၂၆ နှစ်အရွယ်ရှိ တိုက်စစ်မှူး နေမာသည် ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ဘာစီလိုနာအသင်းတွင် ပါဝင်ကစားခဲ့ကာ ၂၀၁၇ ခုနှစ် နွေရာသီဈေးကွက်ကာလအတွင်းတွင် ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းသို့ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်သည်။ တိုက်စစ်မှူး နေမာသည် ဘာစီလိုနာအသင်းတွင် ပါဝင်ကစားခဲ့စဉ်အတွင်း ပွဲပေါင်း ၁၈၆ ပွဲ ပါဝင်ကစားခဲ့ကာ ၁၀၅ ဂိုး သွင်းယူ နိုင်ခဲ့သူဖြစ်သည်။ ဘာစီလိုနာအသင်း၏ အဓိကပြိုင်ဘက်ဖြစ်သည့် ရီးရဲမက်ဒရစ် အသင်းသည် ငွေကြေးအများအပြား အသုံးပြုကာ တိုက်စစ်မှူး နေမာအား ပီအက်စ်ဂျီအသင်းထံမှ ခေါ်ယူရန် စီစဉ်လျက်ရှိသည်။ **ထက်အောင်**

### ပရီမီယာလိဂ်ပွဲစဉ်(၃၀)

| | | | |
|---|---|---|---|
| စနေနေ့ | | | ၁၇-၃-၁၈ |
| ဘုန်းမောက် | - | ဝက်စ်ဘရွန်း | ည ၉း၃၀ |
| ဟက်ဒါဖီးလ် | - | ပဲလေ့စ် | ည ၉း၃၀ |
| စတုတ် | - | အဲဗာတန် | ည ၉း၃၀ |
| လီဗာပူး | - | ဝက်ဖို့ဒ် | နံနက် ၀၀း၀၀ |

### အက်ဖ်အေဖလားကွာတားဖိုင်နယ်

| | | | |
|---|---|---|---|
| စနေနေ့ | | | ၁၇-၃-၁၈ |
| ဆွမ်ဆီး | - | စပါး | ည ၆း၄၅ |
| မန်ယူ | - | ဘရိုက်တန် | နံနက် ၂း၁၅ |
| တနင်္ဂနွေနေ့ | | | ၁၈-၃-၁၈ |
| ဝီဂန် | - | ဆောက်သမ်တန် | ည ၈း၀၀ |
| လက်စတာ | - | ချယ်လ်ဆီး | ည ၁၁း၀၀ |

### စပိန်လီဂါပွဲစဉ်(၂၉)

| | | | |
|---|---|---|---|
| သောကြာနေ့ | | | ၁၆-၃-၁၈ |
| လီဗန်တေး | - | အီဘာ | နံနက် ၂း၃၀ |
| စနေနေ့ | | | ၁၇-၃-၁၈ |
| ဒီပို့တီဗို | - | လက်ပဲလ်မက်စ် | ည ၆း၃၀ |
| ဗလင်စီယာ | - | အလာဗက်စ် | ည ၉း၄၅ |
| ဆိုစီဒက်စ် | - | ဂီတာဖေး | နံနက် ၀၀း၀၀ |
| ဘက်တစ် | - | အက်စ်ပန်ညို | နံနက် ၂း၁၅ |
| တနင်္ဂနွေနေ့ | | | ၁၈-၃-၁၈ |
| လီဂါနက်စ် | - | ဆီဗီလာ | ည ၅း၃၀ |
| ဘာစီလိုနာ | - | ဘီဘာအို | ည ၉း၄၅ |
| ဗီလာရီးရဲ | - | အက်သလက် | နံနက် ၀၀း၀၀ |
| ဆဲလ်တာဗီဂို | - | မာလာဂါ | နံနက် ၀၀း၀၀ |
| ရီးရဲ | - | ဂျီရိုနာ | နံနက် ၂း၁၅ |

### စီးရီးအေပွဲစဉ်(၂၉)

| | | | |
|---|---|---|---|
| စနေနေ့ | | | ၁၇-၃-၁၈ |
| အူဒီးနိစ် | - | ဆက်ဆူအိုလို | ည ၁၁း၃၀ |
| SPAL | - | ဂျူဗင်တပ်စ် | နံနက် ၂း၁၅ |
| တနင်္ဂနွေနေ့ | | | ၁၈-၃-၁၈ |
| ဆမ်ဒိုးရီးယား | - | အင်တာ | ည ၆း၀၀ |
| ဗီရိုနာ | - | အတ္တလန္တာ | ည ၈း၃၀ |
| ဘီနီဗန်တို | - | ကယ်ဂလီယာရီ | ည ၈း၃၀ |
| မီလန် | - | ချီယေဗို | ည ၈း၃၀ |
| တိုရီနို | - | ဖီယိုရင်တီနာ | ည ၈း၃၀ |
| ခရိုတိုနီ | - | ရိုးမား | ည ၈း၃၀ |
| လာဇီယို | - | ဘိုလော့ဂ်နာ | နံနက် ၂း၁၅ |
| နာပိုလီ | - | ဂျီနိုအာ | နံနက် ၂း၁၅ |

### ပြင်သစ်ပထမတန်းပွဲစဉ်(၃၀)

| | | | |
|---|---|---|---|
| သောကြာနေ့ | | | ၁၆-၃-၁၈ |
| မိုနာကို | - | လိုင်လီ | နံနက် ၂း၁၅ |
| စနေနေ့ | | | ၁၇-၃-၁၈ |
| ဘော်ဒိုး | - | ရိန်းစ် | ည ၁၀း၃၀ |
| အာမီယန် | - | ထရွိုင်းယတ်စ် | နံနက် ၁း၃၀ |
| အန်ဂျာစ် | - | ကိန်းစ် | နံနက် ၁း၃၀ |
| မောင့်ပယ်လီယာ | - | ဒီဂျွန် | နံနက် ၁း၃၀ |
| တူးလောက်စ် | - | စထရက်ဘော့ချ် | နံနက် ၁း၃၀ |
| တနင်္ဂနွေနေ့ | | | ၁၈-၃-၁၈ |
| နိုက်စ် | - | ပီအက်စ်ဂျီ | ည ၆း၃၀ |
| မက်ဇ် | - | နန့်စ် | ည ၈း၃၀ |
| စိန့်အက်တီယန် | - | ဂူအင်ဂမ့် | ည ၁၀း၃၀ |
| မာဆေး | - | လိုင်ယွန် | နံနက် ၂း၃၀ |

### ဘွန်ဒက်စ်လီဂါပွဲစဉ်(၂၇)

| | | | |
|---|---|---|---|
| သောကြာနေ့ | | | ၁၆-၃-၁၈ |
| ဖရိုင်းဘတ် | - | စတုဂတ် | နံနက် ၂း၀၀ |
| စနေနေ့ | | | ၁၇-၃-၁၈ |
| ဂလာဘတ်ချ် | - | ဟော့ဖန်ဟိမ်း | ည ၉း၀၀ |
| ဖရန့်ဖွတ် | - | မိန့်ဇ် | ည ၉း၀၀ |
| အော့စ်ဘတ် | - | ဝါဒါဘရီမင် | ည ၉း၀၀ |
| ဟမ်းဘတ် | - | ဟာသာဘာလင် | ည ၉း၀၀ |
| ဝုဖ်ဘတ် | - | ရှော်လ်ကေး | နံနက် ၀၀း၀၀ |

# ငါးမဖမ်းရရာသီတွင် ကမ်းဝေးငါးဖမ်းရေယာဉ်များ ငါးဖမ်းဆီးခွင့် သုံးလပိတ်မည်



**ဖျာပုံ မတ် ၁၅**
မြန်မာ့ပင်လယ်ပြင်တွင် ငါးမျိုးမပြုန်းတီးစေရေးအတွက် ငါးမဖမ်းရရာသီနှင့် ငါးမဖမ်းရဧရိယာ သတ်မှတ်ခြင်းတို့ကို ၂၀၁၃ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်တွင် ငါးဖမ်းဆီးခွင့်ကို ၃၀ ရာခိုင်နှုန်းသတ်မှတ်ထားရှိခဲ့သည်။

ယင်းသို့ သတ်မှတ်ထားရှိခဲ့သော်လည်း မြန်မာ့ပင်လယ်ပြင်တွင် တရားမဝင် ငါးဖမ်းဆီးမှုများနှင့် အဆင့်မြင့်နည်းပညာရပ်များဖြင့် ငါးဖမ်းဆီးမှုတို့ကို ကြုံတွေ့နေရဆဲဖြစ်ပြီး မြန်မာ့ပင်လယ်ပြင်၏ ငါးသယံဇာတ တည်ရှိနေမှုနှင့် မျိုးပွားနိုင်မှုတို့ကို ပြည်ပနိုင်ငံများမှ ပညာရှင်များဖြင့် သုတေသန အကြိမ်ကြိမ်ပြုလုပ်ခဲ့ရာ အကြောင်းအမျိုးမျိုးကြောင့် ငါးသယံဇာတများ ရှားပါးသွားခြင်းနှင့် ကြုံတွေ့နေရပြီး ငါးမျိုးပွားနှုန်းလည်း ကျဆင်းလျက်ရှိကြောင်း သုတေသနပြုသူများက ဆိုသည်။

မြန်မာ့ပင်လယ်ပြင်မှငါးများကို ရေရှည် စားသုံးနိုင်ရေး၊ ငါးများ မျိုးပွားနှုန်းမြင့်မားလာစေရေး ရည်ရွယ်ချက်များဖြင့် ယခု ၂၀၁၈ ခုနှစ်အတွက် ငါးမဖမ်းရရာသီကို မေ ၁၅ ရက်မှ ဩဂုတ် ၁၅ ရက်အထိ သုံးလကြာ သတ်မှတ်မည်ဖြစ်ပြီး ငါးမဖမ်းရကာလအဖြစ် သတ်မှတ်ထားသည့်အချိန်အတွင်း နိုင်ငံတစ်ဝန်းရှိ ကမ်းဝေးငါးဖမ်းရေယာဉ်များအားလုံး မြန်မာ့ပင်လယ်ပြင်သို့ ထွက်ခွာငါးဖမ်းဆီးခွင့် ပိတ်ပင်ထားမည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

# ဈေးကွက်အလားအလာရှိသောသီးနှံများကို တန်ဖိုးကွင်းဆက် လေ့လာအကဲဖြတ်

**နေပြည်တော် မတ် ၁၅**
မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဒေသအလိုက် ဖြစ်ထွန်းကောင်းမွန်ပြီး အရည်အသွေးစံချိန်စံညွှန်းနှင့်ကိုက်ညီသော မျိုးစေ့များ ထုတ်လုပ်နိုင်ရေးသည် အရေးကြီးသော အခန်းကဏ္ဍဖြစ်ပြီး ထွက်ရှိလာသည့်သီးနှံများ ဈေးကွက်ရရှိရေးသည်လည်း အရေးကြီးသည့် အချက်ပင်ဖြစ်ရာ တောင်သူများ၏ ဈေးကွက်အလားအလာရှိသည့် သီးနှံများကို တန်ဖိုးကွင်းဆက် စိစစ်လေ့လာအကဲဖြတ်မှုများကို သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတော် အမျိုးသားအဆင့် လယ်သမားသင်တန်းအတွက် သင်ရိုးညွှန်းတမ်းနှင့် ဈေးကွက်အလားအလာရှိသည့် သီးနှံများကို တန်ဖိုးကွင်းဆက်တစ်လျှောက် စိစစ်လေ့လာ အကဲဖြတ်မှုမှရရှိသော အစီရင်ခံစာများ နောက်ဆုံးအတည်ပြုနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို မတ် ၁၃ ရက်က နေပြည်တော် မန်းမြန်မာဟိုတယ်၌ ပြုလုပ်ခဲ့သည်။



အလုပ်ရုံဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ FAO နှင့် AVSI မှ ကျွမ်းကျင်ပညာရှင်များနှင့် စီမံကိန်းဆိုင်ရာတာဝန်ရှိသူများ၊ NGO နှင့် INGO အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ တက်ရောက်ကြပြီး ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် အစီရင်ခံစာများတွင် ဖော်ပြသည့် ရာသီဥတုနှင့် လိုက်လျောညီထွေပြီး ကာဗွန်သိုလှောင်နိုင်စွမ်း တိုးပွားစေမည့် စိုက်ပျိုးနည်းစနစ်များ၊ ရေမြေရာသီဥတု မတူညီသည့် ဦးစားပေးဒေသ သုံးခုအတွက် လယ်သမားသင်တန်းကျောင်း သင်ရိုးညွှန်းတမ်းကို FAO နှင့် AVSI မှ စီမံကိန်းဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ ကျွမ်းကျင်ပညာရှင်များ ပူးပေါင်း၍ ရေးဆွဲရန်နှင့် လိုအပ်ချက်များကို အကဲဖြတ်ခြင်း၊ ဈေးကွက်အလားအလာရှိသည့် သီးနှံများကို တန်ဖိုးကွင်းဆက် လေ့လာအကဲဖြတ် သုံးသပ်ခြင်း(Value Chain Analysis)မှ ရရှိသော အဖြေများ စသည်တို့ကို ဆွေးနွေးခဲ့ပြီး နိုင်ငံတော် အမျိုးသားအဆင့် လယ်သမားသင်တန်းအတွက် သင်ရိုးညွှန်းတမ်းကို နောက်ဆုံးအတည်ပြုနိုင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ဇူလိုင်မိုး(မြန်မာ့အလင်း)**

# တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု နွေရာသီသင်တန်းများဖွင့်ရန် ထောက်ပံ့ငွေပေး

**ပဲခူး မတ် ၁၅**
ပဲခူးမြို့ ဟသ်ာကုန်းရပ်ကွက်ရှိ မွန်စံပြအလယ်တန်းကျောင်းခွဲ၌ မွန်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု နွေရာသီ မွမ်းမံသင်တန်း ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို မတ် ၁၂ ရက်က ကျင်းပခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပွယ်စေးက အမှာစကားပြောပြီး တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးများစာပေ နှင့်ယဉ်ကျေးမှုဦးစီးဌာန ဦးစီးမှူး ဒေါ်ဥမ္မာမြင့်က ထောက်ပံ့ငွေများပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် သက်ဆိုင်ရာ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီ တာဝန်ရှိသူများက မြို့နယ်အလိုက် တိုင်းရင်းသားစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကာ ပဲခူးမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့တွင် နွေရာသီ မွန်စာပေ သင်ကြားရေးအတွက် ထောက်ပံ့ငွေ ကျပ်သိန်း ၂၀ ကို ဝန်ကြီးက ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ကျောက်တံခါးမြို့နယ် အောင်မြင်မြို့သို့သွားရောက်၍ မြို့နယ် ၁၀ ခုတွင် ရှမ်းတိုင်းရင်းသားစာပေ နွေရာသီ မွမ်းမံသင်တန်းများ ဖွင့်လှစ်ရန်နှင့် မြို့နယ် ငါးခုတွင် ပအိုဝ်းတိုင်းရင်းသားစာပေ နွေရာသီ မွမ်းမံသင်တန်းများ ဖွင့်လှစ်ရန်အတွက် ထောက်ပံ့ငွေ ကျပ်သိန်း ၁၅၀ ကို တိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုကော်မတီများမှ တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



**ကိုလွင်(ဆွာ)**

# ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး ပညာပေးဟောပြောပြီး ထင်းများဖြန့်ဝေပေး

**ရေဦး မတ် ၁၅**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ကြီးမှူး၍ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အသိပညာပေးဟောပြောပွဲကို မတ် ၁၃ ရက်က ရွာငယ်ကျေးရွာ ကြိုးဝိုင်း၌ ကျင်းပခဲ့ပြီး ကျေးရွာမှ အိမ်ထောင်စုများထံသို့လည်း ထင်းများအခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ရေဦးမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးလွင်က "သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ဖို့ ပြည်သူအားလုံး ပူးပေါင်းပါဝင်စို့" ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။ ထို့နောက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းဖြစ်သည့် ပင်ပူးခွာခြင်း၊ ကိုင်းတက်ချိုင်ခြင်း၊ ငုတ်တက်ချွန်ခြင်း၊ ဓမ္မတာမျိုးဆက်ခြင်း ဧက ၂၀၀ ဆောင်ရွက်ရာမှ ထွက်ရှိသည့် ထင်း ၂၇ ဒသမ ၂၆ တန်ကို ရွာငယ်ကျေးရွာမှ အိမ်ထောင်စု ၄၀ အား စနစ်တကျ ခွဲဝေပေးခဲ့ကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**

## သတင်းတိုများ

### ကျေးရွာရေရရှိရေး စက်ရေတွင်းတူးဖော်ပြီးစီး

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ထိန်ကန်ကျေးရွာအုပ်စု ထိန်ကန်ကျေးရွာ၌ သောက်သုံးရေလုံလောက်စွာ ရရှိရေးအတွက် အနက် ပေ ၈၅၀ လေးလက်မစက်ရေတွင်းကို ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP) ရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် တူးဖော်ပေးခဲ့ရာ လုပ်ငန်းများပြီးစီးမှုအခြေအနေကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဒေါ်မေသက်နိုင်နှင့် ဝန်ထမ်းများ မတ် ၁၂ ရက်က သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့သည်။ ထိန်ကန်ကျေးရွာစက်ရေတွင်း တူးဖော်ပြီးစီးပြီးနောက် တစ်နာရီလျှင် ရေဂါလန် ၂၀၀၀ နှုန်း ထွက်ရှိနေပြီဖြစ်သဖြင့် ကျေးရွာနေပြည်သူများအတွက် သောက်သုံးရေ လုံလောက်စွာရရှိနိုင်ပြီဖြစ်ကြောင်းသိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

### ဓမ္မစကူးလ်သင်တန်း အောင်လက်မှတ်ပေးအပ်ပွဲကျင်းပမည်

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့ သဘော့ကန်စံပြကျေးရွာ ဓမ္မစကူးလ်သင်တန်းမှ ကျောင်းသား ကျောင်းသူများအား အောင်လက်မှတ်များပေးအပ်ပွဲနှင့် ဆုပေးပွဲကို မတ် ၁၈ ရက်နေ့တွင် စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ အခမ်းအနားကို နံနက် ၈ နာရီမှ ၁၁ နာရီအထိ ကျင်းပမည်ဖြစ်ပြီး ဧည့်ပရိသတ်များအား စတုဒိသာကျွေးမွေးခြင်း၊ အောင်လက်မှတ်များပေးအပ်ခြင်းနှင့် ညပိုင်းတွင် ဓမ္မစကူးလ် ကျောင်းသား ကျောင်းသူလေးများက ပဒေသာကပွဲဖြင့် ဖျော်ဖြေခြင်းတို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါသင်တန်းကို သဘော့ကန်ကျေးရွာ ဓမ္မသုခကာရီကျောင်းတိုက်တွင် ပြီးခဲ့သည့်နှစ် မေလအတွင်းမှစတင်၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်းယခုနှစ် ဇန်နဝါရီလကုန်အထိ သင်ကြားခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

### ကျေးလက်ဒေသအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်နှင့်အဖွဲ့သည် ထန်တလန်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မို့မို့အောင်နှင့် အဖွဲ့ဝင်များနှင့်အတူ ကျေးလက်ဒေသအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံချက်ဖြင့် ဆောင်ရွက်နေသော ကျေးရွာဖြစ်သည့် ထန်တလန်မြို့နယ် ကြောင်ထီးယားကျေးရွာသို့ မတ် ၁၃ ရက်က သွားရောက်ခဲ့ကာ ကျေးရွာ၌ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသော ဆယ်အိမ်စု ကိုယ်စားလှယ် ၂၂ ဦးနှင့်တွေ့ဆုံ၍ စီမံချက်ပါလုပ်ငန်းများအကြောင်း လမ်းညွှန်မှာကြားခြင်း၊ ကြည့်ရှုစစ်ဆေးခြင်းများ ပြုလုပ်ပြီး ဘိုးဘွားများနှင့် မိသားစုဝင်ဦးရေများသော အိမ်ထောင်စုများကို အထောက်အပံ့များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

### ကျေးရွာများသို့ကွင်းဆင်း၍ မူခင်းကျဆင်းရေး ပညာပေးဟောပြော

ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဆောင်၍ စဉ့်ကူးမြို့မရဲစခန်းနှင့် နယ်မြေရဲစခန်းများမှ တပ်ဖွဲ့ဝင်များအဖွဲ့သည် မြို့နယ်အတွင်းရှိကျေးရွာများသို့ ကွင်းဆင်းသွားရောက်၍ နယ်မြေ အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် မူခင်းကျဆင်းရေးအတွက် ပညာပေးဟောပြောမှုများ ဆောင်ရွက်လျက်ရှိရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး စန်းနိုင်ထွန်း၊ စဉ့်ကူးမြို့မရဲစခန်းမှူး ဒုရဲမှူးကျော်စိုးနှင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်မြင့်ထွေးတို့သည် မတ် ၁၁ ရက်တွင် ရွာသစ်ဖျားကျေးရွာ မြသိန်းတန်ဘုရား ဓမ္မာရုံတွင်လည်းကောင်း၊ ရေတော်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲတွင်လည်းကောင်း ဟောပြောခဲ့ကြပြီး စဉ့်ကူးမြို့မရဲစခန်းမှူးနှင့် နယ်ထိန်းခေါင်းဆောင်တို့သည် ရွာသစ်ကြီးကျေးရွာ အလင်းရောင်စာကြည့်တိုက်တွင်လည်းကောင်း မူခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှု ပပျောက်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းလိုက်နာရေး စသည့် အကြောင်းအရာများကို ဒေသခံပြည်သူများအား ဟောပြော အသိပညာပေးခဲ့ပြီး ပညာပေးလက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မင်းဇော်ဦး(ပြန်/ဆက်)**

# လူကုန်ကူးမှုတားဆီးရေးနှင့် ကျန်းမာရေးဆိုင်ရာများ အသိပညာပေးဟောပြော

**အမ်း မတ် ၁၅**
နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ရခိုင်ပြည်နယ် အမ်းမြို့နယ် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် ကျန်းမာရေးဆိုင်ရာများ အသိပညာပေး ဟောပြောပွဲကို မတ် ၁၀ ရက်က ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းကျောင်းရှိ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ် ၇ နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၆)တို့မှ သင်တန်းသူများအား ဟောပြောခြင်းဖြစ်ပြီး ဟောပြောပွဲတွင် အမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်က အမှာစကားပြောကြားကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးက ဟောပြောပွဲကျင်းပသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမ်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းအေး၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒေါ်ဝင်းအိမွန်နှင့် မြို့နယ်ကျန်းမာရေးဌာနမှ တာဝန်ရှိသူ ဦးဦးမောင်သန်းတို့က လူကုန်ကူးမှု ဖြစ်ပွားသည့် အကြောင်းရင်းနှင့် ဖြစ်စဉ်များ၊ ဖြစ်ပွားခြင်းမရှိအောင် တားဆီးကာကွယ်ရေးနှင့် ဥပဒေဆိုင်ရာများ၊ ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကို ဟောပြောခဲ့ကြကာ အသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## စစ်ကိုင်းတိုင်းဒေသကြီးမှ ကျေးရွာ ၄၉၉၀ မီးလင်းနိုင်တော့မည်

**မုံရွာ မတ် ၁၅**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ ကျေးရွာများတွင် လျှပ်စစ်ဓာတ်အားကို နည်းလမ်းအမျိုးမျိုးဖြင့် ရရှိအသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကုန်တွင် စုစုပေါင်း ကျေးရွာ ၄၉၉၀ ၌ မီးလင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မီးလင်းရေးလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ကျေးရွာ ၄၆ ရွာတွင်လည်းကောင်း၊ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ၉၅ ရွာတွင်လည်းကောင်း၊ NEP Pilot Project ဖြင့် ကျေးရွာ ၅၀ တွင်လည်းကောင်း တိုးချဲ့ဆောင်ရွက်လျက်ရှိရာ စုစုပေါင်း ကျေးရွာ ၁၉၁ ရွာတွင် ဆောင်ရွက်နေကြောင်း၊ ဘဏ္ဍာနှစ်ကုန်တွင် အဆိုပါ ၁၉၁ ရွာ မီးရရှိခြင်း အပါအဝင် ကျေးရွာပေါင်း ၄၉၉၀ ၌ နိုင်ငံတော်လျှပ်စစ်ဓာတ်အားဖြင့်လည်းကောင်း၊ အခြားနည်းလမ်းဖြင့်လည်းကောင်း ဓာတ်အားရရှိအသုံးပြုနိုင်မည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာမှူးရုံးမှ သိရသည်။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၇ မြို့တွင် နိုင်ငံတော် ဓာတ်အားစနစ်နှင့် အခြားနည်းလမ်းတို့ဖြင့် လက်ရှိမီးလင်းနေသည့် အခြေအနေမှာ ခရိုင်အတွင်းရှိ မြို့နယ်သုံးခုတွင် ဓာတ်အားစနစ်ဖြင့် ၂၃၇ ရွာ၊ အခြားနည်းလမ်းဖြင့် ၆၂ ရွာ၊ မုံရွာခရိုင်အတွင်းရှိ မြို့နယ်လေးခုတွင် ဓာတ်အားစနစ်ဖြင့် ၃၀၅ ရွာ၊ အခြားနည်းလမ်းဖြင့် ၂၁၉ ရွာ၊ ယင်းမာပင်ခရိုင်အတွင်းရှိ မြို့နယ် လေးခုတွင် ဓာတ်အားစနစ်ဖြင့် ၂၆၂ ရွာ၊ အခြားနည်းလမ်းဖြင့် ၂၄၂ ရွာ၊ ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်ခြောက်ခုတွင် ဓာတ်အားစနစ်ဖြင့် ၃၇၈ ရွာ၊ အခြားနည်းလမ်းဖြင့် ၅၄၆ ရွာ၊ ကန့်ဘလူခရိုင်အတွင်းရှိ မြို့နယ်နှစ်ခုတွင် ဓာတ်အားစနစ်ဖြင့် ၁၈၃ ရွာ၊ အခြားနည်းလမ်းဖြင့် ၁၅၇ ရွာ၊ ကသာခရိုင်အတွင်းရှိ မြို့နယ် ခုနစ်ခုတွင် ဓာတ်အားစနစ်ဖြင့် ၄၅၄ ရွာ၊ အခြားနည်းလမ်းဖြင့် ၆၈၅ရွာ၊ ကလေးခရိုင်အတွင်းရှိ မြို့နယ်သုံးခုတွင် ဓာတ်အားစနစ်ဖြင့် ခြောက်ရွာ၊ အခြားနည်းလမ်းဖြင့် ၄၄၅ ရွာ၊ တမူးခရိုင် တမူးမြို့နယ်တွင် အခြားနည်းလမ်းဖြင့် ၆၁ ရွာ၊ မော်လိုက်ခရိုင်အတွင်းရှိ မြို့နယ် နှစ်ခုတွင် အခြားနည်းလမ်းဖြင့် ၂၅၃ ရွာ၊ ခန္တီးခရိုင်အတွင်းရှိ မြို့နယ် နှစ်ခုတွင် အခြားနည်းလမ်းဖြင့် ၂၉၇ ရွာ၊ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ မြို့နယ် သုံးခုတွင် အခြားနည်းလမ်းဖြင့် ၁၉၈ ရွာဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၃၇ ခုတွင် ကျေးရွာစုစုပေါင်း ၆၀၁၀ ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြီးဆုံးပါက ကျေးရွာပေါင်း ၄၉၉၀ တွင် ဓာတ်အားရရှိအသုံးပြုနိုင်တော့မည်ဖြစ်၍ မီးလင်းရန်အတွက် ကျေးရွာပေါင်း ၁၀၁၉ ရွာသာ ကျန်ရှိတော့မည်ဖြစ်ကြောင်းလည်း စစ်ကိုင်းတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာမှူးရုံးမှ သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်လျက်ရှိ

**ရေတာရှည် မတ် ၁၅**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်သည် လယ်ယာစိုက်ပျိုးရေးကို အဓိက လုပ်ကိုင်လျက်ရှိပြီး စိုက်ပျိုးထွက်ကုန်များကို သယ်ယူရာတွင် ကုန်ထုတ်လမ်း နည်းပါးသည့်အတွက် တောင်သူများ အခက်အခဲများစွာဖြစ်ပေါ်လျက်ရှိရာ ရေနီမြို့အရှေ့ စစ်တောင်းမြစ်တစ်ဖက်ကမ်းရှိ သရက်တောနှင့် ဇေယျသိမ် ကျေးရွာနှစ်ရွာကြားတွင် အကျယ် ၁၂ ပေ၊ အရှည် ၁ မိုင် ၂ ဖာလုံရှိ ဂဝံကျောက်ချော ကုန်ထုတ်လမ်းကို မြို့နယ် ကျေးလက်ဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် ၃၀ ဒသမ ၆၇၈ သန်းဖြင့် ဖေဖော်ဝါရီလ နောက်ဆုံးပတ်မှစတင်၍ စက်ယန္တရားများဖြင့် ဖောက်လုပ်ပေးလျက်ရှိသည်။

အဆိုပါ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီစွာ ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်ညွန့်နှင့် ဝန်ထမ်းများက မတ် ၁၂ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။ အဆိုပါကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးသွားပါက ကွင်းအမှတ် ၇၅၄(က) နှင့် ၇၅၅(ခ) အတွင်းရှိ စိုက်ပျိုးဧကပေါင်း ၃၈၀ မှ စိုက်ပျိုးရေးထွက်ကုန်များကို ပို၍လွယ်ကူချောမွေ့စွာ တင်ပို့ရောင်းချနိုင်အောင် အကျိုးပြုမည်ဖြစ်၍ ဒေသခံတောင်သူများ အဆင်ပြေစေမည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင် (ဆွာ)**

## ကျေးလက်ဒေသ ရေရရှိရေးဆောင်ရွက်မှုကို ကွင်းဆင်းစစ်ဆေး

**အရာတော် မတ် ၁၅**
စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် လိန်လှကျေးရွာအုပ်စု ဥက္ကံကျေးရွာနှင့် ဝါးရောင်းကျေးရွာအုပ်စု ဇီးပင်လယ်ကျေးရွာတို့၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် JICA တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သော အပူပိုင်းဇုန်ရေရရှိရေးစီမံကိန်းအရ စက်ရေတွင်း၊ ရေစက်ရုံ၊ အမြင့်တင်ရေစင် တည်ဆောက်နေမှု အခြေအနေများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုး၊ ညွှန်ကြားရေးမှူး ဦးကျော်စွာအောင်၊ တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းကျော်မျိုးနှင့် တာဝန်ရှိသူများက မတ် ၁၂ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**၀၇၇**

# တိုင်းရင်းသား စွန့်ဦးတီထွင်လုပ်ငန်းရှင်များအဖွဲ့ ဖွဲ့စည်းရန် ညှိနှိုင်းဆွေးနွေး

**လွိုင်ကော် မတ် ၁၅**
တိုင်းရင်းသားလူမျိုးတို့၏ စီးပွားရေးနှင့်ပတ်သက်ပြီး တိုင်းရင်းသား စွန့်ဦးတီထွင်လုပ်ငန်းရှင်များအဖွဲ့ကို မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)က ဖွဲ့စည်းဆောင်ရွက်သွားရန် စီစဉ်ထားရှိရာ ပါဝင်ဆောင်ရွက်နိုင်မည့် တိုင်းရင်းသား စွန့်ဦးတီထွင်လုပ်ငန်းရှင်များစာရင်းကို အသင်းချုပ်ရုံးသို့ ပေးပို့နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကယားပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ မတ် ၁၃ ရက်က ကျင်းပခဲ့သည်။



အစည်းအဝေးသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကာ ပြည်နယ် ဝန်ကြီးချုပ်က တိုင်းရင်းသား စွန့်ဦးတီထွင်လုပ်ငန်းရှင် အမည်စာရင်း တင်ပြရာတွင် ကယားပြည်နယ်အတွင်း စွန့်ဦးတီထွင် ဆောင်ရွက်ခဲ့ဖူးသော လုပ်ငန်းရှင်များကိုလည်း ရှေးမီနောက်မီ လူကြီးသူမများက တင်ပြပေးစေလိုကြောင်း၊ တာဝန်ပေးအပ်ပါကလည်း တက်တက်ကြွကြွ ဆောင်ရွက်နိုင်မည့်သူများကို လိုလားကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက စွန့်ဦးတီထွင်မှု၏ အဓိပ္ပာယ်ကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာသူများက တိုင်းရင်းသားမျိုးနွယ်စုအလိုက် ရိုးရာဒေသထွက်ကုန်များဖြစ်သည့် ဖျာ၊ ပလိုင်း၊ လက်မှုပန်းပုပညာ၊ ရိုးရာအဝတ်အထည်များ စသည့် ရိုးရာဒေသထွက်ကုန် လုပ်ငန်းများကို ယနေ့အထိ ဆောင်ရွက်နေသည့် ပုဂ္ဂိုလ်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့ပြီး ကယားပြည်နယ်အတွင်းရှိ စွန့်ဦးတီထွင်လုပ်ကိုင်သူ တိုင်းရင်းသားလုပ်ငန်းရှင်များ၏ အမည်စာရင်းများကိုလည်း စုစည်းပြုစုတင်ပြသွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ထားဝယ်ဒေသမှ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအား အမြဲတမ်းအတွင်းဝန် တွေ့ဆုံ

**ထားဝယ် မတ် ၁၅**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာတင်ထွဋ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်(စက်မှုသီးနှံ)၊ ညွှန်ကြားရေးမှူး ဦးထွန်းထွန်းထွေး(နှစ်ရှည်သီးနှံ)၊ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေ(ရာသီကော်ဖီ)၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးနိုင်ဦးနှင့် အဖွဲ့ဝင်များသည် သဗျာကျေးရွာအနီးရှိ ထားဝယ်ရွှေပြည် အရည်အသွေးမြင့်ရော်ဘာထုတ်စက်ရုံ၌ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ဒေသမှ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများနှင့် တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲတွင် အမြဲတမ်းအတွင်းဝန်က မြန်မာ့ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအကြောင်း၊ ရေရှည်တည်တံ့သော မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုဖြစ်လာရန်နှင့် မူဝါဒများအကြောင်းကို ရှင်းလင်းပြောကြားပြီး ရော်ဘာလုပ်ငန်းရှင်များအနေဖြင့် ရော်ဘာလုပ်ငန်းနှင့် ပတ်သက်သည့် အခက်အခဲများကို ဆွေးနွေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးတို့က ရော်ဘာလုပ်ငန်းများအကြောင်း ဖြည့်စွက်ဆွေးနွေးကြပြီး တိုင်းဒေသကြီး ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၏ နာယက ဦးသန်းစိန်က ဒေသအတွင်း ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု အခြေအနေများကိုလည်းကောင်း၊ ထားဝယ်ခရိုင် ရော်ဘာစိုက်ပျိုး ထုတ်လုပ်မှုအသင်း ဥက္ကဋ္ဌ ဦးအောင်မျိုးက ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုအခြေအနေနှင့် ရော်ဘာအစေးရည် ဝယ်ယူရရှိမှု အခြေအနေများကိုလည်းကောင်း တင်ပြဆွေးနွေးသည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများသည် အရည်အသွေးမြင့် ရော်ဘာစက်ရုံအတွင်း ရော်ဘာထုတ်လုပ်နေမှု အဆင့်ဆင့်ကို ကြည့်ရှုလေ့လာပြီး ထားဝယ်မြို့သပြေချောင်းကျေးရွာရှိ ရော်ဘာသစ်ပေါင်းစက်ရုံသို့လည်း သွားရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## မသန်စွမ်းသူများအရေး လက်တွေ့ဆောင်ရွက်ပေးနိုင်ရေး သင်တန်းဖွင့်

**တောင်ငူ မတ် ၁၅**
တောင်ငူမြို့မသန်စွမ်းသူများအသင်းက ဦးဆောင် စီစဉ်မှုဖြင့် မသန်စွမ်းသူများအရေး လက်တွေ့ဆောင်ရွက်ပေးနိုင်ရေး သင်တန်းကို မတ် ၁၄ ရက်က တောင်ငူမြို့ မသန်စွမ်းသူများရိပ်မြုံ ခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းတွင် ရန်ကုန်မြို့မှ မသန်စွမ်းသူများ အကျိုးဆောင် နည်းပြ ဦးမျိုးအောင်က မသန်စွမ်းဖြစ်ရခြင်း၏ အကြောင်းများ၊ မသန်စွမ်း အမျိုးသမီးများ ကြုံတွေ့နေရသည့် အခက်အခဲများနှင့် အတားအဆီးများ၊ မသန်စွမ်းဥပဒေဆိုင်ရာများ၊ မသန်စွမ်းသူများ အတူတကွ ပါဝင်လာနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးရေး အကြောင်းများ စသည်တို့ကို မတ် ၁၄ ရက်မှ မတ် ၁၅ ရက်အထိ နှစ်ရက်ကြာ သင်ကြားပို့ချခဲ့သည်။



သင်တန်းသို့ တောင်ငူခရိုင် အမျိုးသမီးရေးရာအဖွဲ့၊ ကရင်အမျိုးသမီးများအဖွဲ့၊ တောင်ငူခရစ်ယာန်အဖွဲ့၊ အစ္စလာမ်ဘာသာဝင်များအသင်း၊ မသန်စွမ်း ကိုယ်ထူကိုယ်ထအဖွဲ့၊ NGO အဖွဲ့များ၊ အဖြူရောင်နှလုံးသားသွေးအလှူရှင်များအသင်းနှင့် စေတနာ့ရှင် ဝန်ထမ်း စုစုပေါင်း ၃၀ တက်ရောက်သင်ကြားခဲ့ကြပြီး သင်တန်းတက်ရောက်သူများအနေဖြင့် သင်တန်းမှ ပို့ချ ချက်များအပေါ် အခြေခံကာ မသန်မစွမ်းသူများအရေးကို လက်တွေ့ဆောင်ရွက်ကာ ထောက်ပံ့မှုများပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## မူခင်းဖြစ်ပွားမှုကျဆင်းရေး အသိပညာပေးဟောပြော

**ရေး မတ် ၁၅**
မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းထွန်းဦး၊ ရေးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်ညိုတို့၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာတို့တွင် မူခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် မူခင်းအသိပညာပေးဟောပြောပွဲများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မတ် ၁၁ ရက် နံနက် ၈နာရီက ရေးမြို့ အောင်မေတ္တာရပ်ကွက် ဗိုလ်ချုပ်လမ်းထိပ်၌ မူခင်းအသိပညာပေး ပြခန်းယာဉ်ဖြင့် အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် ရေးမြို့မရဲစခန်းမှူး ဒုတိယရဲမှူး အေးမြင့်က မူခင်းကျဆင်းရေး၊ အမှုကြီးများမဖြစ်ပွားစေရေးနှင့် သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားစေရေးအကြောင်းကိုလည်းကောင်း၊ အမှတ် ၉ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (မော်လမြိုင်) ရဲအုပ် ကျော်သူလွင်က လူကုန်ကူးမှုဆိုင်ရာ ပြစ်မှု/ပြစ်ဒဏ်များအကြောင်းအားလည်းကောင်း၊ ရေးမြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုတိယရဲအုပ်မျိုးမင်းသန့်က မူးယစ်ဆေးဝါးအန္တရာယ်နှင့် ဆိုးကျိုးများအကြောင်းကိုလည်းကောင်း ဟောပြောခဲ့ကြသည်။

**ကျော်သန်း (မော်လမြိုင်)**

## မီးဘေးကြိုတင်ကာကွယ်ရေး လိုက်လံနှိုးဆော် စက်သုံးဆီအရောင်းဆိုင်များ စစ်ဆေး

**မြဝတီ မတ် ၁၅** ကရင်ပြည်နယ် မြဝတီမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့ပေါ်ရပ်ကွက်များရှိ မီးသတ်ရေလှောင်ကန်များကို မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးသူရိန်ဝင်းဦးစီးသော မီးသတ်တပ်ဖွဲ့ဝင်များက ရေများဖြည့်တင်းခြင်း၊ မြို့ပေါ်နှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ လှည့်လည်ကြေညာပညာပေးမှုများကို မတ် ၁၃ ရက်က စတင်ဆောင်ရွက်ခဲ့သည်။

ပူပြင်းခြောက်သွေ့သောပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်၍ မိဘပြည်သူများ၏ အသက်၊ အိုးအိမ်၊ ပစ္စည်းဥစ္စာများနှင့် နိုင်ငံပိုင် ပစ္စည်းများမီးဘေးအန္တရာယ်ကြောင့် ပျက်ဆီးဆုံးရှုံးမှုမရှိစေရန်အတွက် မီးဘေးကြိုတင်ကာကွယ်ရန်သတိပေးမှုများကို မြို့နယ်မီးသတ် ဦးစီးမှူးဦးသူရိန်ဝင်း ဦးဆောင်သည့်မီးသတ်တပ်ဖွဲ့ဝင်များက လိုက်လံသတိပေးကြေညာခြင်းနှင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်နည်းများကို ပြသဆောင်ရွက်ခြင်းတို့အပြင် စက်သုံးဆီအရောင်းဆိုင် ၂၉ ဆိုင်တို့ကိုလည်း မီးသတ်ဆေးဘူးများဖြင့်အသုံးပြုပြသခြင်း၊ မီးသတ်ဆေးဘူးများ စစ်ဆေးခြင်းတို့ကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **သိန်းသန်းဌေး**

ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း (၁၁၂)

# တရားမျှတမှုကို ငြင်းဆိုခြင်း



ဦးဟန်ညွန့် (ဥပဒေ)




**မှုခင်းကိစ္စတွေ**

"မှုခင်းကိစ္စတွေနဲ့ ပတ်သက်ပြီးပြောရရင် တရားလိုနစ်နာသူက တင်ပြတိုင်ကြားရင် ချက်ချင်း လက်ခံဆောင်ရွက်ပေးဖို့၊ စွပ်စွဲခံရသူကို ထိန်းသိမ်းပြီးနောက်မှာ ရှေ့နေနဲ့အမြန်ဆုံးတွေ့ဆုံနိုင်ဖို့၊ တိုင်ပင်ဆွေးနွေးနိုင်ဖို့ ခွင့်ပြုရမှာဖြစ်ပါတယ်။ တရားရုံးသို့ အမှုစွဲဆိုတင်ပို့ရာမှာ နှောင့်နှေးခြင်းမရှိစေဖို့နဲ့ စွပ်စွဲခံရသူရဲ့ အခွင့်အရေးတွေကို အပြည့်အဝရရှိစေဖို့ ဆောင်ရွက် ပေးရပါမယ်။ တစ်ဖက်မှာလည်း တရားလိုနစ်နာသူအတွက် ဥပဒေနှင့်အညီ ကုစားခွင့်တွေရရှိဖို့ ကြိုးပမ်းဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ တရားမျှတမှု ဖော်ဆောင်ရန် နှောင့်နှေးခြင်းသည် တရားမျှတမှုကို ငြင်းဆိုခြင်းဖြစ်သည်။

(Justice Delayed is Justice Denied) ဟူသည့် ဆိုရိုးစကားကို အလေးထားရပါမယ်။"

**[တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး ညီလာခံ ၇-၃-၂၀၁၈တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်၏ ပြောကြားချက်မှ ကောက်နုတ်ချက်]**

**တရားဥပဒေစိုးမိုးရေး**

တရားဥပဒေစိုးမိုးရေးဟူသော ကြွေးကြော်သံသည် ညီညွတ်သည်။ မကွဲပြား။ ထူးခြားစွာစည်းလုံးသည်။ ပြည်သူကြိုက်သည်။ အများလက်ခံသည်။ အများကြိုဆိုသည်။ လူတိုင်းလက်ခံသည်။

**ဥပဒေအထက်တွင် မည်သူမျှ မရှိစေရ**

ဥပဒေရှေ့မှောက်တွင် လူတိုင်းတန်းတူညီမျှဖြစ်သည်။ ဥပဒေအထက်တွင် မည်သူမျှမရှိစေရ။ လူတိုင်းဥပဒေကို လေးစား လိုက်နာရမည်။ ဆင်းရဲချမ်းသာမခွဲခြားပါ။

**ဥပဒေစိုးမိုးရေးအကျိုးကျေးဇူးများ**

၁။ နိုင်ငံတော်ဝန်ထမ်းများ၏ လုပ်ဆောင်မှုတိုင်းသည် ဥပဒေဖြင့် ထိန်းချုပ်ဆောင်ရွက်သည်။

၂။ နိုင်ငံသားအားလုံးအား ရာဇဝတ်မှု၊ အလွဲသုံးစားမှု၊ အကြမ်းဖက်မှုများမှ ကာကွယ်ပေးသည်။

၃။ နိုင်ငံသားအားလုံးသည် တူညီသောအခွင့်အရေးနှင့် အခွင့်ထူးများ ရရှိခံစားနိုင်သည်။

၄။ နိုင်ငံသားအားလုံးသည် ဥပဒေနှင့်အညီ စီရင်ခံပိုင်ခွင့်ရှိသည်။

၅။ နိုင်ငံသားအားလုံးသည် ဥပဒေချိုးဖောက်ပါက တူညီသောဥပဒေဖြင့် စီရင်ခံရမည်။

**ရှေ့နေငှားခွင့်**

စွပ်စွဲခံရသူ (တရားခံ)အနေဖြင့် ရှေ့နေငှားခွင့်ရှိသည်။ ညှိနှိုင်းတိုင်ပင်ခွင့်ရှိသည်။ ဥပဒေ အကာအကွယ်ရပိုင်ခွင့်ရှိသည်။ ငွေကြေး မတတ်နိုင်သူများ၊ နွမ်းပါးသူများအနေဖြင့် ရှေ့နေငှားရန် ခက်ခဲတတ်သည်။ ထိုအခါ ဥပဒေ အထောက်အကူပြုအဖွဲ့များက ကူညီကြရသည်။ ဥပဒေအသိပညာပေးကြရသည်။ အကြံပြုကြရသည်။ ပဋိပက္ခ ရှင်းပြပေးကြရသည်။

**တန်းတူညီမျှ**

ဥပဒေကို လူတိုင်းလေးစားလိုက်နာရသည်။ ချိုးဖောက်လျှင် ချိုးဖောက်သည့်အတိုင်း တန်းတူပြစ်ဒဏ်ခံရသည်။ လူတိုင်းအပေါ် တန်းတူညီမျှ သက်ရောက်သည်။ ဥစ္စာဓန ချမ်းသာခြင်း၊ သြဇာအာဏာကြီးခြင်းတို့ကို အခြေမခံပါ။ ဒီမိုကရေစီတွင် ဥပဒေများသည် တန်းတူညီမျှစွာ၊ တရားမျှတစွာ၊ ရှေ့နေညီညွတ်စွာ အသက်ဝင်နေပေသည်။

**တရားစီရင်ရေးနယ်ပယ်**

တရားစီရင်ရေးနယ်ပယ်သည် ပြည်သူ့ဘဝ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ အသက်တစ်ရာမနေရ သော်ငြား အမှုတစ်ရာဖြစ်တတ်သည်။ ကြုံတတ်သည်။ တရားရင်ဆိုင်ရတတ်သည်။ ထိုအခါ တရားစီရင်ရေး၏ နယ်ပယ်အကြောင်း သိရသည်။ မြင်ရသည်။ ကိုယ်တွေ့ ကြုံရသည်။

ပြည်သူအများ ယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြု တရားစီရင်ရေးစနစ် ဖြစ်ရပေမည်။ အမှုအခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ကြရပေသည်။ တရားရုံးများ၏ ဂုဏ်သိက္ခာ မြှင့်တင်ရပေသည်။ သာတူညီမျှမှုနှင့် တရားမျှတမှု တရားစီရင်ရေး လွတ်လပ်မှုနှင့် ဂုဏ်သိက္ခာရှိမှု၊ လက်လှမ်း မီနိုင်မှု၊ မြန်ဆန်ထိရောက်မှုနှင့် အချိန်မီဆောင်ရွက်မှုတို့မှာ တရားစီရင်ရေးစနစ်၏ တန်ဖိုးများ ဖြစ်ပေသည်။

**မဟာဗျူဟာနယ်ပယ် ၅ ရပ်**

တရားစီရင်ရေး၏ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ တန်ဖိုးများ ရရှိအောင်မြင်စေရန်အတွက် မဟာဗျူဟာလုပ်ငန်းနယ်ပယ်ငါးရပ်ကို အောက်ပါအတိုင်း သတ်မှတ်ထားသည်-

(၁) တရားရုံးဝန်ဆောင်မှုများ အများပြည်သူ လက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေး ဆောင်ရွက်ပေးရန်

(၂) အများပြည်သူ၏ အသိအမြင်ကို မြှင့်တင်ပေးရန်

(၃) တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် စီမံခန့်ခွဲမှု စွမ်းရည်မြှင့်တင်ရန်

(၄) တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေးရန်

(၅) ထိရောက်သော မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးက ဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန်တို့ဖြစ်သည်။

**သာတူညီမျှမှု**

မြန်မာနိုင်ငံ တရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ်၊ အခန်း ၂ တွင် သာတူညီမျှရှိမှုအကြောင်း အောက်ပါအတိုင်း ဖော်ပြသည်-

**အခြေခံမှု**

တရားစီရင်ရေးလုပ်ငန်းတာဝန်ကို ထမ်းဆောင်ရာတွင် တရားရုံးရှေ့မှောက်၌ လူတိုင်းအပေါ် သာတူညီမျှရှိခြင်းသည် မရှိမဖြစ် လိုအပ်သည်။

သာတူညီမျှရှိခြင်း၏ လိုအပ်ချက်များတွင်လည်း အောက်ပါတို့ပါဝင်သည်ဟု ဖော်ပြထားသည်။

"တရားသူကြီးများသည် လူတိုင်းအပေါ်တွင် လူမျိုးစုဆိုင်ရာနောက်ကြောင်း၊ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာမှု သို့မဟုတ် မသန်စွမ်းမှုတို့ကို အကြောင်းပြု၍ မမျှတသော ခွဲခြားဆက်ဆံမှုမရှိဘဲ လျော်ကန်သင့်မြတ်သော စဉ်းစားဆင်ခြင်တွေးခေါ်မှု၊ နားလည်မှုတို့ဖြင့် တရားစီရင်ရေးတာဝန်ကို ဆောင်ရွက်ရမည်။

တရားသူကြီးတစ်ဦးသည် မိမိ၏ တရားစီရင်ရေးတာဝန်ကို ကြောက်ရွံ့ပူပန်ခြင်း၊ မျက်နှာသာပေးခြင်း၊ မလိုမုန်းထားခြင်းတို့ မရှိစေဘဲ ဆောင်ရွက်ရမည်။"

**ဥပဒေအရာရှိများ**

ဥပဒေအရာရှိကျင့်ဝတ် အခန်း ၆ တန်းတူညီမျှရှိခြင်း ခေါင်းစဉ်အောက်တွင် အောက်ပါအတိုင်း ဖော်ပြသည်-

(က) လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ အသားအရောင်၊ လိင်၊ ယုံကြည်ချက်၊ ဘာသာစကား၊ ရာထူး၊ အဆင့်အတန်း၊ ပညာအရည်အချင်း၊ အိမ်ထောင်ရေးအခြေအနေ၊ ဆင်းရဲချမ်းသာနှင့် မသန်စွမ်းမှုတို့ကို အကြောင်းပြု၍ ခွဲခြားဆက်ဆံခြင်းမှ ရှောင်ကြဉ်ရမည်။

(ခ) မည်သူ့ကိုမဆို ဥပဒေအရ ရထိုက်ခွင့်ရှိသော အခွင့်အရေးနှင့် ဥပဒေ၏ အကာအကွယ်များ တန်းတူညီမျှ ရရှိစေရန် အလေးထားရမည်။

(ဂ) လူ့ဂုဏ်သိက္ခာကို လေးစားလိုက်နာပြီး လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရမည်။

(ဃ) တရားမျှတမှုနှင့် သာတူညီမျှမှုတို့ကို အခြေခံသော စိတ်ကောင်းစေတနာဖြင့် မိမိလုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရမည်။

**နှောင့်နှေးခြင်း**

- တရားမျှတမှုကို လူတိုင်းလိုချင်သည်။
- တရားမျှတမှုအတွက် ရင်ဆိုင်နေကြခြင်းလည်းဖြစ်သည်။ ရှေ့နေ၊ သက်သေ၊ စပ်ဆိုင်သူမှန်သမျှ တာဝန်မကင်းစေရ။
- တရားလို၊ တရားခံယှဉ်ပြိုင်နေကြဆဲ။
- သူမှန်၊ ငါမှန်၊ အမှန်တရားဘယ်သွားထားမလဲ။ ဘယ်သူမှန်သလဲ။
- စီရင်ချက်၊ စီရင်ဆုံးဖြတ်ချက်ကို နားစွင့်နေကြသည်။ အလေးဂရုပြုကြသည်။
- တရားမျှတပါရဲ့လား။
- တရားမျှတမှုဖော်ဆောင်ဖို့ အချိန်ဆွဲမနေသင့်။ မနှောင့်နှေးသင့်။ မကြန့်ကြာသင့်။ မညစ်ပတ်သင့်။ သန့်ရှင်းသင့်။ ချို့ယွင်းချက် မှန်သမျှ ပြုပြင်သင့်။

**စေတနာ**

တရားမျှတမှုကို အလိုရှိကြကုန်သော၊ တရားမျှတမှုကို ဖော်ဆောင်နေကြကုန်သော တာဝန်ရှိသူအပေါင်းသည် သတိလက်လွတ်မဖြစ်သင့်။ နှောင့်နှေးမှုမဖြစ်သင့်။ ကြန့်ကြာမှုမဖြစ်သင့်။ တရားမျှတမှုညီလာခံကြီးမှ ထိုးဖောက်ညွှန်ပြလာသည့် ဆင်ခြင်တုံတရားကို စဉ်းစားတွေးခေါ်မိသော ကျွန်တော်၏ စေတနာဥပဒေအတွေးမျှသာပါ...။ ။

> "ပြည်သူအများ ယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြု တရားစီရင်ရေးစနစ် ဖြစ်ရပေမည်။ အမှုအခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ကြရပေသည်။ တရားရုံးများ၏ ဂုဏ်သိက္ခာမြှင့်တင်ရပေသည်။ သာတူညီမျှမှုနှင့် တရားမျှတမှု တရားစီရင်ရေး လွတ်လပ်မှုနှင့် ဂုဏ်သိက္ခာရှိမှု၊ လက်လှမ်းမီနိုင်မှု၊ မြန်ဆန်ထိရောက်မှုနှင့် အချိန်မီဆောင်ရွက်မှုတို့မှာ တရားစီရင်ရေးစနစ်၏ တန်ဖိုးများဖြစ်"

## ဒေသရင်းဖွားမျိုးစိတ်ဖြစ်သော တိုက်လိပ် ၃၀ ကို ချင်းတွင်းမြစ်အထက်ပိုင်း၌ ပြန်လွှတ်ပေးခဲ့

**နေပြည်တော် မတ် ၁၅**

တိုက်လိပ်များထိန်းသိမ်းစောင့်ရှောက်ရေးကို သစ်တောဦးစီးဌာနနှင့်အတူ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)၊ လိပ်မျိုးဆက်ရှင်သန်ရေးအဖွဲ့ (TSA) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ချင်းတွင်းမြစ်အထက်ပိုင်းတွင် မတ် ၁၃ ရက်က မြန်မာနိုင်ငံ၏ ဒေသရင်းဖွားမျိုးစိတ်ဖြစ်သော တိုက်လိပ် ၃၀ ကို ပြန်လွှတ်ပေးခဲ့ကြောင်း ယင်းအဖွဲ့မှ သိရသည်။



ဓာတ်ပုံ - WCS

အခြားနိုင်ငံများတွင် မတွေ့ရသော မြန်မာနိုင်ငံတွင်သာရှိသည့် ဒေသရင်းဖွားမျိုးစိတ် (Batagur trivittata) မြန်မာ့တိုက်လိပ် (ခေါ်) လိပ်ခုံးမှာ မျိုးသုဉ်းလုနီးပါး အန္တရာယ်ရှိသောအဆင့် သတ်မှတ်ထားသည့် ရှားပါးလိပ်ဖြစ်သည်။ တိုက်လိပ်များကို ချင်းတွင်းမြစ်ထဲသို့ အပြီးမလွှတ်မီ ယင်းမြစ်အတွင်း ဆောက်လုပ်ထားသည့် ခြံထဲတွင် ညင်သာစွာ စေလွှတ်ခြင်း အစီအစဉ်ဖြင့် နှစ်လလွှတ်ထားပြီး နောက်မှသာ Telemetry စက်တပ်ဆင်ထားသော အဆိုပါတိုက်လိပ်များကို မြစ်ထဲသို့ အပြီးလွှတ်မည် ဖြစ်ကြောင်း သိရသည်။

ရှေးယခင်က တိုက်လိပ်များကို ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်နှင့် သံလွင်မြစ်အောက်ပိုင်းတို့တွင် ပေါများစွာ တွေ့ရှိခဲ့ရသော်လည်း လိပ်ဥများကို ဖော်ယူစားသုံးခြင်း၊ အရွယ်ရောက်ပြီးသော လိပ်များကို ဖမ်းဆီးစားသောက်ခြင်းနှင့် ငါးဖမ်းကိရိယာများတွင် မတော်တဆငြိ၍ သေဆုံးခြင်းများကြောင့် ယခုအခါတွင် ချင်းတွင်းမြစ်အထက်ပိုင်းရှိ ထမံသီဘေးမဲ့တောဝန်းကျင်ဒေသတွင်သာ တွေ့ရှိရတော့ကြောင်း သိရသည်။

သဘာဝမြစ်ချောင်းအင်းအိုင်များအတွင်း တိုက်လိပ်များ ပြန်လွှတ်ခြင်းကို ၂၀၀၇ ခုနှစ်တွင် ၁၀ ကောင်၊ ၂၀၁၁ ခုနှစ်တွင်ခုနစ်ကောင်၊ ၂၀၁၃ ခုနှစ်ထဲတွင် အကောင် ၆၀ နှင့် ယခု ၂၀၁၈ ခုနှစ်တွင် နောက်ဆုံးအကြိမ်အဖြစ် အကောင် ၃၀ ပြန်လွှတ်ခြင်းဖြစ်ကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)မှ သိရသည်။

ဇင်ဦး(မြန်မာ့အလင်း)

## ဆူညံဆိုင်ကယ်အိတ်ဇောများကြောင့် ပြည်သူများစိတ်ညစ်ရ

**မယ်စဲ့ မတ် ၁၅**

ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ်သည် ထိုင်းနိုင်ငံနှင့်နီးစပ်သည့် နယ်စပ်မြို့ဖြစ်ပြီး ရုံးဌာနအသီးသီးမှလည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် ရွှေ့ပြောင်းအလုပ်သမားများ လာရောက်အလုပ်လုပ်ကိုင်လျက်ရှိသည်။

အဆိုပါ အလုပ်သမားများမှ အသံထိန်းကိရိယာမပါသည့်အသံဆူညံဆိုင်ကယ်အိတ်ဇောများဖြင့် မြို့တွင်းလမ်းတစ်လျှောက်အရှိန် ပြင်းစွာမောင်းနှင်ခြင်း၊ ညအချိန်များတွင် အသံဆူညံစွာ မောင်းနှင်ခြင်းတို့ကြောင့် အများပြည်သူများအထိတ်တလန့်နှင့် စိတ်အနှောင့်အယှက်ဖြစ်ရကြောင်း မြို့နေဒေသခံတစ်ဦးက ပြောသည်။

မြို့နယ်(ပြန်/ဆက်)

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ် ၅ ဓာတ်မြေဩဇာစက်ရုံ(ကန်ကြီးထောင့်)မှ ထုတ်လုပ်ပြီး ယူရီးယားဓာတ်မြေဩဇာများနှင့် (၁)လအတွင်းထပ်မံထွက်ရှိမည့် ယူရီးယားဓာတ်မြေဩဇာစုစုပေါင်း ၅၀၀၀တန်(တန်ငါးထောင်)ခန့်အား(၁)လအတွင်းထုတ်ယူသည့် စနစ်ဖြင့် တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ရာ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက် အချိန်နှင့်နေရာ** - ၉-၄-၂၀၁၈(တနင်္လာနေ့) ၁၂:၀၀နာရီ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း (ရုံးချုပ်)၊ ရုံးအမှတ် ၄၄၊ နေပြည်တော်

၃။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၉-၄-၂၀၁၈ရက် ၁၄:၀၀နာရီ

၄။ တင်ဒါစည်းကမ်းချက်နှင့် တင်ဒါပုံစံများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ Website(www.moce.gov.mm)တွင် ၂၆-၃-၂၀၁၈ရက်မှစ၍ ဝင်ရောက်ကြည့်ရှုပြီး Download ရယူနိုင်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန ဖုန်း-၀၆၇-၃၄၁၁၀၈၂၊ ၀၆၇-၃၄၁၁၀၉၃သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ ပေ (၆၀×၆၀)၊ မြေကွက်အမှတ် (ဒ-၄၆၉၀)ကို နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဦးအောင်မြင့်(ဘ) ဦးညွန့်၊ ၉/လဝန(နိုင်)၀၃၇၇၁၂အား ခွင့်ပြုချထားပေးခဲ့ပြီး ဦးအောင်မြင့်မှ ဒေါ်စန်းစန်းမော်သို့လည်းကောင်း၊ ဒေါ်စန်းစန်းမော်မှ ဦးသန်းလှိုင်(ဘ)ဦးသိန်းအောင် ၉/လဝန(နိုင်)၁၁၁၅၇၄သို့လည်းကောင်း အရောင်းအဝယ်ကတိစာချုပ်များဖြင့် အဆင့်ဆင့်ရောင်းဝယ်ခဲ့ပြီး အဆိုပါမြေကွက်၏ မြေပေးမိန့်ကို ၎င်းအား ခွင့်ပြုထုတ်ပေးပါရန် နောက်ဆုံးဝယ်ယူထားသူ ဦးသန်းလှိုင်(ဘ)ဦးသိန်းအောင်မှ မြေနေရာချထားသည့်စလစ်မူရင်း၊ အဆင့်ဆင့်အရောင်းအဝယ်စာချုပ်မူရင်း၊ ဝယ်ယူပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်းများ တင်ပြပြီး လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အဆိုပါမြေကွက်၏ မြေပေးမိန့်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားသူ ဦးသန်းလှိုင်အား ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
## ရုံးအမှတ် ၅၃၊ နေပြည်တော်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ အိုဇုန်းလွှာပျက်စီးစေသော ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန်သုံးစွဲမှု လျှော့ချရပ်ဆိုင်းရေးစီမံခန့်ခွဲမှုလုပ်ငန်းစီမံကိန်း (Hydrochlorofluorocarbon Phase-out Management Plan-HPMP)နှင့် ဖွဲ့စည်းမှုအင်အားဖြည့်ဆည်းရေးစီမံကိန်း (Institutional Strengthening IS) များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါအိုဇုန်းဆိုင်ရာကိစ္စရပ်များ အချိန်ပြည့်ထိရောက်စွာအကောင်အထည်ဖော်ရေးနှင့် စီမံခန့်ခွဲဆောင်ရွက်နိုင်ရေးအတွက် Technical Officer(၁)ဦးနှင့် Finance Officer (၁)ဦးတို့အား ပြင်ပမှရွေးချယ်ခန့်ထားရန်ရှိပါသဖြင့် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့်ပြည့်မီသည့် စိတ်ပါဝင်စားသူများသည် ကိုယ်ရေးအချက်အလက်၊ လက်ရှိအလုပ်လုပ်ကိုင်နေသူဖြစ်ပါက သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အကြီးအကဲ၏ထောက်ခံချက်၊ အသေးစိတ်အချက်အလက်များနှင့်အတူ ၂၀၁၈ခုနှစ် ဧပြီ ၂၀ရက်နောက်ဆုံးထားပေးပို့လျှောက်ထားနိုင်ပါသည်-

(က) **သတ်မှတ်အရည်အချင်း (Technical Officer)**
- (၁) ပတ်ဝန်းကျင်ဆိုင်ရာ ဘွဲ့ သို့မဟုတ် သိပ္ပံ၊ အင်ဂျင်နီယာနှင့် အခြားဆက်စပ်ပညာရပ်ဆိုင်ရာဘွဲ့ရရှိသူဖြစ်ရမည်။ (မဟာသိပ္ပံဘွဲ့ရရှိသူကို ဦးစားပေးမည်)
- (၂) သက်ဆိုင်ရာနယ်ပယ်၌ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃)နှစ်ရှိရမည်ဖြစ်ပြီး စီမံကိန်းအကောင်အထည်ဖော်မှုဆိုင်ရာ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။
- (၃) ကွန်ပျူတာ (Microsoft Word, Excel) ကျွမ်းကျင်ရမည်ဖြစ်ပြီး မြန်မာဘာသာ (Myanmar 3)ဖြင့် ရုံးစာအရေးအသားကျွမ်းကျင်ရမည်။
- (၄) အင်္ဂလိပ်ဘာသာ(အရေး/အပြော)ကျွမ်းကျင်သူဖြစ်ရမည်။
- (၅) ဆက်ဆံရေးကောင်းမွန်ပြေပြစ်၍ သက်ဆိုင်ရာဆက်စပ်ဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရမည်။
- (၆) အစိုးရဝန်ထမ်းမဟုတ်သူဖြစ်ရမည်။
- (၇) ကျန်းမာရေးကောင်းမွန်ပြီး ပြည်တွင်းခရီးသွားလာနိုင်သူဖြစ်ရမည်။

(ခ) **သတ်မှတ်အရည်အချင်း (Administration and Finance Officer)**
- (၁) စာရင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ဒီပလိုမာ(သို့)တက္ကသိုလ်မှ ဘွဲ့ရရှိရမည်။
- (၂) သက်ဆိုင်ရာနယ်ပယ်၌ လုပ်သက်အနည်းဆုံး(၂)နှစ်ရှိရမည်ဖြစ်ပြီး စီမံကိန်းအကောင်အထည်ဖော်မှုဆိုင်ရာ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။
- (၃) ကွန်ပျူတာ (Microsoft Word, Excel) ကျွမ်းကျင်ရမည်ဖြစ်ပြီး မြန်မာဘာသာ (Myanmar 3)ဖြင့် ရုံးစာအရေးအသားကျွမ်းကျင်ရမည်။
- (၄) အင်္ဂလိပ်ဘာသာ(အရေး/အပြော)ကျွမ်းကျင်သူဖြစ်ရမည်။
